
စိတ်ကူးချိုချိုအနုပညာ

# ခင်နှင်းယု

## အားနွဲ့သူပါရှင်

မဂ္ဂဇင်းဝတ္ထုရှည်များ



အရိုင်းနဲ့အယဉ်၊ နဂါးငွေ့တန်း၊ နွားတစ်ထောင်၊
စိမ်းသင့်မှစိမ်း၊ မြင်စမ်းပါလှည့် မောင်၊
မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်၊ အားနွဲ့သူပါရှင်

mgyoe.com

# ခင်နှင်းယု

မဂ္ဂဇင်းဝတ္ထုရှည်များ

အရိုင်းနဲ့အယဉ်၊ နဂါးငွေ့တန်း၊ နွားတစ်ထောင်၊
စိမ်းသင့်မှစိမ်း၊ မြင်စမ်းပါလှည့် မောင်၊
မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်၊ အားနွဲ့သူပါရှင်

ISBN 9789997114563
KHY5
9 789997 114563
3,000.00KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို၊ ပန်းချီ - သန်းလွင်
၂၀၁၃၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၀၀၀ ကျပ်

၀၉၅ · ၀၃

အားနွဲ့သူပါရှင်ဝတ္ထုရှည်များ
ခင်နှင်းယု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၃၁၄ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) အားနွဲ့သူပါရှင်မဂ္ဂဇင်းဝတ္ထုရှည်များ

mgyoe.com

mgyoe.com

# အားနွဲ့သူပါရှင်

မဂ္ဂဇင်းဝတ္ထုရှည်များ


| | |
|---|---|
| အရိုင်းနဲ့အယဉ် | ၁ |
| နဂါးငွေတန်း | ၄၇ |
| နွားတစ်ထောင် | ၈၇ |
| စိမ်းသင့်မှစိမ်း | ၁၃၉ |
| မြင်စမ်းပါလှည့်မောင် | ၁၈၅ |
| ပျော်လင့်လို့ဖြင့်မဆုံးနိုင်တယ် | ၂၃၃ |
| အားနွဲ့သူပါရှင် | ၂၇၃ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အရိုင်းနဲ့ အယဉ်

**ခင်နှင်းယု**

*ဖြစ်ပါရစေ*
*ဘဝကလျှင်*
*မြသားစိမ့်ယို*
*စမ်းရေညိုသို့*
*ငါကပင်လည်း*
*ငွေစင်လျှာဆင့်*
*ပန်းတစ်ပွင့်သာ*
*ဖြစ်လိုက်ပါတော့*
*ရေညိုရွှေ့ရာ*
*ငါမျောကာနှင့်*
*ဝတ်လျှာပြင်ထက်*
*တစ်မွေးစက်၏*
*ရေယက်သံလား*
*တေးသံလားထင့်*
*ကမ်းပါးရေးရေး*
*စိမ်းညိုသွေးက*
*ငှက်တေးရင့်ရှု*
*ရေနတ်သူ့လည်း*

mgyoe.com

mgyoe.com

*ပွင့်ဖြူပုလဲ*
*ရေမှာကြဲ၍*
*သည်းထဲလိုက်ယူ*
*ငါကိုဖြူ၏*
*အိပ်မက်ခန်းဝယ်၊ ချမ်းမြေ့ရွှန်းစို*
*ပျော်သလိုနှင့်၊ ကမ်းကိုမမြင်*
*လမ်းမမြင်တည့်၊*
*နေပါရစေ၊ ရေညှိခွေတွင်*
*မျောချင်တိုင်းသာ၊ မျောရပါမူ*
*စက်ရာဘဝ၊ အိပ်မက်ကပင်*
*မနိုးချင်တော့၊*

ဖြစ်စေချင်တိုင်းသာဖြစ်ရမည်ဆိုလျှင် မလေးနသည် ပန်းပွင့်လေးတစ်ပွင့်သာ ဖြစ်လိုက်ချင်၏၊

ဘဝကိုလည်း စမ်းချောင်းကလေးတစ်ခု ဖြစ်စေချင်သည်၊ စမ်းရေညှိက တရွေ့ရွေ့စီးသရွေ့ ပန်းပွင့်လေးက လိုက်ပါ၍ သွားချင်သည်၊ မျောချင်တိုင်း မျောပါရစေတော့၊

အမှန်တော့ သူ့စိတ်ကူးသည် အိပ်မက်ဆန်လွန်းလှပေသည်၊ မနိုးသောအိပ်ခြင်းဖြင့် အိပ်၍ အစဉ်အိပ်မက် မက်ချင်လှသည်၊

ဘာကိုပဲဖြစ်ဖြစ် တွေ့ထိရမှာကို ကြမ်းသလိုဖြစ်နေသည်၊

ဒါပေမဲ့.. အိပ်မက်ဆိုသည်မှာ ခဏသာပင် ဖြစ်လေသည်၊

သူက ပန်းပွင့်လို မျော၍ပင် ယခုလည်း တစ်ဘဝပြောင်းခဲ့ရပြန်သည်၊ ဘဝသစ် ဖန်တီးရေးအဖွဲ့တွင် ဆေးဘက်တာဝန်ခံအဖြစ်နှင့် နာဂတောင်တန်းကို ခရီးထွက်ခဲ့ရပြန်သည်၊ လမ်းတစ်လျှောက်လုံးလည်း မလေးနသည် ရယ်ချင်၏၊ နာဂတောင်လမ်းက သူ့ဘဝနှင့် တူလှသည်၊ တစ်ချက်ကလေး သက်သာသည်ဟု မရှိပေ၊

တောင်စောက်ကြီးကို ဆင်း၍ အပြင်းသွားရင်း တောင်ခြေကို ရောက်လျှင်တော့ အမောပြေမည်ဟု ထင်သည်၊

ဒါပေမဲ့ တောင်ခြေကို ရောက်လျှင်ရောက်ချင်း မတ်စောက်စောက် တောင်ကမ်းပါး၏အတက်ကို တွေ့ရပြန်သည်၊ အဆင်းမှာလည်း အဆင်းမို့ ခြေကို မြဲအောင် မနည်းကုပ်ရသည်၊ အတက်ကျပြန်တော့လည်း အားကုန်ခဲ၍ သွားရသည်၊ တစ်ချက်မျှ မသက်သာပါကလား၊

တောလမ်းတွင် သစ်ပင်တွေယှက်နေပေမယ့် ဖောချွေးတွေပြန်လာကြသည်၊ လောင်းဆောက်က ထွက်စကမူ တစ်ယောက်တစ်ပေါက်နှင့် စကားပြောမိကြသေးသည်၊ ယခုတော့ စကားပင် မပြောနိုင်ကြပေ၊

mgyoe.com

mgyoe.com

လောင်းဆောက်မှ တစ်မိုင်လောက်ခရီးကိုပင် အကြာကြီးဟု ထင်ကြရသည်။ မလေးနတို့လူစုသည် တောင်ထိပ်တစ်ခုကို ဖြတ်ကျော်၍ လာကြရင်း စမ်းရေစီးသံကို ကြားကြရသည်။

စမ်းရေသံသည် သူတို့ကို ပျော်၍လာအောင် တေးဆိုပေးသလို ဖြစ်လာသည်။ စမ်းရေရိပ်တွင်တော့ စကာအပန်းဖြေရပေမည်။ တဖြည်းဖြည်းနှင့် တောင်ကို ဆင်း၍လာကြသည်။ စမ်းရေသည် တောင်ကြားထဲမှ ရယ်မော၍နေသည်။ ကျောက်ဆစ်လေးတွေပေါ်မှ မြခက်ရေညှိကလေးတွေသည် စမ်းရေအောက်တွင် လှုပ်ရှားနေကြသည်။

ဒီနေရာရောက်ပြန်တော့လည်း ပန်းသမျှ အမောတွေ ပြေ၍သွားကြသည်။ ဒါပေမဲ့ မလေးနကတော့ စမ်းချောင်းလေး၏ အလှအပမှာ ဘိုင်စကုပ်ရိုက်ဖို့ကောင်းသည်ဟု ထင်သည်။ ဘိုင်စကုပ်ရိုက်ပြန်ရင်လည်း သူက မင်းသမီးလုပ်ချင်သည်။ မင်းသားကိုတော့ ကိုဖေအောင်ပဲ ဖြစ်စေချင်သည်။ ကိုဖေအောင်ကို လွမ်းလွမ်းနှင့် တောင်ကိုတက်ရင်း သူ့ အကြောင်းကို ပြောသွားရလျှင် ပန်းရမှန်း သိမည်မဟုတ်ပေ။ ဒါပေမဲ့ သူ့အကြောင်းကို ဘယ်သူကမျှလည်း မသိ၊ သူသည် တိတ်တိတ်ဆိတ်ဆိတ်ပင် ဆက်၍ ထွက်ခွာလာခဲ့ပေသည်။

ညနေ နေဝင်လုမှ ဟတ္ထိရွာကို သူတို့ စ၍ဝင်ကြသည်။ နာဂရွာသားတွေသည် သူတို့ကို ဝိုင်း၍ ကြည့်ကြသည်။ နာဂရွာနှင့် ယူအမ်ပီစစ်တပ်ရှိရာ တောင်ကုန်းနှစ်ခုကြားတွင်မှ သူတို့၏စခန်း ရှိလေသည်။

စခန်းရောက်လျှင် ဘယ်သူမျှ မလှုပ်ချင်ကြပေ။

❊

ပထမရောက်သူတို့က တောင်ကုန်းကို ရှင်းလင်းနှင့်ကြရသည်။ တောင်ကုန်းမှ နောက်ဘက်တောင်ကြားကို ကြည့်လိုက်လျှင် နန်းစလိမ်ချောင်းသည် ခဲသားရောင်ဖဲပြားကြီးလို ခွေခွေကြီး ငြိမ်၍နေသည်။ အဝေးက ကြည့်ရသည်မှာတော့ နန်းစလိမ်ချောင်းသည် တောင်ရိပ်ကို ခိုနေ၍ ချစ်စရာရေညှိလေး ဖြစ်ပေသည်။ ဒါပေမဲ့ တကယ်တော့ အေးစက်သောရေက ထိချင်စရာမရှိပေ။ စီးလိုက်သည့်ရေကလည်း ဒလဟောဖြစ်၍ ဝဲကတော့တွေကလည်း ချောင်းရိုးမှာ ကြောက်စရာဖြစ်နေသည်။

ပစ္စည်းတွေ သယ်လာသော နောက်တစ်သုတ်မှာ နန်းစလိမ်ချောင်းက လာကြရပေမည်။

တစ်ပတ်အတွင်းတွင် ရွက်ထည်တဲဖြူလေးတွေမှာ စခန်းတွင် ပြည့်၍သွားတော့သည်။

နာဂတို့နှင့် ဝင်ဆံ့ဖို့အတွက် ပထမဆုံးစခန်းမှူးက မောင်လှကို ခေါ်လာသည်။ မောင်လှရောက်လာချိန်တွင် စခန်းတစ်ခုလုံးမှာ အံ့ဩသွားကြသည်။ ဘယ်သူကမျှ သူ့ကို နာဂဟု မထင်၊ ဗမာတစ်ယောက်ဟုပင် ထင်ရသည်။ တခြားနာဂတွေလို လန်ကွတ်တီ လက်တစ်ဝါးလောက်နှင့် မဟုတ်ဘဲ ပုဆိုးနှင့် စွပ်ကျယ်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပေသည်။ ဆံတောက်မှာလည်း နာဂဆံတောက် မဟုတ်ဘဲ ဗမာတွေလိုပင် ဆံတောက် ကိုက်ထားပေသည်။ မောင်လှသည် ဗမာလိုကျကျနနပြောတတ်သည်။ ရယ်လိုက်တိုင်း နာဂတို့၏ ရိုးသားမှုမှာ ပေါ်၍လာသည်။

mgyoe.com

mgyoe.com

မလေးနတို့ ဆေးတာဝန်ခံသုံးယောက်အတွက် မောင်လှမှာ အရေးအကြီးဆုံး ဖြစ်ပေသည်။ ရွာထဲသို့ ရုတ်တရက်ဝင်သည်ကိုပင် နာဂတို့က ကြိုက်နှစ်သက်သည် မဟုတ်ပေ။

⁂

အလုပ်ကို မစရသေးခင်ပင် နာဂတို့ ကပွဲနှင့် ကြုံကြရပြန်သည်။

နာဂကျေးရွာများကို လိုက်လံတိုက်ခိုက်နေသည့် ဆော်လော်နာဂများကို ယူအမ်ပီတပ်များ အကူအညီနှင့် ဟတ္တိရွာသားတွေက အောင်ပွဲခံခဲ့ကြလေသည်။

ဆော်လော်ခေါင်းဆောင်၏ခေါင်းကို ဖြတ်ယူခဲ့၍ အထိမ်းအမှတ်အောင်ပွဲလုပ်ရန် တစ်ရွာလုံး တလှုပ်လှုပ် တရွရွ ပြင်ဆင်၍နေကြလေသည်။

ကပွဲတွင် တီးရန်အတွက် အကြီးဆုံးဗုံကို ထွင်းနေကြသည်။ တစ်ရွာလုံး လူစု၍ ဗုံထွင်းရန် သစ်တုံးကြီးကို သယ်ကြသည်မှာ တပျော်တပါးရှိလှသည်။

အားယူ၍ သယ်ရတိုင်း အတိုင်အဖောက်ညီညီနှင့် အားပေးသော ဟစ်သံတွေမှာ တစ်တော လုံးပင် ညံ၍နေသလို ထင်ရတော့သည်။

အမှန်တော့ သူတို့ထွင်းသောဗုံကြီးမှာ ဘိုင်စကုပ်ထဲတွင် မြင်ရသည့် အာဖရိကလူရိုင်းတို့တီး သော အချက်ပေး သစ်သားဗုံကြီးတွေနှင့် ခပ်ဆင်ဆင်တူလေသည်။

ကပွဲလုပ်မည့် ညတွင် သူတို့စခန်းရှိ လူတွေကိုလည်း လာ၍ဖိတ်သည်။ ပြည်မက လူ ဆို၍ တစ်ဖက်တောင်ကုန်းတွင် စခန်းချနေသော ဗိုလ်မြဝင်းတို့ ယူအမ်ပီတပ်စုသာ ရှိလေသည်။

ဟတ္တိထက် မြင့်သော တောင်စောင်းတွင်တော့ ဘုန်းတော်ကြီးတစ်ပါး ရှိလေသည်။ ညနေ စောင်းတွင် မီးတုတ်မီးပုံတွေကို ပြင်ဆင်၍ နေကြသည်။ ကြည့်ရမည့်ပွဲမှာ မကြုံဖူးသောပွဲ ဖြစ်သည် မှာ မှန်ပေ၏။ ညဘက်သို့ရောက်လျှင် မီးတောက်တွေမှာ တဟုန်းဟုန်းတောက်၍လာသည်။

မလေးနစိတ်ထဲတွင် ကပွဲကို ပထမတော့ စိတ်ဝင်စားမိသည်။ ဒါပေမဲ့ ကပွဲတွင် ပြည်မက လူများကို မြင်ရသောအခါ စိတ်ပျက်သွားမိသည်။ အကယ်၍ ဗိုလ်မြဝင်းတို့လူစုကိုသာ နာဂကပွဲတွင် မတွေ့ခဲ့ပါလျှင် မလေးနသည် အစွမ်းကုန် ပျော်လိုက်မည် ဖြစ်သည်။

သူ့စိတ်ထဲတွင် နာဂတောင်တန်းမှာ နာဂတွေနှင့် သူတို့ ဘဝသစ်အဖွဲ့သားများသာ ရှိမည်ဟု ထင်ခဲ့သည်။ ဒါပေမဲ့ ယခုတော့လည်း သူ မတွေ့လိုသော လူစိမ်းများကိုပါ တွေ့နေ ရပြန်လေသည်။

အပြစ်မဲ့သော ဗိုလ်မြဝင်းတို့ လူစုကို သက်သက်မဲ့မတွေ့လိုခြင်းမှာ သူက လွန်လွန်းသည်ဟု လည်း တစ်ယောက်တည်း တွေးလိုက်မိသည်။

ကပွဲ၏မြင်ကွင်းကတော့ အလှအပထက် စိတ်လှုပ်ရှားစရာကောင်းသည်ဆိုလျှင် ပို၍ မှန်ပေ မည်။ ဟတ္တိရွာ၏ တဲခေါင်မိုးတွေကို လရောင် လွှမ်းနေလေသည်။ သစ်ရွက်တွေကလည်း ငွေရည် စိမ့်နေသလို ရွှန်းရွှန်းစိုနေပေသည်။

ရွာလေးတစ်ခုလုံးကို လရောင်သက်သက် ဖုံးနေလျှင်တော့ မြင်ကွင်းသည် လှပစွာငြိမ်သက်နေ မည်။ ယခုတော့ နာဂတို့၏မီးတိုင်များမှာ လ၏ငွေရောင်ကို ဖျက်ဆီး၍ အရုပ်ဆိုးနေတော့သည်။

mgyoe.com

.com

ပွဲမစခင်တော့ မလေးနသည် ကပွဲကို စိတ်ဝင်စားသည်။ ဒါပေမဲ့ ပွဲစ လာ၍ ဗိုလ်မြဝင်းတို့ ရောက်လာကတည်းက ကပွဲကို မကြည့်ချင်တော့။

ရွာလုံးကျွတ် ပရိသတ်နှင့် သူတို့လူစုသည် မြေပေါ်တွင် ဝိုင်း၍ ထိုင်နေကြသည်။ မြေကွက်အလယ်တွင် မီးတုတ်များမှ မီးရောင်နှင့် လရောင်မှာ ရော၍ ဝါလင်းလင်းကြီး ဖြစ်နေသည်။

ပွဲလယ်ရှိ ခေါင်းပြတ်ကြီးတစ်ခုမှာ မီးရောင်အဝါဟပ်လိုက်မှ ဝါဖျော့ဖျော့ ခြောက်သွေ့သွေ့ကြီး ဖြစ်လာသည်။ လူ့သေခေါင်းပြတ်ဖြစ်၍ ကျက်သရေမရှိရသည့်အထဲ အရောင်အဆင်းကလည်း မွဲခြောက်ခြောက်၊ အသားများကလည်း ပိန်းချပ်ချပ်ဖြစ်၍ လေတိုက်လိုက်တိုင်း အနံ့က ထွက်၍လာသည်။

ကပွဲ စလျှင် ဟတ္တိရွာမှ နာဂခေါင်းဆောင်နှင့် နာဂတွေမှာ ခေါင်းကြီးကို ဝိုင်း၍ ကကြသည်။

တိတ်ဆိတ်သော တော၏အလယ် တောင်၏ထိပ်တွင် နာဂတို့၏ သီချင်းသံမှာ ပဲ့တင်ထပ်၍ ဟိန်းဟိန်းလာသည်။

ဒေါသသံနှင့် အော်၍ အော်၍ ဆိုလိုက်ကြတိုင်း တစ်တောလုံး ညံလာသလို ကြောက်စရာကောင်းလာသည်။

"အဲဒီခေါင်းကြီးဟာ ဆော်လော်နာဂလူကြီးရဲ့ ခေါင်းပေါ့"

မလေးနနှင့် တစ်ခါမျှ မသိဖူးသေးဘဲ ဗိုလ်မြဝင်းသည် သူ့ကို စကားစ ပြောသည်။ ဒီတော့မှပင် မလေးနသည် ဒီလူစုကို သတိထားမိ၏။ စိတ်ထဲမှာ အနှောင့်အယှက်တစ်ခုလို ဖြစ်သွားမိသည်။ ဗိုလ်မြဝင်းသည် သူ့ကို စကားပြောနေပေမယ့် မျက်လုံးမှာ ခေါင်းပြတ်ကြီးမှ မခွာပေ။

"ဟတ္တိရွာသားတွေက ဖြတ်လာတာလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ ဆော်လော်တွေနဲ့ တိုက်ရင်း ဆော်လော်လူကြီးက တိုက်ပွဲမှာ ကျသွားတယ်၊ အဲဒါ ခေါင်းမဖြတ်ရဘူးလို့ အမိန့်ပေးထားပေမယ့် တိတ်တိတ်ခိုးဖြတ်ကြတယ်"

"ကျွန်မတို့ မလာခင်ကလား"

"ဟုတ်တယ်၊ ဆော်လော်တွေနဲ့ တိုက်ပြီးတာ မကြာသေးဘူး၊ ဆော်လော်တွေက သူတို့အပေါ်မှာ တော်တော်ရက်စက်ခဲ့တယ်၊ တစ်ခါတုန်းက ဒီဟတ္တိရွာက နာဂတွေ ဒီနေရာ မရောက်ခင် သူတို့ရွာမှာ ကလေးတွေနဲ့ လူအိုတွေ ထားခဲ့ပြီး ယာခုတ်သွားတုန်း ဆော်လော်နာဂတွေက ရွာထဲဝင်ပြီး တစ်ရွာလုံး ခေါင်းဖြတ်တာပဲ၊ သူတို့လဲ တစ်ခါတည်း ပြေးလာပြီး ဟတ္တိကိုရောက်လာကြတယ်၊ အဲဒီရန်ငြိုးက ခုထိ မပြေကြဘူး၊ ဆော်လော်ခေါင်းကလဲ ခုမှ ရကြတာကိုး"

မလေးနသည် နားထောင်ရာမှ တစ်ချက် စူးစူးရှရှအော်လိုက်သံကြောင့် ပွဲလယ်ကို လှမ်းကြည့်လိုက်မိ၏။ သူ့တောင်မှ ရုတ်တရက်အသံထွက်မအော်မိရန် မနည်းထိန်းထားလိုက်ရသည်။

နာဂခေါင်းဆောင်သည် အသံကုန်အော်ဟစ်၍ ခေါင်းကြီး၏ပါးကို ပါးစပ်နှင့် ကိုက်လိုက်သည်။ မလေးနတစ်ကိုယ်လုံးသည် ကြက်သီးဖျန်းဖျန်းထ၍ အေးစက်သွားသည် ထင်သည်။ နာဂအမျိုးသမီးတွေမှတစ်ပါး သူတို့လူစုထဲမှအားလုံး မိန်းကလေးတွေသည် မျက်နှာပျက်လာကြသည်။ ကပွဲမှာ ကြာ

mgyoe.com

mgyoe.com

လေလေ အစွမ်းကုန်အော်ဟစ်၍ အစွမ်းကုန် ကကြသည်။ ကြာကြာကြည့်၍ မဖြစ်တော့ပေ။ စခန်းမှူး၏ ခွင့်ပြုချက်နှင့် သူတို့ မိန်းကလေးတွေ စခန်းသို့ ပြန်လာခဲ့ကြသည်။

ညဥ့်နက်၍ အိပ်ရာဝင်ကြပေမယ့် သူတို့အားလုံး မျက်လုံးထဲတွင် ခေါင်းကြီးကို ပါးစပ်နှင့် ကိုက်လိုက်သည်ကိုသာ မြင်နေကြတော့သည်။

မလေးနသည် အိပ်၍ မပျော်ပေ။ တဒုန်းဒုန်းနှင့် နာဂတို့အဖို့ ကဗျာဆန်လှသော ဗုံသံကြီးမှာ သူတို့စခန်းဘက်သို့ ဟိန်း၍လာသည်။ ဘာသာအလိုက် ဆိုနေသော သီချင်းသံတွေကလည်း တိတ်သွားသည် တိုးသွားသည်ဟူ၍ပင် မရှိပေ။

မလေးနသည် ပထမတုန်းကလောက် မပျော်ပေ။ အိပ်ရာဝင်ချိန်တွင်ပင် စိတ်မှာ ထင့်နေသည်။ အမှန်တော့ ကပွဲကြောင့် မဟုတ်ဘဲ ကပွဲတွင် တွေ့ခဲ့ရသော ဗိုလ်မြဝင်းတို့လူစုကြောင့် ဖြစ်သည်။

သူ့အတွက်တော့ဖြင့် တစ်နေရာ နာဂတောင်တွင် ရပြီဟု သူက ထင်သည်၊ စိတ်ချလက်ချနှင့် သူ့နေရာဟူ၍ သူက သတ်မှတ်လိုက်၏။ ယခုလို ဗိုလ်မြဝင်းတို့နှင့် တွေ့လိုက်ရပြန်သည်တွင် သူ့စိတ်ကျဉ်းကျပ်သွားပြန်သည်။

ဤမျှ ကျယ်ပြန့်သော ကမ္ဘာမြေပြင်တွင် သူ့အတွက် တစ်နေရာ မရှိဘူးဆိုသည်မှာလည်း ကြီးကျယ်ရာကျလွန်းလှပါကလား။

ဒါပေမဲ့ သူ့ကိုယ်ကိုတော့ သူ နားလည်ပေသည်။ သူသည် မြေပြန့်လွင်ပြင် လူစည်ကားရာနေရာတွေမှ လွတ်မြောက်ချင်လွန်း၍ သူ ဘယ်မျှသည်းခံအောင့်အည်းခဲ့ရသည်ကို သူတစ်ယောက်သာ သိသည်။

သူ့သည်းခံနိုင်စိတ်ကိုပင် သူ့ဘာသာ အံ့ဩမိ၏။ သူက ဥပဒေတို့၊ စည်းကမ်းတို့ ဆိုတာတွေကို နည်းနည်းမှ ယုံကြည်သူမဟုတ်ပေ။ မလုပ်ပါနှင့်ဆိုသည်ကို လုပ်လိုက်ရမှ နေသာထိုင်သာ ရှိသည်။

လူထုပညာရေးသင်တန်းကို ဝင်စက သူ့ကိုယ်သူ မယုံပေ။ သင်တန်း၏ ဥပဒေများကို နာခံနိုင်ပါ့မလား။ ညဉ့်ဆိုးလေးတွေက တစ်ခါတစ်ခါ သင်တန်းတက်နေတုန်း ဝင်လာတတ်သေးသည်။ အရင်ကလိုပင် စည်းကမ်းကလနား မသတ်မှတ်ဘဲ နေပစ်လိုက်ချင်သည်။ ဘယ်သူနဲ့မှလည်း တည့်အောင်မပေါင်းချင်။

ဒါပေမဲ့ သူသည် သည်းခံလိုက်ပါ၏။ ကျောင်း၏ဥပဒေတွေကို လိုက်နာလိုက်ပါသည်။ ယခင်ကသာဆို ဆရာမတွေကို တစ်ခုခုတော့ ပြန်ပြောလိုက်ဦးမည် ဖြစ်သည်။ ကျောင်းမှာ ပေါင်းသင်းဆက်ဆံရေးကိုလည်း အဓိကထားပြန်တော့ သူသည် မရယ်ချင်ဘဲလည်း ရယ်လိုက်ရ၏၊ မပြုံးချင်ဘဲလည်း ပြုံးလိုက်ရ၏။

ဒီလိုများ စိတ်ပင်ပန်းသည့်အလုပ်ဆိုလျှင် နည်းနည်းမှ မလုပ်ချင်ပေ၊ ဒါပေမဲ့ သူ လိုလားသော တစ်နေရာအတွက် သူ သည်းခံလိုက်၏။

အားလုံး ကျေကျေနပ်နပ်နှင့် ခြောက်လသင်တန်း ပြီးသွားရသည်ကို သူသည် အံ့ဩနေမိ၏။

mgyoe.com

mgyoe.com

ယခု နာဂတောင်ပေါ်တွင်တော့ သူသည် ဘယ်သူ့ကိုမှ မှူစရာမလိုပေ၊ နာဂတွေနှင့် ဆက်ဆံရသည်မှာလည်း ရှင်းလှသည်၊

ဒါပေမင့် လူစိမ်းတွေထဲက ဗိုလ်မြဝင်းတို့လူစုကို တွေ့လိုက်ရခြင်းမှာ သူ့အတွက် စိတ်ညစ်စရာဖြစ်လာသည်၊ ဗိုလ်မြဝင်းတို့မှာ ယူအမ်ပီတပ်မှလူစု ဖြစ်သည်၊ သူက သက်သက်မနေစေချင်သည်မှာ လူဝါးဝလွန်းလှသည်၊ သူ တရားလွန်ခြင်းကိုလည်း သူ့ဟာသူ သတိထားမိလေသည်၊

နာဂတို့၏သီချင်းသံကို နားစွင့်ရင်း သူ တဖြည်းဖြည်း အိပ်ချင်၍ လာတော့သည်၊

⁂

နောက်နေ့မနက် မိုးလင်းလာပေမယ့်လည်း နာဂတို့၏ ဗုံသံမှာ မပျောက်သေးပေ၊ ၁၈ နှစ်လုံးလုံး ရန်သူ့ဦးခေါင်းကို မရခဲ့၍ ယခုပွဲကို ၁၈ ရက်လုံးလုံး ကျင်းပနေကြခြင်း ဖြစ်လေသည်၊

ပွဲအချိန်တွင်တော့ နာဂရွာထဲသို့ မသွားနိုင်ပေ၊ ရွာထဲမှ ခေါ်ထားသော ဒေါင်းညိုတို့လူစုလည်း ရက်ကန်းခတ်ဖို့ မလာကြပေ၊ ဒေါင်းညိုသည် နာဂအပျိုတစ်စုထဲတွင်တော့ ချောသည်ဟု ဆိုရပေမည်၊

ဝါဖျော့ဖျော့ မေးစေ့ပေါ်တွင် ဆေးညိုကြောင်း သုံးကြောင်းမှာ နွယ်ပင်လို ခပ်နွဲ့နွဲ့ နွယ်၍ ကျနေသည်၊ သန္တာစေ့တွေနှင့် ပယင်းကို ရောထားသော ပုတီးကုံးတွေကလည်း ဒေါင်းညို၏ဟင်းလင်းပွင့်နေသော ရင်သားကို ထိလုမတတ် ဆွဲထားပေသည်၊

ဒေါင်းညိုလှုပ်ရှားတိုင်း ရင်သားတွေသည် ယဉ်ယဉ်လေး ငြိမ့်၍နေကြသည်၊ တောတွင် အရမ်းပွင့်သည့် တောပန်းရိုင်းနှင့် တူလှသည်၊ အကယ်၍သာ ဒေါင်းညိုတို့ မီးမလှုံဘူးဆိုရင်တော့ ဒေါင်းညိုအသားများသည် တခြားအပျိုတွေလို မညိုဘဲ ဝါနုနုကလေး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်၊

ဒါပေမဲ့ နာဂတွေအားလုံး နေရသည်မှာ ငါးကျည်းခြောက် ကျပ်တင်သလို နေကြရသည်၊ ရာသီဥတု၏ အပြင်းအထန်ခံရခြင်းများသည် နာဂတို့ကို အရုပ်ဆိုးစေသည်၊

တစ်နေ့လုံးပင် ထင်းခြောက်ကို ရသမျှ စုထားရသည်၊ ဒေါင်းညိုသည် အစကများ ရက်ကန်းရက်ဖို့ ခေါ်လျှင် ခေါင်းခါ၍ ပြေးသည်၊ အားလုံး မိန်းမတွေမှာ ဒီလိုပဲ ဖြစ်သည်၊ ရက်ကန်းထက် ထင်းခြောက်က အရေးကြီးပေသည်၊ လာမည့်ဆောင်းနှင့် မိုးအတွက် တစ်နေ့လုံး ထင်းကို စုရသည်၊ အေးလာသည့်တစ်ပြိုင်နက် တောင်ပေါ်တွင် ခိုက်ခိုက်တုန်မျှ အနေခက်လှသည်၊ ယောက်ျားတွင် လက်တစ်ဝါးလောက်ရှိ ပိတ်စနှင့် မိန်းမတွင် ခါးဖုံးရုံ အဝတ်စသာရှိသော နာဂတို့အဖို့ အအေးဒဏ်ကို ကာကွယ်ရန်မှာ ထင်းပဲ ရှိလေသည်၊ အိပ်စင်အောက်တွင် ထင်းကို မီးကျီးခဲကျအောင် လုပ်၍ အိပ်ကြရသည်၊ ဒီလိုနှင့်ပင် အအေးဒဏ်ကို ကာကွယ်ကြရသည်၊ ပင်ကိုလှလိုသော အသားများမှာ ကြာတော့ အသားပပ်သလို တင်းခြောက်ခြောက်ကြီး ဖြစ်နေတော့သည်၊

နာဂတို့ ပွဲပြီးမှပင် မလေးနတို့၏ ဆေးပေးလုပ်ငန်းနှင့် ကလေးများ စောင့်ရှောက်ရေးကို စ၍ လုပ်ကြရမည်၊

mgyoe.com

mgyoe.com

အမှန်တော့ ရွာထဲဝင်စကများ ကြက်သီးထမိကြသည်။ နာဂတို့ ဝက်မွေးပုံမှာ သဘာဝကျလှသည်။ အိမ်ဘေးတွင် စင်ထိုး၍ အမိုးမရှိ၊ အကာမရှိ နောက်ဖေးသွားကြသည်။

လူ့သေတွေကိုလည်း တဲရှေ့တွင် စင်နှင့် ထားကြသည်။ လူသေမှ ပုပ်၍ကျသော အသားများ၊ အရေများနှင့် မစင်များကို ဝက်တွေက စားကြရင်းပင် နာဂတို့၏ ဝက်မွေးမြူရေးမှာ သဘာဝကျလာတော့သည်။

ဓလေ့ထုံးစံအလျောက်ပင် လုပ်ကြသော လုပ်ငန်းများအတွက် နာဂတို့ကိုပင် ချီးကျူးရပေဦးမည်။ နာဂတွေစားဖို့ ဆန်ရဖို့ကိုပင် တပင်တပန်း တောင်ယာလုပ်၍ ဝမ်းဝရုံလောက် ရကြလေသည်။ ဝက်ကျွေးဖို့ သတ်သတ်အစာလုပ်ရန်မှာ ခဲယဉ်းလှပေသည်။ ဒါကြောင့်ပင် နာဂတို့သည် သဘာဝကျကျ ဝက်မွေးမြူရေးကို လုပ်ကြရခြင်းပင် ဖြစ်ဟန်တူလေသည်။

⁂

မတ်လ၏ နေပူရှိန်အောက်တွင် ဟတ္ထိရွာသည် ငြိမ်သက်၍ နေသည်။ ပွဲပြီး၍ အားလုံး မောနေဟန်တူသည်။

အမှန်တော့ လူငယ်နှင့် ယောကျ်ားကြီးတွေမှာ ယာခုတ်ရန် ထွက်ခွာသွားကြလေပြီ။ သစ်တောမှာလည်း ရွက်ကြွေစ ပြု၍လာသည်။ နေပူပြန်တော့လည်း အတော်ပူပြင်းသော နေရာဖြစ်လေသည်။ သစ်ပင်တွေမှာ ရွက်ဝါများဖုံးနေသော်လည်း ရွက်လဲစပြုနေသော အဖျားတွင်မူ သစ်ရွက်နုတွေသည် ရဲရဲနီနေသည်။ အမှန်တော့ တောတန်းတစ်လျှောက်တွင် အစိမ်းကို အဝါနှင့် အနီက ဖောက်၍ထားပေသည်။

လေတိုက်လိုက်တိုင်း သစ်ရွက်နီလေးတွေက တဖျတ်ဖျတ်လှုပ်နေသလောက် ရွက်ဝါတွေမှာ မြေသို့ တဖြုတ်ဖြုတ်ကြွေကြသည်။

အဟောင်းဆိုသည်မှာတော့ ကြွေလျှောပျက်စီးခြင်းကိုပဲ သရုပ်ဖော်ပေမည်။ လေနှင့် ရော၍ ကြွေလာရာမှ စမ်းရေပေါ်တွင် မျော၍လာရပြန်သည်။ ကျောက်တုံးအထစ်အထစ်တွေကို ဖြတ်ကျော်ရတိုင်း သစ်ရွက်ဝါသည် ပုံပျက်လာ၏။

ဗိုလ်မြဝင်းသည် သစ်ရွက်ကို ကောက်၍ဆယ်လိုက်၏။ သူ့လက်ထဲ ရောက်ခါမှ သစ်ရွက်သည် ပဲ့၍ ပဲ့၍ ကြွေပြန်သည်။ သူသည် စမ်းချောင်းကို ပြန်၍ငေးရင်း ကျောက်ခဲတွေကို ပစ်ချနေသည်။

သူ့နောက်မှ လေတိုက်သံနှင့်အတူ ခြေသံတွေကို ကြားရပြန်သည်။ နောက်ကို လှည့်ကြည့်လိုက်သောအခါ မလေးနသည် မောင်လှနှင့်အတူ သစ်ပင်အောက်တွင် ရပ်နေသည်။

ဒီကောင်မလေးနှင့် နေရာတိုင်းလို တွေ့နေရပြန်သည်။

"ဘာလာလုပ်ကြလဲ"

မလေးနသည် ရှေ့သို့ တိုးလာပေမယ့် အဖြေမပေးသေးပေ၊ မလှမ်းမကမ်း ရေစပ်ရှိ ကျောက်ခဲပေါ်တွင် မတ်တတ်ရပ်နေသည်။

"ဒီနေရာပဲ.. လေးန"

mgyoe.com

mgyoe.com

မလေးနသည် စူးစိုက်၍ စမ်းရေကို ကြည့်နေသည်။

ဗိုလ်မြဝင်းသည် အသာမော့ကြည့်ရင်း...

"ဘာနေရာတဲ့လဲ မလေးန"

"သူတို့ ဟိုတစ်နေ့က ကပွဲလုပ်တုန်းက ဆော်လော်ခေါင်းကြီး မှတ်မိသေးလား"

မလေးနသည် သူ့ကို ရဲရဲဝံ့ဝံ့ ပြန်၍စကားပြောရင်း ထိုင်လိုက်သည်။

"အဲဒီခေါင်းကို ကပြီးကြရင် ဝါးချွန်လေးတွေနဲ့ ခေါင်းက အသားကို တစ်အိမ်ထောင်စီ နည်းနည်း နည်းနည်း ယူရတယ်တဲ့၊ အဲဒီဝါးချောင်းတွေကို သူတို့ သတ်မှတ်ထားတဲ့ စမ်းချောင်းမှာ ချပြီး အောက်ဘက် စီးလာတဲ့ရေကို မျက်နှာတွေ ဘာတွေ သစ်ရတယ်တဲ့၊ သူတို့မှာတော့ ဒီရေသစ်ပြီးရင် ဘေးရန်ကင်းတယ်၊ ရောဂါတွေ ဘာတွေ ပျောက်တယ်ပေါ့လေ"

မလေးနသည် ပြောပြီးလျှင် ပြုံးနေသည်။ ဗိုလ်မြဝင်းအနားမှာ ရှိခြင်းအတွက် သူ့မှာ ဘာမှ ဂရုစိုက်စရာမလိုသလို ခပ်အေးအေးပင် ပြောနေသည်။

"မင်းက အင်မတန်စပ်စုတဲ့ မိန်းကလေးပါလား"

မလေးနသည် ရယ်လိုက်၏။ သူ့ရယ်သံသည် စမ်းရေသံနှင့် ရောသွားသောအခါ သာယာလာသည်။

"သိချင်တာကိုး၊ မောင်လုက အားလုံးပြောပြတာပဲ၊ ကျွန်မ သွားတော့မယ်၊ ဒီ စမ်းချောင်းကို ကြည့်ချင်လို့ လာတာ"

"မြန်လှချည်လား"

"ကျွန်မ ဒီကိုလာတာ ကျွန်မမှာ အပြစ်ရှိတယ်"

"ဟင်..."

"ဟုတ်တယ်၊ စခန်းမှာ အားလပ်ပြီး အလုပ်မလုပ်တဲ့လူဟာ ရန်သူပဲ၊ တစ်ခုခု လုပ်နေရတယ်၊ ခုလဲ ဒီနေရာကို သိချင်လို့ တမင်လာရတာ၊ ကျွန်မ သွားတော့မယ်"

မလေးနသည် မတ်တတ်ရပ်၍ ကျောက်စရစ်ခဲတွေပေါ်မှာ နင်းသွားသည်။ ရွက်ဝါများသည် သူ့ခေါင်းပေါ်တွင် ဝဲ၍ ဘေးသို့ ကျသွားကြသည်။

"တောပေမယ့် မင်းတို့ရှိမှပဲ စိုပြည်တာပဲ၊ မင်းဟာ သိပ်လှတာပဲဟေ့"

ဗိုလ်မြဝင်းသည် အော်၍ပြောလိုက်၏။ မလေးနကမူ လှည့်၍မျှပင် မကြည့်ပေ၊ သစ်ပင်တွေကြားထဲတွင် ပျောက်သွားသည်။

မိန်းမငယ်၏အလှ ပျောက်သွားသောအခါ သူသည် စမ်းရေ၏အလှဘက်ကို ပြန်၍ လှည့်လိုက်၏။ ကျောက်စရစ်ခဲလေးတွေသည် တစ်ခါတစ်ရံ ရေအောက်တွင် လိမ့်သွားကြသည်။

ဒီကပြန်လျှင် သူတို့တပ် ဘယ်ကို သွားရဦးမည် မသိပေ၊ တောင်ကမ်းပါးတွင် လျှောက်၍ စမ်းရေကို သောက်ရလွန်းတော့ သူ့စိတ်များသည် တောကိုပဲ မင်နေသည်။ မြို့ကို ပြန်မသွားချင်ပေ၊ မြို့ဆို
mgyoe.com

mgyoe.com

သည်မှာ ခွာလက်စနှင့် ခပ်ခွာခွာနေသည်က ကောင်းပေသေးသည်။ မြို့၏ အဆိပ်မှာ တစ်ခါခံစားရဖူးလျှင် ပြေပျောက်ရန် ခဲယဉ်းလှသည်။ ဆော်လော်တို့နှင့် တိုက်ပွဲမှာ ပြီးတော့မည်၊ အနည်းအကျဉ်း တပ်ခွဲတစ်စုသာ ထားခဲ့၍ ကျန်တပ်များ ပြန်ရပေမည်။

"ငါ.. ဒီမှာပဲ နေရစ်ခဲ့ရပါစေ"

သူသည် စမ်းရေကို ကြည့်၍ ဆုတောင်းမိ၏။ စမ်းချောင်းသည် နဂါးမယ်လို ပျော့ပျော့လေး နွဲ့ကာ တဖိတ်ဖိတ်လက်နေသည်။

အားလပ်ချိန်တိုင်း စမ်းချောင်းဘေးတွင် ထိုင်ရသည်မှာ အရသာရှိပေမင့် ရဲဘော်တွေကလည်း ရှိသေးသည်။ စမ်းချောင်းမှ ပြန်ရချိန်တွင် ခြေလှမ်းနှေးလှသည်။ နေ့တိုင်းလိုတော့ စမ်းချောင်းကို မလာနိုင်ပေ။

⁜

နွေဘက်တွင်တော့ ခြောက်ခြောက်သွေ့သွေ့နှင့် ခြေခင်းလက်ခင်းသာသလိုပင် ရှိလေသည်။ အကယ်၍များ မိုးကျလာလျှင် ဘယ်လိုများ နေပါ့မလဲ၊ ဗိုလ်မြင့်သည် တွေး၍ ပူ၏။ သူတို့ကတော့ စစ်သားဆိုတော့ ထားပါဦးတော့၊ ဟိုဘက် တောင်ကုန်းရှိ မိန်းကလေးတစ်စုအတွက် စိုးရိမ်မိ၏။ သူ့ရဲဘော်တွေပင် စောင်အလုံအလောက်မရှိ၍ လာမည့်မိုးတွင်းအတွက် ကြိုတင်စီစဉ်ရပြန်သည်။

မိုးကျလာလျှင် စမ်းချောင်းပတ်ဝန်းကျင်ကလည်း လှပတော့မည်မဟုတ်၊ ဒီမိုးရေတွေ စိုစွတ်၍ တောထဲတွင် သူ့ရဲဘော်တွေ စိတ်ဓာတ်မကျအောင် ဘယ်လိုလုပ်၍ နေရပါလိမ့်။ သူကိုယ်တိုင်တောင် စမ်းချောင်း၏အလှကို မမြင်ရလျှင် ဘာနှင့် ဖြေဖျော်ရမည် မသိပေ။

သူက အတွေးတွင် နစ်နေသလောက် ရဲဘော်တွေ၏ လကွင်းသံမှာ နားကို ဖောက်လာသော အခါ ရင်ထဲတွင် နာလာတော့သည်။

"တို့ရဲဘော်တွေအတွက် ဖြေဖျော်စရာ ဒါပါပဲလား"

သူသည် ရဲဘော်တွေကို ကြာကြာကြည့်မနေချင်ပေ၊ သွားနေကျ စမ်းချောင်းဆီကို ထ၍ ထွက်လာသည်၊ ဖတ်စရာစာအုပ်ဆိုဲ၍လည်း ဘာမှမရှိပေ။

⁜

"ဟင်.. ဒီတစ်ခါ မင်းက အရင်ရောက်နေပြီကိုး"

ဗိုလ်မြင့်သည် လှမ်း၍ပြောလိုက်သည်။ သူ ထိုင်နေကျ စမ်းချောင်းဘေးက ကျောက်စရစ်ခဲပေါ်တွင် မလေးနကို တွေ့ရသည်။ မလေးနသည် သူ့ကိုပြန်၍ကြည့်ကာ ပြုံးနေပြန်သည်၊ သူ့ပြုံးလိုက်တိုင်း ပါးလေးတွေမှာ ဖောင်းလာသည်၊ သူ့အသွင်အပြင်များမှာ ငယ်ရွယ်နုနယ်လှသေး၏။

ဗိုလ်မြင့်သည် ခပ်ကွာကွာ ထိုင်လိုက်ရင်း..

"ဒီကိုလာတာ မင်းမှာ အပြစ်ရှိတယ်ဆို"

"ဟုတ်တယ်"

"ဒါနဲ့ ခု လာပြန်ပြီ"

mgyoe.com

mgyoe.com

"ဒီလိုလေ.. ကျွန်မ ဒီကိုလာတာ ရှင့်ကို တွေ့ဖို့မှ မဟုတ်ဘဲ"

ခက်ကပြီ.. ဗိုလ်မြဝင်းသည် သူ့စကားကို နားမလည်ပေ။

"ငါ့ကို တွေ့ရအောင် မင်းလာတယ်လို့ မဆိုရသေးပါလား မိန်းကလေးရယ်"

"အေးပါလေ၊ ကျွန်မကလဲ ဆေးထည့်တဲ့ကိစ္စတွေ စောစောပြီးရင် ဒီကို လာချင်တယ်၊ ကျွန်မ စိတ်ထဲမှာ တွက်မိတာပဲ.. ဒီကိုလာတာဟာ အပြစ်မရှိဘူးလို့လဲ ထင်မိတယ်၊ စိတ်ဆိုတာက အစဉ် အချုပ်အချယ် ဥပဒေစည်းကမ်းကြီးတွေနဲ့ ထားလို့ရတာမှ မဟုတ်ဘဲ"

မလေးနုသည် ရေကို ငေး၍ ခပ်ဖြည်းဖြည်းပြောသည်။

"ကျွန်မမှာတော့ အပြစ်ရှိချင်လဲ ရှိမှာပဲလေ"

"မင်း တို့စခန်းမှာ ပျင်းလို့လား"

"ပျင်းစရာအချိန်တောင် မရှိပါဘူး၊ ဒါပေမဲ့ တစ်ခါတလေ ဘာမှ မတွေးချင် မလုပ်ချင်ဘူး၊ အားလုံး လွှတ်ပြီး ရေစီးသလို လျှောက်စီးချင်တယ်၊ သစ်ရွက်တွေ ကြွေသလိုလဲ ကြွေသွားချင်တာပဲ"

"ဟေ.. အဆန်းပါလား၊ ဒါနဲ့ သစ်ရွက်ကြွေတယ်ဆိုလို့ တစ်နေ့က မင်းနဲ့ တွေ့တုန်းက ငါပြော တာဟာ သရော်တာမဟုတ်ပါဘူးကွာ၊ ငါ.. တဲကို ပြန်ရောက်မှ စဉ်းစားမိတယ်၊ မင်း သိပ်လှတာပဲလို့ အော်ပြောမိတာ စိတ်မဆိုးပါနဲ့နော်"

မလေးနုသည် ဗိုလ်မြဝင်းစကားကို နားထောင်ရင်း ရယ်နေပြန်သည်၊ တလိုမ့်လိုမ့်စီးနေသော ရေထဲသို့ ကျောက်ခဲလေးတွေကို ပစ်နေပြန်သည်။

"ရှင့်မှာ စာအုပ်တွေ ဖတ်ဖို့လဲ မရှိဘူးလား"

"မရှိပါဘူး၊ ပို့လိုက်တဲ့ စာအုပ်ကလဲ ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး ဘာသာပြန်စာအုပ်တွေ၊ အလိုလိုမှ ပျင်းရတဲ့အထဲ ဒါတွေကို မဖတ်ချင်ဘူး၊ ခက်သားပဲ.. ကိုယ့်ရဲဘော်တွေအတွက် ဝတ္ထု စာအုပ်၊ စိတ်ပျော်စရာစာအုပ်တွေ လိုချင်တာပဲ"

"ရှင်လဲ ဒါဖြင့် ပျင်းနေတာပေါ့"

"ဆိုပါတော့လေ၊ ဒါပေမဲ့ ငါ့မှာတော့ ရွက်ကြွေတောနဲ့ စမ်းချောင်းရှိနေရင်ပဲ ပျော်တာပဲ"

"ရှင်က ကဗျာဆရာထင်တယ်"

"ကိုယ် ဘယ်တော့မှ ကဗျာဆရာဖြစ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ်က အရိုင်းပဲ၊ အင်မတန် အရိုင်းကြိုက်တဲ့လူက ကဗျာစပ်လို့ ပိုနေတာပေါ့"

"ရှင် တွေးပုံကြီးကလဲ ရှေးဆန်လိုက်တာ၊ အဲဒီ ရှင်ကြိုက်နေတဲ့ အရိုင်းတွေကိုပဲ ကဗျာစပ်ရင် မဖြစ်တော့ဘူးတဲ့လား"

ဗိုလ်မြဝင်းသည် မလေးနုကို ပြန်၍ ကြည့်မိသည်၊ ဖြူဖြူဝဝနှင့် ကလေးငယ်လို ချစ်စရာ ကောင်းလေသည်။

"မင်းက စကားတောင်စားမလေးပဲ၊ ငါက အရိုင်းတွေကို ကဗျာစပ်ပြီဆိုပါတော့၊ ငါ့ကဗျာရိုင်း

mgyoe.com

mgyoe.com

ကို ဘယ်သူ လက်ခံမလဲ၊ ငါ့ရှေ့မှာရှိတဲ့ စမ်းချောင်းကိုပဲ ငါက မြလိုစိမ်းနေတဲ့ ရေတွေကို မဖွဲ့ချင်ဘူး၊ အောက်မှာမြင်ရတဲ့ ကျောက်တုံးနဲ့ ကျောက်စရစ်ခဲတွေကိုပဲ ဖွဲ့ချင်တယ်"

"လူတစ်မျိုးပဲ၊ လူရိုင်းကြီး ဖြစ်နေတာပေါ့"

"ရိုင်းတာကိုများ ငါ သဘောကျလိုက်တာ မပြောပါနဲ့၊ ယဉ်ကျေးမှုဆိုတာကို မင်းက.. တော်တော် လေးစားမှာပဲ"

မလေးနုသည် ခဏငြိမ်နေရာမှ..

"လေးစားရတာပေါ့၊ ခု လာရတာကလဲ ယဉ်ကျေးမှုအတွက်ပဲ မဟုတ်လား"

"အေးပါလေ၊ မင်းတို့ရဲ့ စေတနာတွေကိုရော၊ မင်းတို့ လုပ်ငန်းကြီးတစ်ခုလုံးကိုရော ငါ လေးစားပါတယ်၊ ဒါပေမဲ့ ငါတစ်ယောက်အနေနဲ့တော့ ယဉ်ကျေးမှုဆိုတာ တွေးရင်း တွေးရင်း အဓိပ္ပာယ်မဲ့လာတယ်"

"ဟင်.."

မလေးနုသည် မျက်လုံးကလေးတွေ ဝိုင်းစက်သွားအောင် အံ့သြနေပုံရလေသည်။

"မင်း အံ့သြနေပြီလား၊ ငါ့အဖို့တော့ အခု နာဂတွေလိုတောင် မဟုတ်ဘူး၊ ရှေးက Stone age (ကျောက်ခေတ်) က လူတွေလိုတောင် နေချင်လိုက်သေးတယ်"

ဖြစ်မှဖြစ်ရပလေ.. ဘယ်လိုလူများပါလိမ့်၊ မလေးနု စိတ်ထဲတွင် သနားလာသည်။

"ငါပြောတဲ့ စကားတွေဟာကွယ်.. အပြစ်မလွတ်ဘူး ထင်ပါတယ်၊ တော်ပြီ.. ငါ ဆက်မပြောချင်ဘူး"

"မဟုတ်တာ ဝိုလ်မြဲဝင်းကလဲ.. ပြောပါ၊ ရှင့်စေတနာပေါ်မှာ ကျွန်မ ယုံကြည်ပါတယ်"

"ရိုင်းတာနဲ့ ယဉ်တာဟာ တကယ်တော့ ဘာမှမထူးခြားပါဘူးကွယ်၊ အရိုင်းဆိုတာက လူတွေ အပေါ်က ဝတ်စားတန်ဆာတွေ၊ နေပုံထိုင်ပုံတွေ ညစ်ပတ်တာပဲ၊ ယဉ်တယ်ဆိုတာက အပေါ်က တဖြည်းဖြည်းသန့်ပြီး စိတ်ဓာတ်တွေ ညစ်ပတ်လာတာပဲ၊ ကမ္ဘာကြီး ယဉ်ကျေးမှု တိုးတက်လာလေ လေ စိတ်ဓာတ်တွေ ပိုညစ်ပတ်လာမှာပဲ၊ ဒေါသနဲ့ လောဘ၊ မောဟတရားတွေကလဲ လူတွေရဲ့စိတ် ဓာတ်ကို ဖုံးလွှမ်းလာမှာပါပဲ၊ အခု တိုးတက်ယဉ်ကျေးလာတဲ့ ကမ္ဘာကြီးကို ကြည့်ပါလား၊ တခြား မပြောနဲ့ နာဂတွေ ခေါင်းဖြတ်တဲ့စစ်ပွဲတွေ ဆင်နေကြတာသာ ငါတို့က ပြောနေတယ်၊ ငါတို့ လူယဉ် ကျေးတွေ စစ်ပွဲကြီးနဲ့ လူသတ်ပွဲဆင်လိုက်ရင် ရန်ငြိုးရှိရှိ မရှိရှိ လူတွေ တစ်ပြုံကြီးသေရတာပဲ၊ ယဉ် ကျေးပါတယ်ဆိုတဲ့ တို့လူစုက နာဂတွေ၊ အာဖရိကားက လူရိုင်းတွေထက် ဘာများ ပိုထူးတော့လဲ၊ တစ်ခုပဲ ရှိတယ်လေ.. လူရိုင်းတွေ လူသတ်တော့ သွေးထွက်တယ်၊ လူယဉ်ကျေးတွေ လူသတ်တော့ သွေးမထွက်ဘဲ သေတယ်၊ လူယဉ်ကျေးတွေ ဖြစ်လာလို့ သာယာမှု ငြိမ်းချမ်းမှုတွေဟာ ပြောင်းလဲဖြစ် လာမလားလို့ မျှော်လင့်ကြည့်မိတာပဲ၊ ဒါပေမဲ့ ဒါတွေအစား သေနတ်နဲ့ လက်နက်ဆန်းတွေသာ ပြောင်းလဲလာတာပါပဲ"

mgyoe.com

mgyoe.com

ဗိုလ်မြဝင်းသည် အားလျှော့သွားသလို ပြောကာ စကားကို ရပ်နားလိုက်၏။ သူသည် မှဲ့၍နေသည်။

"ရှင့်ကို ဒီမှာ တွေ့ရတာ ကျွန်မဖြင့် ပျော်တယ်၊ အစကတော့ ရှင်တို့နဲ့ နည်းနည်းမှမတွေ့ချင်ဘူး"

မလေးနသည် ငြိမ်နေရာမှ ဖောက်၍ ပြောလိုက်သည်။

"ဟုတ်လား.. မင်းလဲ ရိုင်းလာပြီ"

"ဘာပြောတယ်.."

"ဩော်.. အမှန်တော့ ရိုင်းရင် ပွင့်လင်းလာတာပဲ၊ မင်းကလဲ စကားပြောတာ ပွင့်လင်းလို့ပါ.. ဟုတ်တယ်နော်၊ အရိုင်းဆိုတာဟာ စကားလုံးသာ မကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း ရိုးရိုးရှင်းရှင်းပဲ"

မလေးနသည် ဟစ်၍ရယ်လိုက်ပြန်သည်။ ဒီတစ်ခါတော့ ရယ်သံသည် ကျယ်လွန်း၍ အပေါ်ကို လွင့်တက်သွားသည်။ သစ်ရွက်တွေလှုပ်သံနှင့် ရော၍ သူ့ရယ်သံသည် ပဲ့တင်ထပ်သွားတော့သည်။

"ဩော်.. မိန်းကလေးနယ် ရယ်ရပြန်ပြီ"

"ပျော်လို့ပါ ဗိုလ်မြဝင်းရယ်"

"ငါ့စကားတွေဟာ မင်းအတွက် ပျော်စရာဖြစ်တာပဲ ဝမ်းသာလှပါပြီကွယ်၊ ငါပြောတာတွေကို အမှန်တော့ ဘယ်သူမှ မရယ်ကြဘူး၊ ဒါနဲ့ မင်းဒီမှာ ကြာနေရင် အပြစ်ရှိမယ်ထင်တယ်၊ ပြန်ဖို့ကောင်းပြီ"

မလေးနသည် သူ့ကို လှည့်ကြည့်ရင်း ဖျတ်ခနဲ ထလိုက်သည်။ တစ်ခုခုပြောချင်သလိုလို အားယူနေပုံရပေမယ့် နောက်ဆုံး စကားတစ်လုံးမှ မပြောတော့ဘဲ လှည့်ထွက်သွားတော့သည်။

"ကိုယ်တို့ ကော်ဖီယူထားပြီးပြီ၊ ကော်ဖီလဲ နောက်နှစ်ရက်ပဲ ရတော့မယ်တဲ့၊ ခဏ္ဍီးကို မှာတာလဲ မရသေးဘူး"

သူငယ်ချင်းတစ်ယောက်မှာ စကားပြောရင်း သူတို့လာတုန်းက ယူလာသည့်မုန့် သေတ္တာပုံးကို ဖောက်နေသည်။ မလေးနသည် စိတ်မောသလို အဝတ်ခုတင်ပေါ်တွင် ပစ်ထိုင်လိုက်သည်။ သူ့မျက်လုံးများသည် မုန့်ပုံးကို ကြည့်နေပေမယ့် စိတ်များမှာ စမ်းချောင်းဘေးကို ရောက်နေသည်။

"မင်းကလဲ ဘယ်ကိုထွက်သွားရတာလဲ မသိဘူး၊ ဒီမှာ တော်ကြာရင် ဆူခံရမှာ.. ဘယ်ကို သွားတာလဲ"

"ငါ လူသေရဲ့အသားတွေပစ်တဲ့ စမ်းချောင်းကို သွားတာပါကွာ၊ အားလပ်တဲ့အချိန်ထဲက ငါယူတာပါ၊ ငါ့မှာ အပြစ်မရှိပါဘူး"

"အေးပေါ့လေ.. ဒါပေမဲ့ ဘယ်ကောင်းမလဲ၊ အားလုံး မိန်းကလေးတွေက စခန်းက ခွာကြတာမှ မဟုတ်ဘဲ"

mgyoe.com

mgyoe.com

မလေးနုသည် ခေါင်းငုံ့၍ နားထောင်နေရာမှ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ နောက်တစ်ခါ စမ်းချောင်းဘေးကို မသွားတော့ပါဘူးဟု၍လည်း သူ့စိတ်ကို သူ တင်းနေသည်။

"မလေးနု.. ကော်ဖီသောက်ဦးလေ"

မလေးနုသည် ထထိုင်၍ ကော်ဖီကို သောက်ချပေမယ့်လဲ အရသာမပေါ်ပေ။

သူတို့တဲဝကို တစ်ယောက်ယောက် လျှောက်လာပုံ ရသည်။

"မလေးနုကို စခန်းမှူးက တွေ့ချင်လို့တဲ့ဟေ့"

အဖွဲ့သားတစ်ယောက်သည် လာ၍ ပြောသွားသည်။ မလေးနုသည် ထ၍ ခပ်သွက်သွက်ပင် စခန်းမှူးရှိရာတဲသို့ ထွက်သွားသည်။

စခန်းမှူး၏တာဝန်မှာလည်း မသေးပေ။ စုစုပေါင်း ယောက်ျားလေး၊ မိန်းကလေး ၂၀ လောက်၏ စားရေးသောက်ရေး ထိန်းသိမ်းမှုကစ၍ တာဝန်ယူရသူ ဖြစ်လေသည်။

မလေးနု တဲတွင်းသို့ ဝင်သွားလျှင် တစ်ယောက်တည်း သူ့ကို စောင့်နေပုံရလေသည်။

"မလေးနု လာပါပြီ ဆရာ"

"ဩော် အေး အေး.. ထိုင်ပါဦးကွယ်"

မလေးနုသည် ထိုင်ရင်း သူ့စိတ်ထဲတွင် လှုပ်ရှားလာသည်။

"ရွာထဲမှာ ဆေးထည့်ပြီးလို့ စောစောပြန်တဲ့အခါ ဘယ်ကိုသွားနေလဲ"

ဆရာ့စကားကို မလေးနုမှာ မဖြေချင်ပေ။ မဖြေရဲ၍ မဟုတ်၊ သူ ဘယ်သွားသည်ကို ဖွင့်၍ ပြောရဲသည်။ ဒါပေမဲ့ နောက်တစ်ခါ မသွားရဘူးဟု၍ တားမြစ်လိုက်မှာကို စိုးသည်။ ဒါပေမဲ့ သူ မလိမ်ချင်ပေ။

"ကျွန်မ စမ်းချောင်းဘက်ကို လှည့်ဝင်တာပဲ"

"ဟိုမှာ ဘာများထူးဆန်းလို့လဲကွယ်"

မလေးနုသည် လည်ချောင်းနင်နေသလို တံတွေးမျိုချရင်းမှ..

"အဲဒီ စမ်းချောင်းက မောင်လှပြတာပဲ၊ နာဂရန်သူရဲ့ ခေါင်းက အသားတွေကို ကလော်ပြီး ပစ်ချတဲ့ စမ်းချောင်းတဲ့၊ ဒါကြောင့် သွားပြီးကြည့်တာ"

"တစ်ခါကြည့်ပြီး တော်ရောပေါ့ကွာ"

"စမ်းချောင်းက သိပ်လှတာပဲ၊ သစ်ခွပန်းတွေက မပြင်ရပေမယ့် အနားမှာ မွှေးနေတာပဲ၊ ရေစီးပုံကလဲ ပြေတယ်"

သူသည် စကားစရာ၍ စမ်းချောင်းချီးမွမ်းခန်းကို လုပ်လိုက်သည်။ စိတ်ထဲမှာလည်း ရှုပ်သလို ဖြစ်သွားသည်။

"ကိုယ်တို့လုပ်ငန်းလဲ မိန်းကလေးသိတဲ့အတိုင်းပဲ၊ တခြားမိန်းကလေးတွေမှ မသွားဘဲ မင်းလဲ မသွားစေချင်ဘူးကွယ်"

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com


မလေးနသည် စိတ်မပါဘဲ ကတိပေးလိုက်၏။

"ကဲ.. မင်း သွားချင်သွားတော့"

သူသည် တဲတွင်းမှ တစ်လှမ်းချင်း ဖြည်းဖြည်းလျှောက်ကာ ထွက်လာသည်။ စိတ်ထဲတွင်လည်း ကတုန်ကယင်ဖြစ်လာသည်။ ဗိုလ်မြဝင်းနှင့် စမ်းချောင်းဘေးတွင် ဆုံခဲ့ကြရသည်ကို ဘာဖြစ်၍များ ဖွင့်မပြောခဲ့မိပါလိမ့်။ ဖွင့်ပြောဖို့ ကောင်းသည်။ အမှန်တော့ ရိုးရိုးသားသား တွေ့ကြခြင်းပဲ မဟုတ်ပါလား။

သူကလည်း အမှတ်တမဲ့သွားရင်း ဗိုလ်မြဝင်းကလည်း အမှတ်မထင်လာကြရင်းနှင့် ဆုံကြပုံကို စခန်းမှူးအား ဖွင့်ပြောလိုက်ဖို့ ကောင်းသည်။

"မတတ်နိုင်ဘူးလေ.. ငါရိုးသားပါတယ် အမှန်ပါ၊ ငါ ဗိုလ်မြဝင်းကို ရိုးရိုးသားသားသွားပြီး တွေ့တာပါ"

သူသည် စိတ်ကို အနိုင်အထက်တင်း၍ တစ်စုံတစ်ယောက်ကို ငြင်းနေရသလို စိတ်ထဲမှ ပြောမိသည်။ သူ့တဲကို ပြန်ရောက်လျှင် ခုတင်ပေါ်တွင်ပဲ ပစ်၍လှဲလိုက်၏။ ခုတင်မှာ မြေကြီးပေါ်မှ တစ်တောင်လောက်ပင် ကွာသည်။

ဘယ်သူကမှလည်း မစွပ်စွဲသေးဘဲ သူ့စိတ်သည် ငြင်းဆန်ဖို့အချက်ကို ဘာလို့များ တွေးနေပါလိမ့်။

"ငါ မှားတာပဲ၊ အမှန်တော့လဲ ရှိသမျှ အားလပ်ချိန်လေးမှာ ငါ တစ်ခုခု လုပ်နေရမှာပေါ့"

သူ့စိတ်ကို ပြန်၍ ဆုံးမလိုက်၏။

"မလေးန.. နက်ဖြန် ငါတို့ တစ်အိမ်တက် တစ်အိမ်ဆင်း သွားရမယ်"

ဘေးမှသူငယ်ချင်းကို သူ့ကို လှမ်းပြောလိုက်၏။

"အေးပေါ့ သွားမှာပါပဲ၊ ငါ့အတွက်တော့ အအားမနေတာဘဲ ကောင်းပါတယ်"

"အားတယ်လို့များ ရှိသေးလို့လားကွယ်"

"မအားတဲ့အထဲက ကိုယ်က အားလပ်ချိန်ကို ရှာနေတာ"

"အောင်မယ်.. အားရင် စမ်းချောင်းကို ပြေးမလို့လား"

မလေးနသည် မဲ့၍ပြုံးကာ ခေါင်းကိုညိတ်လိုက်၏။ သူသည် စိတ်ထဲတွင် ဖြစ်ပေါ်နေသော ဆန္ဒကိုလည်း မဖုံးကွယ်ချင်ပေ။

"နက်ဖြန်ကို ကိုယ်ဝန်သည်တွေကို လိုက်ကြည့်ရမှာ"

သူငယ်ချင်းလုပ်သူက အလုပ်စကား စ နေလေသည်။ မလေးနသည် ခေါင်းထောင်၍ ကြည့်ကာ ဝမ်းထဲမှ သူ့ကို ခွင့်လွှတ်ပါရန် ပြောနေမိ၏။ မေ့မေ့ပျောက်ပျောက်ဖြစ်အောင် သူ စကားကြိုးစား၍ ပြောလိုက်သည်။

"ငါတို့နည်းနဲ့ မွေးဖွားဖို့ကို နာဂအမျိုးသမီးတွေက လက်ခံချင်ပုံမရဘူး"

"ဒါကတော့ ကိစ္စမရှိပါဘူး၊ မွေးပြီးချိန်နဲ့ မွေးစ ကလေးတွေကို စောင့်ရှောက်ရတာပေါ့"

mgyoe.com

mgyoe.com

"အမှန်ကတော့ တို့ရဲ့ မွေးဖွားနည်းကို သူတို့ကိုပြဖို့လဲ အခါက မကြုံဘူး၊ သူတို့ကိုယ်တိုင်ကလဲ တောင်ပေါ်သားတွေ ဖြစ်နေတယ် မဟုတ်လား၊ သွားရလာရ တက်လိုက် ဆင်းလိုက်နဲ့ဆိုတော့ လေ့ကျင့်ခန်းတောင် ယူဖို့မလိုဘူး မဟုတ်လား၊ မွေးတဲ့အခါ လွယ်ကူနေတာကိုး"

သူတို့တဲတွင် အသံတွေတိတ်ကာ အတွေးကိုယ်စီနှင့် ငြိမ်၍နေကြပြန်သည်၊

*

နေရောင်သည် အရှေ့ဘက် တောင်တန်းကို ကျော်၍လာပေမင့် ယမန်နေ့တွေက လောက်မတောက်ပပေ၊

မနက်အစောကြီးကလည်း တောင်ခိုးတွေလွင့်၍လွင့်၍လာသည်၊ ရာသီဥတုများ ပြောင်းလဲ၍လာဦးမည်လား၊ လေတိုက်ပုံကလည်း ထန်၍လာသည်၊

မလေးနတို့သုံးယောက်သည် ဟတ္ထိရွာဘက်ကို ထွက်၍လာကြပြန်သည်၊

ရွာထဲသို့ ထွက်အလာတွင် ဗိုလ်မြဝင်းကို လမ်းမှာ တွေ့လိုက်၏၊ စမ်းချောင်းရှိရာသို့များ သူသွားနေမည်လား၊ မလေးနသည် အမှတ်မထင် လှမ်း၍ကြည့်နေမိ၏၊ အဖော်နှစ်ဦးကမူ ဗိုလ်မြဝင်းကို မြင်မိကြဟန် မတူပေ၊

ရွာထိပ်ရှိ ဆေးခန်းတွင် တချို့ပစ္စည်းများ ထားခဲ့၍ ရွာထဲသို့ ဝင်ခဲ့ကြလေသည်၊ အမှန်တော့ လူမမာကိုပဲဖြစ်ဖြစ်၊ ကိုယ်ဝန်သည်ကိုပဲဖြစ်ဖြစ် ဗိုက်ဆံပေး၍ပင် ကုရမည့်အတတ်မျိုး ဖြစ်ပေသည်၊ ယခုအခါတွင် သူတို့ ဓလေ့ထုံးစံကုထုံးထက် လောကဓာတ်ဆေးများ စွမ်းကြောင်းကို ပြနိုင်ပါမှ ယုံကြည်ကြမည့်အချိန် ဖြစ်ပေသည်၊ မလေးနတို့မှာလည်း တကယ့် ကျွမ်းကျင်သော ဆရာဝန်ကြီးများ မဟုတ်၍ အလွန်သတိထားရလေသည်၊

တစ်နေ့က ဆေးပေးခဲ့သော ကလေး နေမကောင်းသည့်အိမ်သို့ သူတို့လူစု ပထမဆုံး ဝင်ကြသည်၊ ဝင်သည်ဆိုပေမယ့် တဲထဲသို့ ဝင်ခွင့်မရကြပေ၊ အပြင်ကသာ မေးရလေသည်၊

တဲအတွင်းတွင်လည်း စုရုံးစုရုံးနှင့် ဘာလုပ်နေကြသည် မသိပေ၊

တဲဝရောက်လျှင် မောင်လှ ထွက်လာလေသည်၊

"မောင်လှ.. ဘာလာလုပ်တာလဲ"

"ကလေး ဒီမှာ သေသွားပြီ"

"ဟင်.. တစ်နေ့ကပဲ တို့ဆေးပေးတာ တော်တော်နေကောင်းလာပြီပဲ"

"အေး.. ညက နတ်ကို မေးတယ်၊ နတ်က ကြက်သွေးတိုက်ရမယ်ဆိုလို့ တိုက်တာပဲ၊ ခု မနက်အစောကြီး သေသွားတယ်"

တဲထဲမှ ငိုသံများကို ကြားရသည်၊ သူတို့လေးယောက် အဝကို ရောက်နေပေမယ့် ဘယ်သူမှ လှမ်း၍ စကားမပြောကြ၊ ကလေးမှာ သူတို့သဘာဝအလျောက် ကုသသည်ဆိုပေမယ့် ကြက်သွေးအရှိန်ကြောင့် တစ်ခုခုဖြစ်ပြီး သေဆုံးသွားဟန် တူသည်၊ အဖွဲ့သူထဲမှ မသန်းသန်းမှာ စဉ်းစား၍နေသည်၊ ကလေးသေသည်ကို အကြောင်းပြ၍ နောင်ကို ကြက်သွေး မသုံးရန် ပြောပြရ ကောင်းမလား၊

mgyoe.com

mgyoe.com

ဒါပေမဲ့ လောလောဆယ် ကလေးသေရခြင်းမှာ သူတို့ကြောက်သွေးကြောင့်ဟု စွပ်စွဲလိုက်လျှင် လက်ခံခဲ့မှ တော်ပါ၏၊ လက်မခံဘဲ သူတို့ဓလေ့ထုံးစံကို စွပ်စွဲစော်ကားရမည်လားဟု ဒေါပွမှုဖြင့် ရွာထဲကိုပင် ဝင်ရတော့မည်မဟုတ်ပေ။

ဒီတစ်ခါ ရောက်၍ထွက်လာခြင်းက ကောင်းမည်ထင်သည်၊ သူတို့သည် အားပေးစကားကို မောင်လှမှ ပြောကြားခဲ့၍ တဲအနားမှ ခွာခဲ့ရတော့သည်။

တော်ပေသေး၏၊ အကယ်၍ မလေးနတို့ ကုနေတုန်း သေ၍များသွားလျှင် နောက်တစ်ခါ ရွာထဲသို့ ဝင်ကြရမည် မဟုတ်တော့ပေ။

ဆေးခန်းကို ပြန်ရောက်၍ ထိုင်လိုက်လျှင်ပင် မောင်လှနှင့် နာဂနှစ်ယောက် ရောက်လာတော့သည်၊ နာဂတစ်ဦး၏ပေါင်ရင်းရှိ အနာကြီးကို လာ၍ပြခြင်းဖြစ်လေသည်၊ အနာမှာ အိုင်းကျ၍ နွတ်ခမ်းကြီးတွေ ထူနေလေသည်၊ ရေနှင့် တစ်ခါမှ တွေ့ပုံမပေါ်ပေ၊ ချေးနှင့် ဖုန်တွေမှာ အနာပတ်ဝန်းကျင်တွင် ဗရပျစ်ဖြစ်နေရုံမက သန်းကြီးမတွေကလည်း အနာကို တွယ်၍ ခဲနေကြသည်မှာ အသည်းယားစရာ ကောင်းလှသည်၊

ဆေးထည့်ပေးရပေမယ့် အခက်အခဲတစ်ခုမှာ နာဂတို့သည် ငြိမ်ငြိမ်နေ၍ ကြာရှည်မခံခြင်းပင်ဖြစ်လေသည်၊ အနာဆေးတာကိုရော၊ ဆေးထည့်ခြင်းကိုရော တစ်ပြိုင်နက်ကျအောင် သုံးယောက်စလုံး ပြိုင်တူ လုပ်ရလေသည်၊ ဒါပေမဲ့ ခက်ပြန်ပြီ၊ သန်းကြီးမတွေက ရေဆေး၍ မရ၊ တစ်ကောင်ချင်း ကောက်ပစ်ရ၍ ကြာလာပြန်သည်၊ မောင်လှမှတစ်ဆင့် တောင်းပန်၍ အချိန်ကြာရခြင်းကိုပင် သည်းခံရန် ပြောရလေသည်၊ ရေနွေးနှင့် ဆေးကြော၍ ဆေးထည့်ပြီးသည်နှင့်တစ်ပြိုင်နက် တစ်ခါတည်းပင် အပြင်သို့ ထွက်သွားကြတော့သည်၊

ဆေးတစ်ခါထည့်ရသည်မှာ သုံးယောက်လုံး ချွေးပြိုက်ပြိုက်ကျ၍ မောသွားတော့သည်၊ မျက်စိထဲတွင်တော့ သန်းကြီးမတွေ ခဲနေသော အနာအုံ နီရဲရဲကြီးကိုသာ မြင်၍နေကြတော့သည်၊ နောက်နေ့တွင် ဆေးဆက်၍ထည့်ဖို့ကိုလည်း ထိုနာဂကို အတော်ရှာရဦးမည် ဖြစ်လေသည်၊

အပြင်တွင် နေရောင်မှိန်၍ သွားပြန်သည်၊ လေတိုက်ပုံကလည်း မနက်ကလို မဟုတ်တော့၊ မိုးသက် ပါလာဟန်ရှိလေသည်၊

သူတို့သည် ပစ္စည်းတွေ စု၍ စခန်းသို့ပြန်ရန် ပြင်ကြတော့သည်၊

တဲမှထွက်သည့်တစ်ပြိုင်နက် လေက တဝိုးဝိုးနှင့် ပို၍တိုက်လာသည်၊ အဝေးရှိ သစ်ပင်ကြီးတွေမှာလည်း ယိမ်းယိုင်နေကြလေသည်၊ အပင်ငယ်လေးတွေကလည်း ခိုက်ခိုက်တုန်နေပုံရလေသည်၊ စခန်းသို့သွားရာ ခြေသွားလမ်းပေါ်တွင် တောင်ဇလပ်တွေမှာ ပြန့်ကျဲနေသည်၊ ဝတ်လွှာလေးတွေကလည်း ကစဥ့်ကရဲဖြစ်နေသည်၊ သစ်ပင်ထိပ်မှ သစ်ခွပန်းတစ်ခက်သည်လည်း လေရှိန်နှင့် လွင့်၍ မြေပေါ်တွင် ကြွေကျနေသည်၊

လေတိုက်လိုက်မှ သစ်ခွပန်းရနံ့တွေနှင့် ရှက်သစ်နံ့များ သင်းနေသော တောရနံ့သည် ထိုး၍ဆွလိုက်သလို မွှေးလာတော့သည်၊

mgyoe.com

mgyoe.com

ယခင်က တိတ်နေသည်ထင်ရသော တောမှာ သစ်တောက်ငှက်၏ တောက်သံက ပို၍ ကျယ်လာသည်၊ ငှက်လေးတွေကလည်း ဘယ်သစ်ပင်မှ ကြာကြာမနားကြ၊ သူတို့ ကြည့်ရသည်မှာ ယောက်ယက်ခတ်လှသည်၊

တောလုံးပင် ဆူ၍လာသလို လေသံသည် သစ်ရွက်တွေကို မွှေနှောက်ပစ်လိုက်၏၊ သစ်ရွက်လေးတွေ၏ တီးတိုးညည်းသံမှာ စိတ်လှုပ်ရှားစရာ ကျယ်လောင်လာတော့သည်၊ သူတို့ စခန်းသို့ ပြန်ရောက်ချိန်တွင် မိုးပေါက်တွေ ကျ၍လာကြပြန်သည်၊ တောင်ခိုးတွေမှာ သိပ်သည်းလာ၍ နေရောင်ပင် ပျောက်သလိုဖြစ်ကာ မှောင်၍လာတော့သည်၊

ရာသီဥတု အပြောင်းအလဲမှာ မြန်လှချည်ကလား၊ လျှပ်စီးတွေ လက်ပုံကလည်း အနားမှာ ကပ်၍ ငွေမျှင်တန်းကြီးတွေ ယှက်၍နေသလို တဝင်းဝင်းလက်၍ သွားသည်၊ စိန်ခက် စိန်ပန်းတွေလို သစ်ခက်တွေကြားထဲကိုလည်း ဝင်၍သွားကြသည်၊ မိုးပေါက်တွေ ရွာပုံကလည်း ကျောက်ခဲကို သွန်လိုက်သလို တဝုန်းဝုန်းကျလာတော့သည်၊

မိုးကြားမှ လေကလည်း တောင်ကိုဖောက်ကာ အော်၍တိုက်ကြသည်၊ တောင်ကုန်းလေးတွေကိုပင် ဆွဲ၍လှုပ်လိုက်သလို ထင်ရသည်၊ မနက်က တွေ့လိုက်သော အပ္ပရိုန်ပင် ဘယ်ရောက်သွားသည် မသိ၊ ချက်ချင်းပင် ပြောင်းလဲကာ အေးစိမ့်သွားတော့သည်၊

မိုးကို တွေ့ကြရပြန်လေပြီ၊

⁂

တောင်ပေါ်မိုးသည် ဆက်၍ ဖွဲနေပြန်သည်၊

နောက်နေ့တွင် နေရောင်ကို တွေ့လိုက်သလို ရှိ၏၊ သစ်ရွက်တွေအားလုံး စိမ်းလန်း၍ တစ်တောလုံး မိုးရေ မိုးစက်တွေနှင့် လွှမ်းနေသည်၊

မိုးက ရွာပြီး ဆက်ရွာသောအခါ နေခြည်မျှင်တန်းလေးတွေသည် သစ်တောများပေါ်မှ ပျောက်၍ သွားကြပြန်သည်၊ တောကိုဖြတ်လာသော လေကလည်း ရေခဲပြင်ကို ဖြတ်လာသလို အေးလှ၏၊

မလေးနတို့ တဲများအားလုံးမှာ မိုးရေအောက်တွင် တင်း၍ခံနေကြသည်၊ ညက ရွက်ဖျင်တဲ၏ အစပ်မှ ဖောက်၍ မိုးရေတွေ စီးဝင်လာသေးသည်၊

တစ်ညလုံး ကောင်းကောင်းအိပ်လိုက်ရသည် မရှိပေ၊ မနက်တွင်လည်း မိုးက မစဲပေ၊ ကြိုးသိုင်းဖိနပ်ကို စီး၍ မိုးကာအင်္ကျီတွေကို ထုတ်ကြရသည်၊ သန်းသန်းသည် တဲဝမှ ဟတ္တိရွာဘက်သို့ မျှော်ကြည့်၏၊ သူတို့သုံးဦးလုံးသည် ဦးထုပ်ကိုယ်စီဆောင်း၍ ရွှံ့ဗွက်ထဲ နင်းကာ လျှောက်လာကြသည်၊ ဟတ္တိရွာဘက်သို့ သွားရာ ခြေသွားလမ်းမှာ ရွှံ့ရေနှင့် ချောနေသည်၊ တောင်စောက်ကြားများသို့ မိုးရေများ စီးကျသံတွေကို တစ်လမ်းလုံးကြားလာရသည်၊

မလေးနသည် ညဥ့်က အိပ်မပျော့်တပျော်တွင် စမ်းချောင်းလေးကို အိပ်မက် မက်လိုက်သေးသည်၊

ရေစီးသံမှာ စမ်းချောင်း၏ ရယ်သံလို ရွှင်စရာကောင်းသည်၊ သူသည် စမ်းချောင်းဘေးတွင်

mgyoe.com

. com


ဟာစ်၍ဟာစ်၍ရယ်သည်၊ သူ့ရယ်သံနှင့် ရေစီးသံသည် ကာရန်ညီကြသောအခါ သစ်ရွက်တွေက ငြိမ့်ငြိမ့်လေး ကြွေကာ သူ့ဘေးတွင် ဝဲ၍ကကြသည်၊

သစ်ရွက်လေးတွေ လူ့ပ်တိုင်း ရေစက်မှုန်းလေးတွေကလည်း ဖွား၍ကျကြလျှင် သူ့ဘေးမှာ စိန်တွေဖြန့်ကြဲ၍ နေကြပြန်သည်၊ နောက်တစ်ခါ သူပြန်၍ရယ်လိုက်သည်တွင် အိပ်ရာမှ လန့်နိုးရပြန်သည်၊

ဩော်.. ဘဝဆိုတာ အိပ်မက် မက်ရသည်မှ ကောင်းပါသေး၏၊ အိပ်မက်လို မိန်းမောရ၍ စိတ်ကူးယဉ်ရသည်ကမှ တော်ပါသေး၏၊ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်လျှင် ဘာမှမကောင်းပါလား၊

စမ်းချောင်းကို မသွားရသည်မှာ ခုနစ်ရက်ပြည့်တော့မည်၊ မိုးတွေ သည်းလွန်း၍ စမ်းချောင်းဘေးကလည်း လှပချင်မှ လှပတော့မည်၊ ဒါပေမဲ့ တစ်ခေါက်တော့ သွားလိုက်ချင်သေးသည်၊ ကျောက်ခဲလေးတွေပေါ်မှာ ပြေး၍ နေချင်သည်၊

အလုပ်ကိုမှန်မှန်ကြိုးစား၍ လုပ်နေပေမယ့် မလေးနသည် အရင်လို ဟက်ဟက်ပက်ပက် မရယ်လှပေ၊ ယနေ့ ဆေးခန်းကများ ပြန်လျှင်တော့ နေသာပါစေ၊ ခုနေများ ပူပူနွေးနွေး နေရောင်ကိုသာ မြင်ရလျှင် သူသည် စမ်းချောင်းကို ပြေး၍သွားမည်၊ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာ ဖြစ်စေတော့ သူ့ဘဝကို သူ မကျေမနပ်ဖြစ်နေသည်မှာ ကြာပေပြီ၊

"ငါ့ကို ဘယ်တော့များမှ လူတွေဟာ နားလည်ပါ့မလဲ" သူသည် အရင်ကတော့ ငိုခဲ့မိသည်၊ ယခုတော့ ငိုရဖန်များသောအခါ ရှိုက်၍ပင် မရတော့ပေ၊

တော်ပေသေး၏၊ မြို့မှာလိုတော့ ယခုနေရာမှာ လူမများပေ၊ လူထက် သစ်ပင်နှင့် တောင်တွေသာ ပို၍များသည်၊ ပန်းပွင့်လေးတွေ၊ စမ်းချောင်းလေးတွေကလည်း လူထက်သာသည်၊ သူတို့နှင့် တွေ့ဆုံရခြင်းသည် လူနှင့် တွေ့ရသည်ထက် စိတ်ချမ်းသာသည်၊

ဒါပေမဲ့ သူနှင့် အတူပါလာကြသည့် ဤလူ ၂၀ လောက်ရှိ အဖွဲ့သားများကလည်း သူ့ကို နားလည်ကြပုံမပေါ်၊

မလေးနသည် သူ့တွင် ဘာအပြစ်ရှိသည်ကို နားမလည်ခဲ့ပေ၊ ခဏခဏဆိုသလိုတော့ လူ့အဖွဲ့အစည်းများမှ ထွက်၍ ပြေးလာခဲ့ရပေါင်း များခဲ့လေသည်၊

ယခုလည်း လွတ်မှ လွတ်ပါစေတော့သဘောနှင့် သူသည် အဝေးဆုံးကို ပြေးခဲ့၏၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးပေပဲ၊ ယခု တောနက်ရာကို ရောက်ခဲ့၏၊ သူ မဝင်ဆံ့သော လူ့အဖွဲ့အစည်းများမှ ကျွတ်လွတ်ခဲ့လေပြီ၊

မလေးနသည် ဘဝသက်တမ်းအားဖြင့် ငယ်သေးသည်မှန်၏၊ လောကကို သူဝင်ဆံ့သမျှ ခေါင်းပြူ၍ကြည့်တိုင်း သူ့ခေါင်းကို တုနှင့် ရိုက်ကြ၏၊ ယခုတော့ သူသည် ဘာကိုမှ မကြည့်ရဲသလို ကြောက်နေတော့သည်၊

မေမြို့ (ပြင်ဦးလွင်) သူဖြစ်၍ ခဏခဏလွမ်းဖွယ်ကောင်းသော မေမြို့ကိုလည်း အောက်မေ့မိ၏၊

အိပ်ပျော်သွားတိုင်းလည်း သူ့ဝိညာဉ်မှာ မေမြို့ကို ရောက်အောင်သွားတော့သည်၊ ယူကလစ်

mrgyoe.com

mgyoe.com

ဆီနှံ့ သင်းသောလေကို ရှူရှိုက်ရခြင်းကိုက စိတ်ကို ပို၍လန်းဆတ်စေသည်။ ယခင်ကတော့ မြက်ခင်းပြင်ပေါ်တွင် သူသည် ပြေးခုန်ကစားခဲ့၏။ တောင်ကုန်းများပေါ်တွင် သီချင်းဟစ်၍ ဆိုခဲ့သည်။ ဘာပဲဖြစ်ဖြစ် နေရထိုင်ရသည်မှာ ပွင့်လင်းလှပါကလား။

မေမြို့က ထွက်လာကတည်းကိုက ဘာမှမလွတ်လပ်၊ လူလူချင်းကိုပင် ရဲရဲမကြည့်ရပေ။ အမေ့ကိုလည်း အောက်မေ့ရသည်မှာ လွန်ပါရော။ အမေ့ဆီကို ပြန်သွားချင်သည်။ အမေသည် သူ့အကြောင်းကို အကုန်သိသည်။ အမေနှင့် နေရသည်က ဘာပဲဖြစ်ဖြစ် အဆင်ပြေသည်။ အမေ့ရင်ခွင်လို ဘယ်နေရာမှ မသာယာတော့ပါကလား။

မေမြို့မှာ နယ်ကျဉ်းလွန်းလှသည်။ ဝမ်းရေးအတွက်တော့ အကွက်မများလှပေ။ သူ့မှာလည်း ၁၀ တန်းအောင်သည်ကလွဲ၍ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မရှိပေ။

သူနာပြုလက်မှတ်မရဘဲ သူ့ကို ဆရာမလေးအဖြစ် ခန့်ထားသော ဒေါက်တာ ပေါလ်ကိုလည်း တစ်ခါတစ်ခါ လွမ်းမိ၏။ လက်မှတ်မရှိပေမယ့် စေတနာရှိသည်ကို ပေါလ်တစ်ယောက်ကပဲ နားလည်သည်။

မန္တလေးတွင် နှစ်ဝက်လောက်ပဲ I.C.S တွင် သင်လိုက်သည့် ဆေးပညာအခြေခံဆို၍ သူ့တွင် ဒါပဲ ရှိသည်။

ဒါပေမဲ့ ပေါလ်၏ စေတနာနှင့် ပေါင်းလိုက်သောအခါ သူသည် တကယ့်ဆရာမနှင့် တူလာသည်။ ပေါလ်သည် အပြင်တွင် သီးသန့်ဆေးခန်းဖွင့်ထားသူ ဖြစ်လေသည်။

အမေကလည်း ကလေးတွေ မွေးလိုက်သည်မှာ တစ်ပုံကြီး။ မလေးနသည် တစ်ခါတစ်ရံတွင် သူ့အောက် အငယ်လေးတွေ မည်မျှရှိသည်ကို မရေချင်တော့ပေ။

မောင်နှမသားချင်းတွေက များလာသလောက် သူ့ဝင်ငွေလေးက နည်းသွားသည်။ အမှန်တော့ ဝင်ငွေလျော့သွားသည် မဟုတ်ပေ၊ လူများလာ၍ မလောက်ငခြင်း ဖြစ်ပေသည်။

ပေါလ်မှာ သူ့အဖြစ်ကို နားလည်ပေမယ့် လခကို တိုးမပေးနိုင်ပေ။ သူကိုယ်တိုင်က လူနာတွေအမြောက်အမြားကုရသလောက် စေတနာ့ဝန်ထမ်းက များနေလေသည်။

အမေ အိုမင်းလာ၍ ကလေးမမွေးပြန်တော့လည်း ကြီးပြင်းစ ပြုလာသည့် ဒီကလေးတွေ၏ ပညာသင်ရေးနှင့် ဝတ်ရေး စားရေးတွေမှာ သူ့ခေါင်းတွင် လေး၍လာသည်။

သူသည် ဘာကိုမှ တာရှည် တွေး၍မနေပေ။ တွေးနေတော့လည်း စိတ်ချမ်းသာတော့မည်မှ မဟုတ်ဘဲ၊ အလုပ်ကပြန်လျှင် မိုးစုတ်စုတ်ချုပ်အောင် လည်၏။ ဒါပေမဲ့ သူလည်သည်မှာ လူတွေဆီသို့ မဟုတ်၊ အိမ်နောက်ဘက်ရှိ တောတန်းကို ပြေး၏။ တောစပ်သို့ ရောက်လျှင် သူ့ဆိုင်ကယ်ကို သစ်ပင်ရင်းတွင် ထောင်၍ သူသည် မြက်ခင်းပေါ်တွင် လှဲလိုက်၏။ တစ်ခါတစ်ရံတွင် ပက်လက်လှန်ရင်း သူ့ခေါင်းပေါ်ရှိ သစ်ရွက်တွေကို ရေမိ၏။

သစ်ရွက်များ လှုပ်ရှားတိုင်း သူသည် သီချင်းကို ဟစ်၍ဆို၏။ ပျော်လိုက်သည့်ဖြစ်ခြင်း၊ သီချင်း

mgyoe.com

mgyo.com

သံမှာ တောကို ပဲ့တင်ထပ်၍ ပြန်လာသောအခါ မြိုင်လှသည်။ လက်ခုပ်ကို အားရပါးရ တီး၍ ဟက်ဟက် ပက်ပက် ရယ်ရသည်ကလည်း အရသာရှိလှသည်။

တစ်နေ့လုံး ဒေါက်တာ့နောက်မှ လိုက်ရ၍ လူနာတွေကို ကြည့်ရသည်။ နွမ်းနယ်မှုများမှာလည်း အားလုံးပျောက်ကုန်တော့သည်။

သူတို့အိမ်မှာ တဲတန်းလျားရှည်ကြီး ဖြစ်ပေမယ့် မြက်ခင်းတွေ ဝိုင်းနေသည်။

မိုးဦးကျလျှင် မြေနိမ့်ပိုင်းတွေမှာ ရေဝပ်၍ နေတတ်သည်။ မိုးဆိုလျှင် တစ်တောလုံး စိမ်း၍လာသည်။ သူသည် တောစပ်မှ အိမ်ဘက်ကို ငေးရသည်မှာ အရသာရှိလှ၏။

ဖျိုင်းအောက်တွေက ရေစပ်တွင် တရွေ့ရွေ့ လျှောက်နေကြသည်။ မြက်ခင်းကြားထဲတွင် ဖျိုင်းတွေမှာ ပန်းပွင့်ဖြူကြီးတွေ လေရှိန်နှင့် ရွေ့နေသလို ထင်ရသည်။ မြက်ခင်းထောင့်တွင် သူတို့အိမ်လေးက ပန်းချီဆန်လှသည်။

ဒါပေမဲ့ ဒီမိုးဦးစ ကို ပြန်လည်တွေးတောမိတိုင်း မျက်လုံးတွင် မျက်ရည်က ဝိုင်းရပြန်သည်။

ချစ်ရသည်ဆိုသည်မှာလည်း ကောင်းပါ၏။

ချစ်ခြင်းသည် မြတ်ပါ၏။ ဒါပေမဲ့ ကွေကွင်းရခြင်းကြောင့် ခံစားရသော ဝေဒနာမှာလည်း မသက်သာလှပေ။

ဒါလောက် ဆင်းတောင့်ဆင်းရဲနှင့် လုပ်ကိုင်ရှာဖွေစားနေရသော ခန္ဓာကိုယ်တွင် 'အချစ်' ဝင်၍ နိုအောင်းရသည်ကို သူသည် တစ်ခါတစ်ခါ အံ့ဩမိ၏။

ကိုဖေအောင်ကို ချစ်စဉ်ကလည်း အမှန်အတိုင်း ဝန်ခံရလျှင် သူ့ကို အားကိုးစိတ်၊ နိုကိုးလိုစိတ်များ လုံးဝမရှိခဲ့ပေ။ သူ၏ ဆင်းရဲချို့တဲ့မှုများကြောင့် ကိုဖေအောင်ထံမှ ငွေကြေးကို သူသည် ယောင်၍မှ မတွက်မိပေ။

တောစပ်ကို သူပြေးလာတိုင်း ခပ်လှမ်းလှမ်းတွင် ကိုဖေအောင်ကို အမှတ်တမဲ့ တွေ့ရတတ်သည်။ တစ်ညနေ မိုးတွေသည်းတုန်းတွင် သူသည် တောစပ်မှ မပြန်နိုင်ပေ။ သစ်ပင်ရင်းတွင် ထိုင်၍ နေရသည်။ သစ်ရွက်တွေက စိတ်နေ၍ မိုးပေါက်များ သူ့ကိုယ်ပေါ်ကို အကျသက်သာပေသည်။

ထိုညနေက ကိုဖေအောင်သည် သူ့အနားကို ရောက်လာသည်။

"မိုးရေတွေ စိုကုန်ပြီ"

မလေးနုသည် မော်၍မကြည့်ခင်ကပင် ကိုဖေအောင်မှန်း သိပြီးဖြစ်သည်။ မေမြို့ရှိ လူတွေအားလုံးကို အိမ်ပေါက်စေ့မတတ် သူက သိသည်။ သူသည် ကိုဖေအောင်ကို မော့၍စေ့စေ့စပ်စပ်ကြည့်၏။ ဘယ်တော့မဆို မလေးနုသည် ကြည့်ပုံကအစ ရဲတင်းသည်။ စကားပြန်ပြောချင်ပေမယ့် ပြော၍မရ၊ ခဏတော့ ငေး၍နေမိသည်။ ပြီးတော့ လွှတ်ခနဲထွက်သွားမိသည်။

"ရှင်ဟာ တော်တော်ရှောတဲ့လူပဲ"

သူသည် ပြောရင်း မတ်တတ်ရပ်ကာ အားနာသလိုဖြစ်သွားမိ၏။ ကိုဖေအောင့်မျက်နှာကို မကြည့်ရဲသလို ဖြစ်လာပြန်သည်။

mgyo.com

 mgyoe.com 

"မင်းက စကားပြောတာ ရှင်းလိုက်တာ၊ ရေတွေ သိပ်စိုကုန်မယ်၊ မိုးကာကို ယူပါလား"

မလေးနုသည် စိတ်ပျက်သွားသည်။ သူ့ဝမ်းထဲရှိသည်ကို ဘာဖြစ်၍များ မြင်ထား၍ မရပါလိမ့်။ အတွေးနှင့် အပြောမှာ တစ်ပြိုင်နက်တည်း ကျ၍သွားသည်။

"ကျွန်မမျက်စိထဲမှာ လှလို့ လှတယ်ပြောတာပါနော်.. အထင်တော့ မလွဲပါနဲ့"

"မလွဲပါဘူးကွယ်၊ ကိုယ်က အဲဒီလိုပြောတာ သဘောကျပါတယ်"

"ကျွန်မမှာတော့ ဝေဒနာလိုပဲ ဖြစ်နေတာပဲ၊ စိတ်ထဲမှာ တွေးမိတဲ့တစ်ပြိုင်နက် ပြောလိုက်ရမှ၊ ရှင်က သူစိမ်းဖြစ်နေတော့ ပြောမိတာကို အားနာနေတယ်"

"မင်းကသာ သူစိမ်းထင်တာပါ၊ ကိုယ် ဒီတောစပ်ဘက်ကို လျှောက်လာတိုင်း မင့်ကို မြင်နေသားပဲ"

"ကျွန်မကလဲ ရှင်ဟာ ကိုဖေအောင်ဆိုတာတော့ မြို့ထဲမှာ သိနေတာပဲ၊ ဒါထက်တော့ ဘာမှ ပို မသိပါဘူး"

ကိုဖေအောင်သည် ပြုံး၍ သူ့ကို မိုးကာအကျီလှမ်းပေးလိုက်သည်၊ အမှန်တော့ မိုးကာအကျီမှာ မလိုတော့ပေ၊ မိုးစဲသွား၍ အနောက်တွင် နေရောင်မှာ လင်းလာသည်၊ မိုးသားစင်စ ပြု၍ ဝါနေသော နေခြည်မှာ သစ်တောထိပ်ဖျားကို လွှမ်းနေသည်၊

"ကျွန်မ မလိုချင်တော့ဘူး... မိုးစဲသွားပြီ"

"မင်းပြန်တော့မလို့လား၊ ကိုယ့်မှာ ထီးလဲ ပါတယ်" သူသည် ထီးကို လှမ်းကြည့်၍..

"ကျွန်မမှာ ထီးဝယ်စရာတောင် ပိုက်ဆံမရှိဘူး"

သူတို့နှစ်ယောက် တောစပ်မှ ထွက်လာချိန်တွင် နေရောင်မှာ ဝါ၍လာသည်၊ မြက်ခင်းတွေမှာ နင်းလိုက်တိုင်း ရေတွေ စည်၍ ထွက်လာ၏၊ အဝေးတွင် ဗျိုင်းတစ်အုပ်သည် နေ ခြည်ထဲမှာ မြူးနေ သည်၊

"သိပ်လှတာပဲနော်၊ မိုးရွာပြီးမှ နေရောင်ဟာ ပိုလှတယ်"

ကိုဖေအောင်က သူ့ကို ထီးမိုး၍ လျှောက်ရင်း ပြောလာသည်၊

"မင်းတို့အိမ်က ဘယ်မှာလဲ"

"ဟိုထောင့်က မြင်ရတဲ့ တဲတန်းပေါ့၊ ကျွန်မတို့မှာ မောင်နှမက များတော့ သိပ်ဆင်းရဲတာပဲ"

ကိုဖေအောင်သည် ပြုံး၍နေပြန်သည်၊

"မိန်းကလေးရယ်.. မင့်ဝမ်းထဲမှာ ဘာမှဖွက်မထားတော့ပါလား၊ ကိုယ်ဖြင့် ဒါမျိုးကို သိပ်ချစ် တာပဲ"

မလေးနုသည် မဲ့လိုက်၏၊

"အကြောင်းမထူးတဲ့ အဖြစ်တွေကို ဘာလို့ ဖုက်ထားရမှာလဲ၊ ရှင်နဲ့ ကျွန်မ ခု မိတ်ဆွေ ဖြစ်ကြ ပြီပဲ၊ ဟန်လုပ်ပြောနေလဲ ပိုနေတာပဲ"

"အေးပေါ့၊ ကိုယ်ဖြင့် ဒီညနေ သိပ်ပျော်တာပဲ၊ ကိုယ့်မှာ မိတ်ဆွေလဲ တိုးလာတယ်"

mgyoe.com

mgyoe.com

သူတို့နှစ်ယောက်သည် တဲဝင်းထဲကို ရောက်လာသည်၊ တံစက်မြိတ်တွင် ရေစက်လေးတွေ ကျနေတုန်းဖြစ်သည့်အထဲတွင် မှောင်နေ၍ အမေသည် မီးတိုင်ကို ထွန်းနေသည်၊

"မိန်းကလေး.. မိုးမိနေပြီထင်တယ်"

"ဟုတ်တယ်အမေ၊ ဒီက.. ကိုဖေအောင် လိုက်ပို့လို့ပဲ"

မလေးနသည် တဲဝတွင် ထီးကို ပိတ်၍ ပြန်ပေးလိုက်သည်၊ အမေသည် တဲဝထိ လျှောက်လာ၍ ကိုဖေအောင်ကို လာကြည့်သည်၊ အမေကို ပြုံး၍ နှုတ်ဆက်သောအခါ ပို၍ လှသည်၊ သူ့မျက်လုံးတွေမှာ အစဉ်ရယ်နေသလို ဖြစ်သည်၊

"ကျွန်တော်လဲ မိုးချုပ်နေမှာစိုးလို့ ခွင့်ပြုပါဦး"

သူတို့အားလုံးကို နှုတ်ဆက်၍ ကိုဖေအောင်သည် တဲဝင်းထဲမှ ထွက်သွားသည်၊

"ဒီသူငယ်က သမီးမိတ်ဆွေလား"

"ဆိုပါတော့၊ ခုမှ ဆုံမိကြတယ်၊ သမီးကတော့ အားလုံးကိုသိပါတယ်၊ သူ သစ်တောဝန်ထောက် ကိုဖေအောင်ပေါ့၊ သူကတော့ ခုမှပဲ သမီးကို သိတယ်"

အမေသည် ဘာမှမပြောတော့ဘဲ တဲနောက်ဘက်ခန်းကို ဝင်သွားသည်၊ ကောင်လေးတွေ ကောင်မလေးတွေမှာ အိမ်လယ်က မီးတိုင်အောက်တွင် စကားပြောနေကြသည်၊

"လေးလေး ပြန်လာပြီဟေ့"

သူတို့ထဲမှ တစ်ယောက်က လှမ်းအော်ပြောလိုက်သည်၊

"လေးလေး နောက်ပြီးတော့မှ စာကျက်မယ်၊ အခု လေးလေး ထမင်းစားတဲ့နေရာကို လာချင်တယ်"

သူတို့အာလုံးသည် မလေးနနားကို ဝိုင်းလာသည်၊

"ကဲ.. လာကြ"

မလေးန ထမင်းပွဲတွင် သူတို့ ဝိုင်း၍ တစ်ယောက်တစ်ပေါက်ပြောကာ တဝါးဝါးရယ်နေကြသည်၊

အမေကြော်ပေးသော ဘဲဥကြော်ကပဲ အရသာရှိ၍လား၊ ကလေးတွေကပဲ ပျော်စရာကောင်း၍လား မသိ၊ ယနေ့ညနေစာမှာ စား၍ကောင်းလှ၏၊

မီးတိုင်အောက်တွင် ကလေးများ မျက်နှာကြည်ကြည်လင်လင်ရှိသည်၊ ဒီလိုရှိလျှင်ပဲ ကျေနပ်လှပေပြီ၊ တစ်ယောက်များ နေမကောင်းလိုက်လျှင် ငွေကုန်လှသည်၊ သူတစ်ယောက်သာ စစ်မဖြစ်ခင်က စရစ်ယာန် သာသနာပြုကျောင်းတွင် အလကားနေခဲ့ရသည်၊ ကလေးတွေမှာ စစ်ဖြစ်တုန်း မွေးဖွားကြီးပြင်းလာရ၍ စာသင်ရသည်မှာ ဗယောက်ဗယက်နိုင်လှသည်၊ ညနေတိုင်း ကလေးတွေကို အင်္ဂလိပ်စာလည်း ပြရသေးသည်၊

ကလေးတွေနှင့် ခွဲလာခဲ့ရသည်မှာလည်း ရင်ထဲတွင် ဟာလှသည်၊ ဘာပဲဖြစ်ဖြစ် မိသားတစ်စု ပျော်ပျော်ရွှင်ရွှင်နေခဲ့ရသော တဲတန်းလျားကြီးကို အောက်မေ့လှသည်၊

*

mgyoe.com

mgyoe.com

ညနေတိုင်းတွင် ကိုဖေအောင်နှင့် တွေ့ကြသော တောစပ်သည် ယခင်ကထက် ပို၍ စိုပြည်လာသည်။ ချစ်ရောင်ခြည်သည် ပတ်ဝန်းကျင်ကို လွှမ်းမိုးလာသောအခါ မြက်ခင်းသည်ပင် မြကော်ဇောအဖြစ်သို့ ရောက်လာတော့သည်။

တော၏အလှရိပ်တွင် ယခင်လို တစ်ယောက်ချင်း ဆိတ်ငြိမ်၍ မနေကြရတော့။ ပြောစရာစကားတွေကလည်း ပါးစပ်ဖျားမှာ အစဉ်တိုးဝှေ့၍ ဘယ်တော့မှ မကုန်ခန်းတော့ပါကလား။

မလေးနသည် ပန်းပန်ဖို့ ဝါသနာမပါပေမယ့် ကိုဖေအောင်က တောပန်းခရမ်းရောင်တွေကို သီပေးသောအခါ သူသည် ဝေဝေဆာဆာ ပန်လိုက်၏။

"နမှာ အလှတွေ အများကြီးရှိတာပဲ၊ နက ကိုယ့်အလှကိုလဲ မဖော်တတ်ဘူး"

မလေးနသည် ဟက်ဟက်ပက်ပက် ရယ်၏။ ရယ်သံကိုက ပွင့်ပွင့်လင်းလင်းနှင့် ရှင်လှသည်။

"ဘယ်မိန်းမ မဆို လှချင်တာပေါ့၊ ဒါပေမဲ့ ဘယ်တော့များမှ အလှကို အချိန်အား ယူပြီး သရုပ်ဖော်နိုင်မယ် မသိဘူး၊ ခုတော့ အချိန်အားကို မရှိဘူး၊ တကယ်တော့ ကိုဖေအောင် ရယ်.. ကျွန်မဟာ သိပ်ပင်ပန်းတာပဲ"

သူသည် ခပ်ဟိုက်ဟိုက် ပြောနေသည်။

"ကိုယ်နဲ့ အတူနေရတဲ့အခါ နအတွက် အနားယူချိန်ပေါ့"

မလေးနသည် ငြိမ်၍ အကြာကြီး စဉ်းစားနေရာမှ..

"ဘယ်လိုမှ မပြောနိုင်သေးပါဘူး၊ ဘာပဲဖြစ်ဖြစ် စိတ်ကူးယဉ်တာပဲ ကောင်းပါတယ် အချစ်ရယ်၊ တကယ့် အကောင်အထည်ဆိုတာက ဖြစ်ချင်မှ ဖြစ်မယ်၊ ပြီးတော့ နဖူးတွေ့ဒူးတွေ့ တွေ့ကြရတော့ စိတ်ကူးယဉ်သလိုတောင် ကောင်းမှာမဟုတ်ပါဘူး"

သူသည် ခပ်လေးလေးပြော၍ မြက်ရွက်လေးတွေကို ချေနေသည်။ ကိုဖေအောင်မှာ သူ့စကားကို နားမလည်နိုင်လောက်အောင် ဖြစ်သွားတော့သည်။

နေရောင်မှိန်သွားသောအခါ နှစ်ယောက်လုံး တောစပ်ကိုဖြတ်၍ လျှောက်ပြန်ကြရသည်။

မလေးန စိတ်ထဲတွင်တော့ သူ လုပ်နေသည်မှာ အိပ်မက်ထဲကလိုပဲ ထင်သည်။ တကယ် အစစ်အမှန်ပဲဟု၍ သူ မထင်ရဲပေ၊ သူ့စိတ်ကိုလည်း သူ အံ့ဩမိ၏။

ဆောင်းဦးပေါက်တုန်းကလည်း တောစပ်တွင် မြူတွေဆိုင်း၍ နေသည်၊ သူ့ဆွယ်တာ အနွမ်းကလေးမှာ အအေးကို ကောင်းကောင်းမလုံပေ။

ကိုဖေအောင်က သူ့ကို အင်္ကျီတစ်ထည် ပေး၏။ အမှန်တော့ ရင်ခွင်ထဲတွင် သွင်း၍ သူ့ကို ထွေးထားချင်သည်၊ သူသည် ဒါတွေကို မကြိုက်ပေ၊ ဘာကိုမှ မတွေ့ရပါစေနှင့်ဟု သူက တောင်းပန်တတ်သည်။

နောက်နေ့ ဆေးတိုက်သို့ သွားချိန်မှာ နည်းနည်းနောက်ကျနေသည်၊ အမေ နေမကောင်း၍ ဈေးသွားပေးခဲ့ရသည်၊ သူ ဆေးတိုက်ထဲသို့ ဝင်ချိန်တွင် ဒေါက်တာ ပေါလ်ကို မတွေ့ပေ၊

သိမ်းစရာရှိတာတွေ သိမ်းဆည်းနေတုန်းပင် ဒေါက်တာမှာ အပြင်က ပြန်လာသည်၊

mgyoe.com

mgyoe.com

"ကျွန်မ နောက်ကျနေတယ် ဒေါက်တာ၊ အမေ နေမကောင်းလို့"

"ဟော.. ငါများ လာဖို့လိုသေးလား"

"ကိစ္စမရှိပါဘူး"

"အေး.. ငါတော့ တစ်မနက်လုံး မြို့ထဲလှည့်ခဲ့တယ်၊ မိန်းကလေးကိစ္စတွေ ပြီးပလား၊ လာကွယ်.. ထမင်းစားခန်း သွားရအောင်၊ တစ်ခုခုစားရင်း တို့ စကားပြောရင် ကောင်းမယ်"

မလေးနုမှာ အံ့ဩသွားသည်၊ အပြင်ဆေးခန်းတွင် ဘယ်တော့မဆို တစ်ယောက်ယောက် ရှိရသည်၊

"ဒီမှာ ဘယ်သူနေရစ်မလဲ.. ဒေါက်တာ"

"ကိစ္စမရှိဘူး၊ မနက်က ကွန်ပေါင်ဒါနဲ့အတူ လူနာတွေကို ကြည့်ပြီးပါပြီ"

ဒေါက်တာသည် ပြောရင်း နောက်ဘက်ခန်းသို့ ဝင်သွားတော့သည်၊

မလေးနု ရောက်သွားချိန်တွင် စားပွဲမှာ ပေါင်မုန့်နှင့် ကြက်ဥကြော် ရောက်နေလေသည်၊ ကရားထဲမှ ကော်ဖီနံ့ကလည်း စားပွဲပေါ်တွင် သင်းနေသည်၊

"ကဲ မလေးနုရေ.. ကော်ဖီသောက်"

ဒေါက်တာသည် ကော်ဖီထည့်ပေးရင်း ခဏမျှ စဉ်းစားနေသည်၊

"မြို့ထဲမှာ မင်းသတင်းဟာ သိပ်လွင့်နေတာပဲ"

"ဘာသတင်းတွေလဲ၊ ကျွန်မကိုယ်လဲ ကျွန်မ မသိရပါလား"

"အေးလေ.. ကိုယ့်အဖို့တော့ မင်းက သမီးပါပဲ၊ မင်းအဖြစ်ကို ကိုယ်သိပါတယ်၊ မင်း တန်ဖိုးကိုလဲ ကိုယ်နားလည်ပါတယ်"

မလေးနုမှာ ဘာပြောသည်ကို နားမလည်ပေ၊

"မောင်ဖေအောင်နဲ့ မင်း နောက်ဘက်က တောမှာ ခဏခဏတွေ့ကြတယ်မဟုတ်လား"

"ဟုတ်တယ်"

"အေးကွယ်၊ တတ်နိုင်ရင် နောင်မတွေ့ပါနဲ့လား"

မလေးနုသည် ပါးစပ်ဟကာ ငေးသွားသည်၊

"ဘာဖြစ်လို့လဲ.. ဒေါက်တာ"

"ခုလို တွေ့ကြလို့၊ နောင်မှာ အဆင်ပြေကြမယ်ဆိုရင်တော့ တွေ့တာဟာ ကောင်းတာပေါ့"

"ဒီလိုဆိုတော့ ဒေါက်တာ့စိတ်ထဲမှာ နောက် အဆင်ပြေဖို့ ခဲယဉ်းတယ်လို့ ထင်သလား"

"အေး.."

"ကျွန်မလဲ ထင်တာပဲ၊ ဒါကြောင့် အဆုံးသတ်ကို မစဉ်းစားပါဘူး၊ အဆုံးသတ်အတွက်လဲ မစိုးရိမ်ဘူး"

"ဒါနဲ့များ မိန်းကလေးရယ်.. ဆုံးမယ်မထင်တဲ့ ဇာတ်လမ်းကို ဘာလို့ ဆက်က ချင်တာလဲ"

မလေးနုသည် ခဏငိုင်နေ၍ အသက်ပြင်းပြင်းရှူလိုက်သည်၊

mgyoe.com

mgyoe.com

"ကျွန်မမှာ တစ်ခါတလေလဲ စိတ်ကူးယဉ်ပါရစေ၊ နှစ်ဆယ့်လေးနာရီလုံး အလုပ်ချည်းပဲ ဖြစ်နေရရင်တော့ လူမဟုတ်တော့ဘူး၊ ပြီးတော့ သူကလဲ ကျွန်မကို နားလည်တယ်၊ နားလည်တဲ့လူချင်း ဒီလိုနေရာတွေမှာ စကားပြောရ တွေ့ရတာဟာ စိတ်သက်သာတယ်၊ သာလဲ သာယာတာပဲ၊ လူနာတွေကလဲ့လို့ ကျွန်မမှာ အဖော်လဲ သိပ်မရှိပါဘူး"

"မင့်အဖော်တွေက ပြောတဲ့ မင်းသတင်းကလဲ ကြောက်စရာပဲ"

"ဟင်.."

"အဟုတ်ပဲ၊ မင်းဟာ ကလေကချေသွားချင်ရာ သွားနေတာပဲတဲ့၊ မင်းကြည့်ပုံ စကားပြောပုံတွေက ရဲတင်းလွန်းလို့ သူတို့ယောက်ျားတွေနဲ့တောင် စကားမပြောစေချင်ဘူးတဲ့"

"အို.. ကျွန်မက ဘာမှ ဖွက်ထားတတ်တဲ့မိန်းကလေးမှ မဟုတ်ဘဲ"

"အေး.. ဒါကြောင့်ပေါ့၊ သူတို့အားလုံးက မင်းကို သဘောမပေါက်ဘူး၊ မောင်ဖေအောင့်မိဘတွေကဆို မင်းကို မိန်းမပျက်တစ်ယောက်လို့ ထင်နေတယ်၊ ကိုယ်နဲ့ တစ်နေ့က စကားဆုံမိကြရင်း ပြောကြတာပဲ၊ ကိုယ်ဖြင့် ရန်ဖြစ်မိမှာစိုးလို့ မြန်မြန်ထပြန်လာရတယ်၊ ကိုယ်က မင်းဘက်က ကာကွယ်လွန်းတော့ ကိုယ်နဲ့မှ ကင်းရဲ့လားတဲ့"

မလေးနုသည် လက်ထဲမှ ပန်းကန်ကို လွှတ်ချလိုက်၏။

"ကျွန်မဘဝကိုက သွားရလာရ လုပ်ရတာပဲ၊ ဒေါက်တာ သိတဲ့အတိုင်းပဲ"

"အေးလေ.. ကိုယ်ကတော့ နားလည်ပြီးသားပါ၊ မင်းက ဘယ်သူနဲ့မဆို ရဲရဲတင်းတင်း ဆက်ဆံတာကိုပဲ သူတို့က လက်မခံနိုင်ဘူး ထင်ပါရဲ့"

မလေးနုသည် စိတ်တော်တော်ပျက်သွားသည်။ စားပွဲမှ ထသွား၍ အလုပ်လုပ်ရင်း ရင်ထဲတွင် တနုံ့နုံ့ဖြစ်လာသည်၊ ပြောင်သမားမှာ ပြောင်တွေ့ချင်ပေမယ့် အတင်းပြောသည် ဆိုသည်မှာ ကွယ်ရာကျမှ အပြောခံရလေသည်။

သူသည် ဘယ်တုန်းကမှလည်း ဘယ်သူနှင့်မှမဖောက်ပြန်ခဲ့ရပါကလား။ ကိုဖေအောင်နှင့် တွေ့ကြရခြင်းမှာလည်း စိတ်တူသဘောတူ၍ စိတ်ချင်း ပူးပေါင်းလိုက်သည်မှလွဲ၍ သူ ဘာမှမဖြစ်သေးပေ။

ညနေတွင် ဆေးတိုက်မှ ပြန်လာရင်း တစ်လမ်းလုံး ဘယ်သူ့ကိုမှ မကြည့်ချင်ပေ။ သူသည် ကိုဖေအောင်ကို တွေ့စဉ်ကလည်း ကိုဖေအောင်တစ်ယောက်တည်းကိုသာ စဉ်းစားခဲ့သည်။ သူ့စိတ်ကူးထဲတွင် ဇာတ်လိုက်ရော ဇာတ်ဆောင်များရော တစ်ယောက်တည်းဖြစ်ခဲ့သည်။ ယခုတော့ မိဘတွေ ဘာတွေနှင့်ပါလား။ အသိုင်းအဝိုင်းဆိုသည်မှာ ရှိကြသေးသကိုး။

အိမ်ရောက်လျှင် အမေက နေကောင်းနေသည်။

"အမေ.. ဘယ့်နယ်နေသေးလဲ"

"ခေါင်းပဲ အုံနေတော့တယ်၊ ကဲ.. သမီး လမ်းလျှောက်ဦးမလား၊ ကလေးတွေကို ထမင်းကျွေးတော့မယ်"

"ကျွေးပါ၊ အမေ ကျွန်မကို မစောင့်နဲ့၊ သမီး အပြင်သွားလိုက်ဦးမယ်"

mgyoe.com

mgyoe.com

သူသည် ဆိုင်ကယ်ကိုဆွဲ၍ တောစပ်ဘက်သို့ ထွက်လာသည်။ နွေဦးပေါက်ဖြစ်၍ တောရနံ့မှာ သင်းနေသည်။ နေရောင်ထဲတွင် သစ်ရွက်ဝါတွေ ကြွေနေကြလေသည်။

မလေးနုသည် မြက်ခင်းတွင် ထိုင်ရင်း ကိုဖေအောင်ကို မျှော်မိ၏။ နေ့တိုင်းဆိုလျှင် သူ အစောကြီး ရောက်နှင့်နေသည်ကို တွေ့ရသည်။

ရင်ကပ်ပန်းပွင့်တွေသည် သူ့အနားတွင် ဝင်းနေသည်။ တစ်တောလုံး ရွှေရောင်တောက်နေသလို နေခြည်ကလည်း ဝါဖျော့ဖျော့၊ သစ်ရွက်တွေကလည်း ရွှေရောင်သန်း၍ ရင်ကပ်ပန်းကလည်း ထိန်နေသည်။ ဆောင်းတုန်းက ခရမ်းရောင်ပွင့်များလည်း မရှိကြတော့ပေ။ သူသည် ပန်းတွေကို ချစ်ပေမယ့် မပန်ချင်ပေ။ ယခုလို တစ်ယောက်တည်းဖြစ်နေတော့လည်း ကိုဖေအောင်ကို အောက်မေ့လာသည်။ ရင်ကပ်ပန်းများကို ယခုနေများ သီပေးလျှင် သူ ပန်လိုက်ချင်သေးသည်။

အဝေးမှ ကိုဖေအောင်သည် သူ့ထံကို လျှောက်လာသည်။ ရင်ထဲမှာ တဒိန်းဒိန်း ခုန်၍ နေသည်။ ယခင်ကနှင့် မတူပါလား။ ကိုယ်တွေ့လိုသော ချစ်သူကိုပင် သူ ကြောက်၍နေသည်။

"ဒီနေ့ ကိုယ်နောက်ကျသွားတယ်.. နု"

ကိုဖေအောင်သည် သူ့ဘေးမှကပ်၍ ထိုင်သည်။

မလေးနုသည် အနားတွင်ရှိသည့် ရင်ကပ်ပန်းတစ်ပွင့်ကို ချေမွနေသည်။

"ကျွန်မတောင် မြို့ထဲကို တစ်ပတ် ပတ်ဦးမလို့၊ ဒါပေမဲ့ ဒီညနေက သိပ်ပြီးသာယာတာပဲ၊ ပြီးတော့ စိတ်ပင်ပန်းလွန်းတော့ မြို့ထဲကို မသွားချင်တော့ဘူး"

"ဘာကို ပင်ပန်းနေလဲဟင်"

မလေးနုသည် ကိုဖေအောင်ကို စိုက်၍ကြည့်နေသည်။ သူ့နှုတ်ခမ်းလေးတွေသည် ပြုံးမလိုနှင့် မဲ့လာသည်။

"ကျွန်မတို့ အိပ်မက်ခန်းကို ရပ်ပစ်ရအောင်"

"ဘာလဲ အချစ်ရယ်.. အရင်လို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"အိပ်မက်ဆိုတာ ရပ်ချင်တဲ့နေရာမှာ ရပ်သွားတာပဲ၊ တစ်ခါတလေ ကိုယ်က ဆက်မက်ချင်လို့ ရချင်မှလဲ ရတယ်၊ ကျွန်မစိတ်ထဲမှာလဲ ကိုဖေအောင်နဲ့ တွေ့ရတာ အိပ်မက်ခန်းလိုပါပဲ၊ ဆက်မမက်ရင် စိတ်ချမ်းသာမယ်ထင်တယ်"

"မင်း ဘာတွေ ကြားလို့လဲ"

မလေးနုသည် မဖြေပေ။ ဘယ်လိုဖြေရမည်ကိုလည်း မသိပေ။

"ကိုယ် လက်ထပ်မယ်ဆိုတဲ့ သတင်းလား"

"ဟင်.."

မလေးနုသည် သည်သတင်းကို မကြားသေးပေ။

"ဒီနေ့ ဒါကြောင့် ကိုယ်နောက်ကျနေတာပဲ"

"ကျွန်မ အစက မပြောဘူးလား၊ စိတ်ကူးယဉ်ရတာပဲ ကောင်းပါတယ်"

mgyoe.com

mgyoe.com

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ ကိုယ်က အိမ်ကို ဘာကတိမှ မပေးသေးဘူး"

မလေးနသည် ပင့်သက်ရှူလိုက်ရင်း…

"ဒီညနေ ကျွန်မတို့ စောစောအိမ်ပြန်ရအောင်"

"နေပါဦး… ဖြည်းဖြည်းပေါ့"

"ကျွန်မသတင်းတွေကိုရော ဘာမှမကြားဘူးလား၊ ကျွန်မဟာ ဒေါက်တာရဲ့မယားငယ် ဖြစ်နေတယ် ဆိုတာ"

"ကိုယ် ဘာသတင်းကြားကြား မယုံပါဘူး၊ အိမ်ကတော့ မင်းအကြောင်းတွေ မျိုးစုံပြောတာပဲ၊ မင်းဟာ ဇမာမိန်းကလေးတစ်ယောက်နဲ့ မတူဘူးတဲ့"

မလေးနသည် ခေါင်းငုံ့၍နေသည်။ ဘာတစ်လုံးမှ မပြောပေ။ ကိုဖေအောင်မှာ စကားပြောရင်း ရင်ကပ်ပန်းကို တစ်ပွင့်စီ သီနေပြန်သည်။ ပန်းကုံးမှာ တော်တော်ရှည်၍လာသည်။ သူသည် ပန်းကုံးကို မလေးနခေါင်းတွင် စွပ်ပေးရန် မ လိုက်သည်။ မလေးနသည် ပန်းကုံးကို အသာဆွဲယူ၍ ကိုဖေအောင့် လည်ပင်းတွင် ပြန်၍စွပ်လိုက်သည်။ ကိုဖေအောင်ကို ကြည့်နေ စဉ် မျက်ရည်တွေ မျက်လုံးမှ စိုလာ၍ အရောင်မှာ တလက်လက်တောက်ပလာသည်။

"ကျွန်မ ကြာကြာမနေချင်တော့ဘူး၊ သွားတော့မယ်"

သူသည် ထိုင်ရာမှထ၍ ဆိုင်ကယ်ရှိရာသို့ ထွက်သွားသည်။ အမှန်တော့ သူသည် ဆိုင်ကယ် စီးရင်း ငို၍ထွက်သွားတော့သည်။ ကိုဖေအောင့်ပတ်ဝန်းကျင်မှာ ရှိက်သံတွေ ကျန်ရစ်ခဲ့သည်။

အိမ်ပြန်ရောက်လျှင် အမေသည် သူ့ကို စောင့်နေသည်။ ကလေးတွေမှာ အိမ်ဝင်းအပြင်တွင် ကစားနေသည်။ မလေးနမျက်လုံးအိမ်တွင် မျက်ရည်တွေ ရွှဲနေသည်ကို အမေက မြင်ရသည်။

"အမေဖြင့် အစောကြီးကတည်းက ဒီလိုဖြစ်မယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ သမီးကို တားရမှာ သနားတယ်"

မလေးနသည် အမေ့ရှေ့တွင် ဆက်၍မငိုတော့။

"သမီးတို့အဖေ သေသွားကတည်းက မင်းတို့အိမ်ထောင်ရေးအတွက် အမေ စိတ်လေးတာပဲ၊ အမှန်တော့ ခုကိစ္စမှာ သမီး စိတ်တင်းနိုင်ရင် ကောင်းမယ်"

"တင်းနိုင်ပါတယ်"

"အေး… ဘာဖြစ်လို့လဲဆိုရင် မင်းသားလေးတစ်ပါးက တောသူမလေးကို မိဖုရားမြှောက်တယ်၊ ဝန်ထောက်မင်းဟာ အစေခံမလေးကို လက်ထပ်တယ် ဆိုတာတွေဟာ ဒဏ္ဍာရီတွေပါကွယ်၊ ပြီးတော့လဲ သမီးရဲ့ဝမ်းရေးအတွက် လုပ်ကိုင်စားရတာတွေကို သူ့မိဘတွေက နားမှ မလည်ဘဲ"

"မေမေက ဒါတွေကို အကုန်သိနေပြီလား"

"သိတာပေါ့၊ သမီးက ကျောင်းက ဆရာမကြီးက အားလုံးလာပြောတယ်၊ ဆရာမကြီးလဲ မင်းအတွက် စိတ်မကောင်းဘူး၊ သမီးမိတ်ဆွေ မောင်ဖေအောင် လက်ထပ်မယ့်အကြောင်းတောင် ပြောသွားသေးတယ်"

mgyoe.com

mgyoe.com

"လက်ထပ်မှာဆိုတာလဲ သေချာတယ်ပေါ့"

"အင်း.. မိဘတွေက စီစဉ်ပြီးပြီ၊ သူဌေးသမီးတစ်ယောက်ကို စွန့်လွှတ်ပြီး အချစ်ကို လေးလေးစားစားနဲ့ ကိုယ့်ငယ်ချစ်ကိုသာ ယူတယ်ဆိုတာလဲ စိတ်ကူးယဉ်သမားတွေရဲ့ ဝတ္ထုပါကွယ်"

မလေးနုသည် ပြတင်းအနားရှိ သစ်သားတန်းလျားတွင် အသာထိုင်၍ ချလိုက်သည်။ သူ ဘာလုပ်ရမည်မှန်း မသိပေ။ တောစပ်ကို မျှော်၍ကြည့်မိ၏။ ကိုဖေအောင့်အရိပ်ကိုတော့ မမြင်ရပေ။

"စိတ်မပျက်ပါနဲ့၊ သမီးဘဝကို နားလည်တဲ့ မေမေတစ်ယောက်လုံး ရှိသေးတယ်"

အမေသည် သူ့အနားကိုတိုးလာ၍ ပခုံးကို ကိုင်ကာ ပြောသည်။

မလေးနုသည် အမေ့လည်ပင်းကို ဖက်၍ ကြုံကြုံပါအောင် ငိုတော့သည်။

⁂

ဒီတုန်းကလည်း မေမြို့မှ သူ အမြန်ဆုံး ထွက်ပြေးလာခဲ့သည်။ ကိုဖေအောင်ကတော့ သူ့ကို အပြစ်ဆိုသည်။ နည်းနည်းစောင့်ဖို့ကောင်းသေးသည်။ ဒါလောက် အရမ်းစွန့်၍ ပြေးခြင်းမှာ ရမ်းလွန်းသည်ဟု ဆိုသည်။

ဒါပေမဲ့ လင်တစ်ယောက်ကို လုယူရမှာများတော့ မလေးနုက ရှုံ့လှသည်။ မှန်းလည်း မုန်းသည်။ တစ်ခုကလည်း ကိုဖေအောင် လက်ထပ်ချိန်တွင် သူ မေမြို့မှာ မရှိသည်က ကောင်းသေးသည်။

ရန်ကုန်ပတ်ဝန်းကျင်နှင့် မလေးနုတော့ တွေ့လေပြီ၊ ပထမဆုံး နေစရာလိုလာသည်။

မလေးနုသည် ရန်ကုန်တွင် နေခဲ့ရသောအကြောင်းကို တွေးမိလျှင် ဒေါ်ငြိမ်းသာကို စိတ်နာလှသည်။

ဒေါ်ငြိမ်းသာမှာ အကြံပိုင်သူပီပီ လူလတ်တန်းစား အမျိုးသမီးကလေးများဂေဟာကို ဖွင့်ထားသူဖြစ်သည်။ နေစရာမရှိသော စာရေးစာချီ အမျိုးသမီးလေးတွေအတွက် သူက အိမ်တစ်ခု ဆောက်ထားလေသည်။ အနည်းဆုံး တစ်လကို ၄ပိ ပေးရလေသည်။

မလေးနုသည် နေစရာရော အလုပ်ကော လို၍ ဒေါ်ငြိမ်းသာကို ကပ်ရသည်။ ဒေါ်ငြိမ်းသာ ဂေဟာတွင် သူ စာရေးလုပ်လျှင် အခန်းခကိုတော့ အလကားရပေမည်။ ဒီကြားထဲ အားလပ်ချိန်တွင် စာတွေ ဘာတွေလည်း သူကြည့်ချိန်ရဦးမည်။ မေမြို့တွင် သူနာပြုဆရာမလေး လုပ်ရသည်ထက်တော့ ယခု ရန်ကုန်လခက ကောင်းပေသည်။

စာရေး လုပ်နေရပေမယ့် ဒေါ်ငြိမ်းသာဂေဟာတွင် မင်းစေမရှိပေ၊ စာတစ်စောင်ကအစ မလေးနုသည် ကိုယ်တိုင်သွားပေးရသည်။

သွက်၍လှသော မလေးနုမှာ ရန်ကုန်နောက်ခံနှင့် ပန်းစားပေသည်။ သူသည် ကွန်ဗင့်ကျောင်းထွက်ဖြစ်၍ အင်္ဂလိပ်လိုလည်း သွက်လှသည်။

ရန်ကုန်က ပျော်စရာကောင်းသည်တော့ မှန်၏၊ ဒါပေမဲ့ သူသည် တစ်ခါမှ ပိုက်ဆံမပို၍ ဘိုင်စကုပ် မကြည့်ရပေ၊ ဂေဟာတွင်နေသော မိန်းကလေးတွေမှာ ပျော်စရာကောင်းသည်၊ ပညာတတ်၍ အလုပ်ကိုယ်စီရှိရုံမက အဖော်တွေလည်း များသည်။

mgyoe.com

mgyoe.com

ဘိုင်စကုပ်ကားလဲတိုင်း ညှိခန်းမှ ဝေဖန်သံများကို နားထောင်ရင်း သူ့စိတ်ကို ဖြေလိုက်ရသည်။ ဒါပေမဲ့ နားထောင်ရသည်ကို အားမရပေ။ စကားသံများသည် တိုးလှသည်။

သူသည် မေမြို့တုန်းကလို ကျယ်ကျယ်ရယ်၍လည်း မရ၊ စကားပြောလျှင်လည်း တိုးတိုးလေး ပြောရသည်။ တစ်ခန်းမှတစ်ခန်း ကူးသွားတိုင်း ခြေနင်းသံကို မကြားရအောင် ဖွဖွလေး နင်းရသည်။ အထူးသဖြင့် ဒေါ်ငြိမ်းသာအခန်းထဲ ရောက်လျှင် လှယဉ်ကျေး နတ်ကညာလို ဖြည်းဖြည်းလေး ရွှေ့လျား၍ တိုးတိုးပြောရသည်။

ဒေါ်ငြိမ်းသာဂေဟာတွင် အစုစပ်တွေ ရှိလေသည်။ လာမည့်စနေအစည်းအဝေးအတွက် သူ ဖိတ်စာသွားဝေရဦးမည်။ သွားရမည့်အိမ်တွေက 'ပဲခူးနှင့် သန်လျင်' မမဖုရားတို့ကလည်း ဘတ်စ်ကားလမ်းတွင် နေကြသူများ မဟုတ်ပေ။ ခြံကြီးဝင်းကြီးနှင့် ကားရှိမှ သွားနိုင်သော နေရာများတွင် နေကြလေသည်။ ထိုအိမ်တွေကို မလေးနု သွားရသောအခါ ဟစ်၍ငိုချင်သည်။

နောက်ဆုံး အင်းလျားကန်ဘေးက အိမ်ကို သွား၍ ဖိတ်စာပေးရသည်။

သူသည် ထိုအိမ်မှ ထွက်ထွက်ချင်း အင်းလျားကန်ဘေးသို့ ပြေး၍ သစ်ပင်ရိပ်တွင် ပစ်လှဲလိုက်ရင်း ဟက်ဟက်ပက်ပက် ရယ်၏။ ဒီလိုမရယ်ရသည်မှာ ကြာပေပြီ။ ဒုက္ခကြီးလှပါကလား။

ဒါပေမဲ့ တစ်ယောက်တည်း ကြာကြာမနေရဲပေ။ ရန်ကုန်သည် မေမြို့လို ဘေးမကင်းလှ။ သူသည် လွှယ်အိတ်လွှယ်ကာ ဘတ်စ်ကားလမ်းသို့ လျှောက်လာသည်။ သူ့ကို ဟစ်၍ခေါ်လိုက်သလို ကြားမိ၏။

"ဟော့.. မလေးနု"

"ဟာ.. အောင်ခပါလားဟေ့"

အောင်ခမှာ မန္တလေးကျောင်းနေတုန်းက မိတ်ဆွေ ဖြစ်လေသည်။ ယခု သူသည် ရေတပ်သား ယူနီဖောင်းနှင့် မော်တော်ဆိုင်ကယ် စီးလာသည်။

"မင်း ဒီမှာ ဘာလုပ်နေလဲ၊ ကောလိပ် ဆက်နေလား"

"မလုပ်ပါနဲ့ အောင်ခရယ်၊ ငါ ကောလိပ်မနေနိုင်ပါဘူး.. စာရေးလုပ်နေတယ်၊ မြို့ထဲပြန်မလို့"

"ဘယ်မှာ လုပ်လဲ"

"ဒေါ်ငြိမ်းသာဂေဟာမှာ"

"ဒါဖြင့် ငါနဲ့ လိုက်ခဲ့လေ"

မလေးနုမှာ ဘတ်စ်ကားခ သုံးမူးဆိုလည်း မနည်းပေ၊ တစ်နေ့လုံး သွားရသည်ကလည်း ပင်ပန်းလှပြီ။

"အေး.. ငါလိုက်မယ်"

မလေးနုသည် မော်တော်ဆိုင်ကယ်နောက်မှ ထိုင်၍လိုက်သွားသည်။ အောင်ခကိုပဲ ကျေးဇူး တင်ရသေးသည်၊ ဒါတောင် အိမ်ပြန်ရောက်လျှင် မောနေ၍ အိပ်ရာထဲ လှဲနေရသေးသည်။

mgyoe.com

mgyoe.com

မလေးနုသည် မတတ်နိုင်ပေ။ အစည်းအဝေးရှိတိုင်း ကြုံရာကားနှင့် လိုက်၏။ အောင်ခ အား လျှင်လည်း အကူအညီတောင်းရသည်။

လခထုတ်ပြီးသော ပထမပတ်တွင် ဘိုင်စကုပ်ကြည့်စရာ သူ့တွင် အဖော်ရလာသည်။ အောင်ခ သည် သူ့ကို လာစောင့်၍ ပြန်ပို့ပေးသည်။

ညနေစောင်း ဧည့်ခန်းအတွင်းသို့ မလေးနု ဝင်သွားလျှင် ယောကျ်ားဧည့်သည်တွေသည် သူ့ကို မိတ်ဆွေဖြစ်လိုသည်။ သူ ခပ်သွက်သွက် စကားပြောသည်ကို နှစ်သက်ကြသည်။ သူ အကြည့်ရဲပုံ၊ စကားပြောပုံ ရှင်းသည်ကိုက ချစ်စရာကောင်းသည်။

ဒါပေမဲ့ မလေးနုသည် သူတို့နားကို မကပ်ရဲပေ။ သူတို့ဘေးတွင် ဒီဂရီနှင့် ပညာတတ် လခ ကောင်း အမျိုးသမီးများ ရှိနေကြသည်။

တစ်ခါတစ်ခါ မလေးနု၏ ပွင့်ပွင့်လေးရယ်သံမှာ တစ်ခန်းလုံးကို လွှမ်းသွားသောအခါ သူ့ကို ဝိုင်း၍ ကြည့်ကြသည်။

ဂေဟာက အလုံဘက်တွင် ရှိလေသည်။ ထိုညနေက အောင်ခနှင့် စကားပြောကြရင်း ဘိုင် စကုပ် သွားဖို့ စိတ်ကူးရလာကြသည်။

သူတို့အနားရှိ မိန်းကလေးတွေသည် နှစ်ယောက် တစ်တွဲ၊ သုံးယောက် တစ်တွဲပင် ကားလေး တွေနှင့် ထွက်သွားကြသည်။ မလေးနုတော့ အောင်ခ ဆိုင်ကယ်နောက်ကပဲ လိုက်ရပေမည်။

စိတ်ကျဉ်းကျပ်လွန်း၍သာ မြို့ထဲ ထွက်ရသည်၊ ည ၉ နာရီခွဲမှ အချိန်မီ ပြန်ရသည်မှာ ပင်ပန်းလှ ၏။ ဘိုင်စကုပ် ကြည့်ရပေမယ့်လည်း စိတ်ထင့်လှ၏။

ကဲ.. ယခုမှ ဒုက္ခပါပဲ၊ ဘိုင်စကုပ်အပြီးတွင် ဆိုင်ကယ်က ပျက်နေပြန်သည်။ မလေးနုသည် တစ် ယောက်တည်းတော့လည်း အလုံကို မပြန်ရဲပေ။ အောင်ခ မော်တော်ဆိုင်ကယ်ပြင်ပြီးသည့်အထိပင် သူသည် အတူစောင့်နေရလေသည်။ အလုံကို ပြန်ရောက်သည့်အချိန်မှာ ၁၀ နာရီကျော်၍ သွားပေပြီ။ မလေးနုသည် ဘိုင်စကုပ်ထဲတုန်းက ပျော်သလိုလိုရှိသော စိတ်များကိုပင် မေ့၍သွားတော့သည်။ အောင်ခကိုပင် နှုတ်ဆက်ရသည်မှာ စိတ်မကောင်းတော့ပေ။ အောင်ခ ခမျာလည်း အသင့်ပင် လှည့် ၍ ထွက်သွားတော့သည်။

သူသည် မအိပ်ခင် ဒေါ်ငြိမ်းသာအခန်းသို့ သွား၍ ကြည့်ရသေးသည်။ ဒေါ်ငြိမ်းသာသည် ဗမာ ပြည်တွင်လုပ်သော အင်္ဂလိပ်မကြီးဖြစ်သည်။ ညဥ့်ဝတ်အကျီရှည်မှာ ဝသောသူ့ကိုယ်ကြီးကို ပွရောင်း ရောင်း ဖြစ်နေစေသည်။

ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရာမှ သူ့ကို မော့ကြည့်လိုက်သည်။

"မလေးနုလား"

"ဟုတ်ပါတယ် အန်တီ"

"ပြန်တာ မိုးချုပ်လိုက်တာ"

"၁၀ နာရီ ကျော်သွားပါပြီ"

mgyoe.com

mgyoe.com

ဒေါ်ငြိမ်းသာသည် မျက်မှန်အပေါ်မှ ကျော်၍ကြည့်ကာ..

"မင်း ဒီမှာ အလုပ်လုပ်နေတုန်း မင်းအတွက် အားလုံး ဂုဏ်မပျက်ပါစေနဲ့"

မလေးနုသည် အံ့အားသင့်သွားသည်။

"ဆိုင်ကယ်နောက်က တွယ်စီးပြီး လူပေါင်းစုံနဲ့ တွဲလာတာလဲ အန်တီမကြိုက်ဘူး၊ မင်းရယ်သံကလဲ ဧည့်ခန်းကို လွှမ်းနေတာပဲ၊ အခုလို ဘိုင်စကုပ်ကြည့်တာလဲ ညဥ့်ပွဲ မကြည့်စေချင်ဘူး"

"ဟုတ်ကဲ့"

"အေး.. သွားနိုင်ပြီ"

မလေးနုသည် အိပ်ခန်းကို ပြန်လာသောအခါ တုန်၍နေသည်။ တချို့ကပြားမလေးတွေ ကပွဲသွားနေသည်မှာ ယခုထိ ပြန်မရောက်သေးပေ။

"ငါက စာရေးမို့လို့ ထင်တယ်"

သူသည် ထိုမျှ ကျဉ်းကျပ်လာသည်ကို သည်းမခံနိုင်တော့၊ တကယ်တော့ ဘာမှအပြစ်တွင်ကျန်ရှိပျက်အောင် မလုပ်ခဲ့ပါကလား။ သူ့ကို ကားနှင့်တွဲခေါ်မည့်သူ မရှိ၊ မော်တော်ဆိုင်ကယ်နောက်ပိုင်းကပဲ လိုက်ရပေမည်။

ဒါကြောင့် အမေက 'ငါ့သမီးကို နားလည်တာ အမေတစ်ယောက်တည်း ရှိတယ်' ဟု ပြောခဲ့ပေသည်၊ အမေ့စကား မှန်ပေသည်။

သူ့ကို နားမလည်သော သူတွေကြားမှာ သူ တာရှည်နေလျှင် စိတ်ဆင်းရဲစရာဖြစ်တော့မည်။ သူသည် မေမြို့အချိုးမျိုးကိုပင် မနေဘဲ အစဉ် ဒေါ်ငြိမ်းသာအကြိုက် ကုတ်ကုတ်ကလေး နေရသည်မှာ စိတ်ကျဉ်းကျပ်လှပြီ၊ မောလည်း မောလှလေသည်။

ခက်ကပြီ၊ ဖြစ်ချင်ရာဖြစ်စေတော့ မလေးနုကတော့ ထမင်းငတ်ချင် ငတ်ပေစေ၊ ခုလိုတော့ ကျဉ်းကျဉ်းကျပ်ကျပ် မနေချင်ပေ။

ဒါပေမဲ့ ဒီတစ်လကုန်အောင် သည်းခံ၍ သူ နေလိုက်လေသည်။

လမကုန်ခင် တစ်ရက်က သူ ထွက်စာသွားတင်သောအခါ ဒေါ်ငြိမ်းသာသည် အံ့အားသင့်နေပုံရသည်၊ အမှန်တော့ မလေးနုသည် စာရေးအလုပ်လည်း နိုင်ရသည်၊ မင်းစေအဖြစ်လည်း နိုင်း၍ရသည်၊ တစ်ခါတစ်ရံ ဒေါ်ငြိမ်းသာထဘီကိုပင် ခေါက်ပေးသေးသည်၊ ဒါပေမင့် အလုပ်ထွက်ခါနီး မလေးနုကို သူက ပြောလိုက်သည်။

"မင်းမှာ ထောင့်မကျိုးဘဲ မိန်းကလေးလို မနေတတ်တာက လွဲရင် အလုပ်မှာ တော်ပါတယ်"

ဘာတွေပဲပြောပြော ပြောပါစေတော့၊ မလေးနုသည် ထွက်ခွင့်ရလျှင် ကျေနပ်ပါပြီ။

ရွှေနန်းတော်ကြီးမှာပဲ နေနေ စိတ်မချမ်းသာရလျှင်တော့ မလေးနုသည် အမြန်ဆုံး ထွက်ပြေးမည် ဖြစ်လေသည်။

ဒုတိယအကြိမ် ဤမိန်းမပရိသတ်ကြားမှ ထွက်ပြေးလာခဲ့ရခြင်း ဖြစ်ပေသည်၊ မိန်းမ တစ်ယောက်အနေနှင့် မိန်းမဆိုသော သတ္တဝါများကို သူ ကြောက်လာသည်။

mgyoe.com

mgyoe.com

ယခု သူ့အဖို့ ဘုရားမ လေပြီ။ လူထုပညာရေးမှုးလုပ်ငန်းတွင် သူ့စေတနာလေးတွေ ပေါင်းလိုက်သောအခါ သူသည် နာမည်ထွက်လာသည်။ သူ၏ဖွဲ့နှင့် လုပ်ရည်ကိုင်ရည်ကြောင့် ဘ၀သစ်ဖန်တီးရေးအဖွဲ့တွင် ပါဝင်နိုင်ခြင်းဖြစ်လေသည်။

ဘာပဲပြောပြော သူနေခဲ့ရသော နှစ်ပိုင်းများတွင် နာဂတောင်တန်းပေါ် နေရခြင်းသည် အပျော်ဆုံး ဖြစ်သည်။

နာဂတို့ဘ၀နှင့် ပေါင်းလိုက်မှ သူ့စိတ်ဓာတ်သည် ဘက်ညီတော့သည်။ ကျန်သောအပိုင်းများမှာ သူ ချစ်သော သစ်ပင်ပန်းမန်နှင့် စမ်းချောင်းတွေ ဖြစ်သည်။

"ဘယ်လောက်ရှင်းလဲ၊ လွတ်လပ်လဲ.. တကယ့်ငါ့ဘ၀က ဒါပဲ"

မလေးနသည် ယခုတော့ နေသာထိုင်သာရှိ၍လာတော့သည်။ သူနှင့် စိတ်သဘောချင်းတိုက်ဆိုင်သူ ဗိုလ်မြဝင်းနှင့် တွေ့ရပြန်သောအခါ သူ ပျော်၍လာသည်။

ယခုတော့ မေမြို့ကိုလည်း အလွမ်းပြေသည်။ ကိုဖေအောင်ကိုလည်း ကြိုးစား၍ မေ့ပစ်ရသည်။ ဒါပေမဲ့ ဖြေမရအောင် အောက်မေ့သူမှာတော့ အမေပဲ ဖြစ်သည်။

⁂

တောင်ပေါ် မိုးစွေရာမှ စဲသွားသောအခါ ငှက်သံတွေသည် ညံ၍လာသည်။

သစ်ရွက်နုလေးတွေ ငွေရောင်တောက်၍ လာကြသည်။ ပူနွေးသော နေရောင်ခြည်ထဲတွင် ရောင်စုံငှက်လေးတွေမှာ အလှပြနေကြသည်။

တတောက်တောက်နှင့် သစ်တောက်ငှက်သံကလည်း ငှက်ငယ်လေးတွေဆိုသော တေးကို စီးလိုက်နေသည်နှင့် တူတော့၏။

မလေးနသည် ရောဂါထလေပြီ။

ဆေးခန်းကအပြန်တွင် စခန်းကို ဆက်၍မသွားတော့၊ စမ်းချောင်းဆီသို့ ပြေးလာသည်။ ယခုလို နေရောင်ပွင့်လာလျှင် စမ်းချောင်းသည် ပို၍လှလာတော့မည်။ တောင်ကုန်းတွေဖြစ်၍ ရေကြာကြာမတင်ပေ။ စမ်းချောင်းကို ရောက်လျှင် သူ့ခြေလှမ်းများသည် နှေးသွားသည်။

စမ်းချောင်းဘေးတွင် သူ့ထက်ဦး၍ ဗိုလ်မြဝင်းနှင့် မောင်လှတို့ ရောက်နေပါပကော။

သူ့ခြေသံကြောင့် နှစ်ယောက်လုံး လှည့်၍ကြည့်လိုက်သည်။

"မလေးနလားဟေ့"

မလေးနမှာ စိတ်ထဲမှာလည်း လေး၍သွားသည်။ ဗိုလ်မြဝင်းမရှိလျှင် ပို၍ကောင်းမည်။ သူသည် ဖြည်းဖြည်းလျှောက်သွား၍ ကျောက်စရစ်ခဲလေးများပေါ်မှ စမ်းရေပြင်ကို လှမ်း၍ကြည့်နေသည်။

"မိုးတွေရွာနေလို့ ကိုယ် ဒီမရောက်တာ ကြာပြီ"

ဗိုလ်မြဝင်းသည် သူ့ကို လှမ်းပြောလိုက်သည်။ အသာထိုင်ရင်း သူသည် မောင်လှကို လှမ်း၍ပြုံးလိုက်၏။

"ကျွန်မလဲ မလာတာကြာပြီ၊ ဒီနေ့မှ ရောက်တယ်"

mgyoe.com

mgyoe.com

မောင်လှသည် လက်ထဲမှ စာရွက်ကို မြှောက်ပြကာ..

"ဒီမှာ သူ့မိန်းမဆီက စာလာတယ်"

"ဩော်.. ဟုတ်တယ် မလေးနု၊ ဖတ်ပြစမ်းပါဆိုလို့ ကိုယ်က ဖတ်ပြရတယ်"

"ရှင်ကလဲ အတော်စိတ်ကူးယဉ်တာပဲနော်၊ မိန်းမရဲ့စာကို စမ်းချောင်းဘေးမှာ လာပြီး ဖတ်ရတယ်လို့"

"ဟား ဟား.. ဟား ဟား"

ဗိုလ်မြင့်သည် ဟက်ဟက်ပက်ပက် ရယ်လိုက်သောအခါ မလေးနုကလည်း လိုက်၍ ရယ်သည်။ သူတို့ရယ်ခြင်းမှာ အမှန်တော့ အဓိပ္ပာယ်မရှိသလို ဖြစ်နေတော့သည်။

"မိန်းမကို ဘာလို့ အနားမှာ ခေါ်မထားလဲ၊ မိန်းမ မရှိရင် မကောင်းဘူး"

မောင်လှသည် ဗိုလ်မြင့်ကို အကြံပေး၍နေလေသည်။ ဗိုလ်မြင့်သည် ရယ်ရာမှ ငြိမ်သက်၍ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

"ဟုတ်တယ်၊ အမှန်တော့ ရှင် ခေါ်လာဖို့ ကောင်းတယ်"

မလေးနုသည် ကြားဝင်၍ ပြောလိုက်သည်။

"ဟိုတုန်းကဆိုရင် နာဂမှာ မိန်းမရှိလျက်နဲ့ နောက်တစ်ယောက်ယူရင်ဖြစ်ဖြစ်၊ ယောက်ျားရှိလျက်နဲ့ နောက်မိန်းမယူရင်ဖြစ်ဖြစ် အဲဒီယောက်ျားနဲ့ မိန်းမရဲ့ တစ်ကိုယ်လုံးကို ဓားနောင့်နဲ့ အရိုးကြေတဲ့အထိ ရိုက်ရတယ်၊ ရိုက်ပြီး တဲတစ်ခုမှာ သွားထားတာပဲ၊ ဘာမှလဲ မကျွေးဘူး"

"သေရောပေါ့"

"သေတာပဲ၊ ဒီတော့ နာဂမှာ လင်ရှိလျက်နဲ့ နောက်လင်မယူဘူး"

အမှန်တော့ လင်ငယ်၊ မယားငယ် မယူခြင်းကို မောင်လှက ပြောပြခြင်း ဖြစ်လေသည်။ နာဂတို့မှာ သစ္စာရှိရှုံမက သဘောထားလည်း ကြီးသည်။ အပျို၊ လူပျိုဘဝက ရွာလယ်ချစ်ရိပ်သာတွင် သွား၍ အိပ်ခြင်းကြောင့် ရလာသောကလေးမှာ ဘယ်သူ့ကလေးပဲ ဖြစ်ဖြစ် သူတို့ကြိုက်၍ လက်ထပ်သော မိန်းမတွင် ပါလာလျှင် ကျေနပ်စွာ လက်ခံသည်။ သူတို့တွင် တောင်ယာလုပ်ဖို့ လူဦးရေ များများလိုသည်၊ လူချမ်းသာခြင်းမှာ ဂုဏ်တစ်မျိုးဖြစ်ပေသည်။

မောင်လှသည် သူတို့ထုံးစံကို ပြောရာမှ ဆက်၍ ပြောသည်။

"ဒီမှာ ဗိုလ်မြင့်၊ အဲဒီထုံးစံဟာ ခုတော့ ပျောက်သွားပြီ၊ ဟတ္ထိမှာတော့ ယူကြတာပဲ"

"ငါတော့ မယူချင်တော့ပါဘူးကွယ်"

"အမှန်တော့ ရှင့်မိန်းမဟာ သနားစရာကောင်းနေမှာပဲ၊ ခေါ်လာဖို့ကောင်းတယ်"

ဗိုလ်မြင့်သည် စာကို စေ့စေ့ကြည့်၍..

"မင်းဖတ်ချင်ရင် ဒီစာဖတ်ကြည့်ပါလား၊ သူက ဒီလိုနေရာတွေကို လိုက်မလာဘူး.. စက်သားပဲ၊ သူနဲ့ ကိုယ်နဲ့က အတွေးအခေါ် တစ်မျိုးပဲ၊ သူက ဟိုမှာနေရစ်ခဲ့ရတာကို သုခလို့ ထင်တယ်၊ ကိုယ်က ဒုက္ခလို့ ထင်တယ်"

mgyoe.com

mgyoe.com


"ဘာ.. ဘယ်လို"

"ခင်က သိပ်ပြီး အဆောင်အယောင်နဲ့ နေချင်တယ်၊ ဥပမာ ဧည့်ခန်းမှာ ကြမ်းပေါ် သင်ဖြူးခင်းတာထက် သူက ကော်ဇောမွေးရှည် ခင်းပြီး ဆိုဖာလေးနဲ့ နေချင်တယ်၊ ရိုးရိုး မှန်ထောင်လူးပြီး ကျောက်ကာခွက် ပေါင်းဒါဘူးထက် ငွေပေါင်းဒါဘူးနဲ့ မှန်တင်ခုံလေးနဲ့မှ နေချင်တယ်၊ ကိုယ်က ယူအမ်ဗီ တပ်ခွဲမှူးလေးပဲ ရှိတာ သူနေချင်တဲ့ အဆင့်အတိုင်း လိုက်ရရင် ကိုယ့်မှာ စာရိတ္တပျက်မှာပေါ့၊ ကိုယ့်မှာရှိတဲ့ အဆင့်အတန်းကိုလဲ သူက လျှော့မချနိုင်ဘူး"

"ဒီလိုဆို သူ ဘယ်လိုနေရစ်ခဲ့မလဲ"

"သူ ပင်ပန်းတာပေါ့ မလေးနုရယ်၊ ကိုယ်က မထားနိုင်တော့ သူလိုချင်တဲ့ အဆောင်အယောင်တွေကို သူမီအောင် လိုက်နေရတော့ သူ ပင်ပန်းတာပေါ့၊ သူပါ အလုပ်လုပ်ရတာပဲ၊ ရန်ကုန်မှာ အလုပ်လုပ်နေရစ်တယ်၊ မတတ်နိုင်ဘူးလေ.. သူက ဒါကို သာယာတာကိုး၊ ကိုယ့်အဖို့တော့ စိတ်မောလိုက်တာ လွန်ပါရော"

မောင်လှသည် ဗမာစကား လေးလေးနက်နက်ကို နားမလည်ပေ၊ မလေးနုကမူ ဇိုလ်မြင်းအတွက် စိတ်မကောင်းဖြစ်မိတော့သည်၊ အရွယ်ကလည်း ငယ်သေးသည်၊

"ကိုယ်ကတော့ဟော.. အစက မဖြစ်လို့သာ၊ အစကသာ နာဂဆို ဘယ်လောက်ကောင်းမလဲ၊ ဘာအဆောင်အယောင်မှ မရှိဘူး၊ တကယ်တော့ အဆောင်အယောင်နဲ့ အခမ်းအနားတွေနောက်လိုက်ရတာ ကိုယ်ဖြင့် သိပ်စိတ်ပင်ပန်းတာပဲ၊ ပြီးတော့လဲ မိန်းကလေးရယ်.. ဒီအဆောင်အယောင်တွေကြောင့် ငါတို့မှာ လောဘ၊ ဒေါသ၊ မောဟတရားတွေဟာ အဆုံးမသတ်ကြတာပဲ၊ ငါတော့ဖြင့် ထင်တာပဲ၊ ပိုင်တဲ့ပစ္စည်းတွေ၊ ခံစားရတဲ့ အာရုံတွေ အမျိုးမျိုးဟာ နာဂတွေထက် များလို့ ငါတို့ဟာ ယဉ်ကျေးတယ်အမည်ခံပေမယ့် လောဘ၊ မောဟရားတွေဟာ လူရိုင်းတွေထက် များမယ်ထင်တယ်၊ ပြီးတော့လဲ မလေးနုရယ်.. ငါတို့ရဲ့ခေတ်ဟာ ပိုပြီးပဲ ယဉ်ကျေးလာသလား၊ တိုးတက်လာတယ်လို့ ပြောကြတာတွေကလဲ ယုံကြည်စရာလား၊ ငါဖြင့် ဘာကိုယုံရမှန်းလဲ မသိဘူး"

သူသည် မလေးနုကို ယူဆချက်ကို တောင်းခံသည့်အနေနှင့် လှမ်း၍ကြည့်၏၊ ဒလေးနုသည် ငြိမ်ငြိမ်သက်သက် နားထောင်နေပေမယ့် သူ့ကို ဘာမျှပြန်ပြောလိုပုံ မရပေ၊ ပြန်၍လည်း မပြောချင်၊ ဒါတွေကို လိုက်တွေးနေ၍လည်း မလေးနုက အကြောင်းထူးမည်ဟု သူ မထင်၊ အားလုံးတွေကလည်း ပိုနေကြသည် မဟုတ်ပါလား၊ ဘာမှ ပုံသေကားကျ ကလနားသတ်၍ မရသော ဤခေတ်၊ ဤလောကတွင် ဘာကိုအယဉ်၊ ဘာကို အရိုင်းဟူ၍ တခမ်းတနားသတ်မှတ်နေ၍လည်း ရမည်မဟုတ်ပေ၊ တစ်ခေတ်တုန်းကလည်း ရာဇဝင်ဆရာတို့က ဤလောက၏ လူနေမှုများသည် ရိုင်းစိုင်းကြသည်၊ မတိုးတက်ဟု ဆိုခဲ့ကြ၏၊ ယခုမှပင် ယဉ်ကျေးတိုးတက်သော ကမ္ဘာသို့ လူတွေ ရောက်ကြသည်ဟု ဆို၏၊ လူနေမှုအဆင့်အတန်း ပေါင်းသင်းဆက်ဆံရေးတွေ တိုးတက်လာသည်ဟု စာပေထက် အကွရာတင်ကြသည်၊

ဒါပေမဲ့လည်း ရှေးခေတ်ကို ဘာကြောင့်များ ပြန်၍ဖော်နေကြရပါလိမ့်၊ လက်ရှိ လူယဉ်ကျေး

mgyoe.com

တို့ခေတ်တွင် ဘာကြောင့်များ လူတွေမှာ အရွယ်မလွန်ခင် အိုမင်းကြရပါလိမ့်၊ ဘိုးဘေးတို့ လက်ထက်လောက်ကပင် အသက်မရှည် ကွယ်လွန်ကြရပါလိမ့်၊ ဘာကြောင့်များ ဝေဒနာဆန်းတို့၏ နှိပ်စက်မှုကို ခံစားကြရပါလိမ့်၊ မလေးနအဖို့ လူယဉ်တို့၏ လောကကို အရှုံးဆုံးမှာ ဖြဟ္မစိုရ်တရားဖြစ်သည်၊ ချစ်ခြင်းမေတ္တာတို့၏ ဆိတ်သုဉ်းသောနောက်ပိုင်းတွင် ကိုယ့်ရာဇဝင်တစ်ခေတ် ကောင်းစားရေးအတွက် လူ့အသက်ပေါင်းများစွာကို စတေးကြသည်၊ ဝိသမလောဘ၏ ဖောက်ပြန်မှုကြောင့် အားငယ်သူတွေကို အားကြီးသူတွေက ကျူးကျော်စော်ကားလာသည်၊ ငွေရမည်ဆိုလျှင် လူသားကိုပင် အစိမ်းလိုက်စားမတတ် ဖြစ်နေသော လက်ရှိခေတ်ကို ပါရဂူတို့က လူ့သမိုင်းတွင် ယဉ်ကျေးသည့် ကဏ္ဍ၌ ရာဇဝင်တင်ကြခြင်းကို သူ ဘာမှ စွက်ဖက်ရန် မရှိပေ၊ သူက ကြီးကြီးကျယ်ကျယ် ငြင်းဆိုနေ၍လည်း ပိုနေမည်မဟုတ်ပါလား၊

မလေးနသည် ရယ်နေကျ ဟက်ဟက်ပက်ပက် ရယ်ပြန်၏၊

"သြော်.. ကလေးမနယ် မင့်ကို စကားပြောရတာ ကိုယ်ဖြင့် ကြောင်လိုက်တာ"

"ဗိုလ်မြဝင်းရယ်.. ကျွန်မကို ခွင့်လွှတ်ပါ၊ ရှင့်စကားကို သောတာမဟုတ်ပါဘူး၊ ဒါပေမဲ့ ဒါတွေကိုတော့ မဆွေးနွေးပါရစေနဲ့၊ ကျွန်မကိုယ်တိုင်က ဟိုပတ်ဝန်းကျင်တွေနဲ့ မဝင်ဆံ့လို့ ဒီလိုပြေးလာခဲ့ရပြီပဲ၊ သူတို့တွေအကြောင်းကို ရှိုင်းရှိုင်း ယဉ်ယဉ် ပြန်လို့တောင် မတွေးချင်တော့ဘူး၊ အခုလေ..ကျွန်မခေါင်းထဲမှာ ဘာကိုမှ မသတ်မှတ်ချင်ဘူး၊ စိတ်ချမ်းချမ်းသာသာလေးနဲ့ လွတ်လွတ်လပ်လပ် နေရရင်ကျေနပ်ပါပြီ၊ ခေတ်တွေ၊ သမိုင်းတွေဆိုတာ လူတွေ နေပြီးမှ မှတ်တမ်းတင်ရတာတွေပါ.. တွေးမနေပါနဲ့"

"မင်းယူဆပုံလဲ အဟန်သားဟေ့၊ ဒါကြောင့် မင်းကိုကြည့်ရတာ ဖျတ်ဖျတ်လတ်လတ် ပျော်ပျော် ပါးပါးပဲ တွေ့ရတယ်၊ အေး.. ရေလိုက်ငါးလိုက် နေတော့ ခုခေတ်ကြီးက ပျော်စရာကောင်းချင်ကောင်းမှာ"

"ရှင်က ကျွန်မအကြောင်းကို ဘာမှမသိသေးဘဲနဲ့ ပြောမနေနဲ့၊ အမှန်တော့ ကျွန်မလဲ ခုမှ ဒီစိတ်ကူးကို ရတာ၊ ဘဝမှာ ကျွန်မဟာ Easy Going သွားနေရတဲ့ မိန်းကလေးတစ်ယောက်လို့များ ရှင်က ထင်သလား"

"ဒါတွေတော့ မင်းက တစ်ခါမှ ပြန်မပြောဘဲနဲ့ ငါဘယ့်နှယ်လုပ် သိမလဲ၊ ဒါပေမဲ့ မင်းကိုကြည့်ရတာ အမြဲရွှင်နေတယ်"

"အဲ.. ဝိုနေလို့ အကြောင်းမထူးတဲ့ လောကမှာ ကျွန်မဟာ ရယ်နေရမှာပဲ၊ အစတုန်းကတော့ အသက်တစ်ချောင်း ရှင်ဖို့အတွက် စိတ်ကူးရတာတွေ လုပ်ရတာတွေဟာ အသက်မရှူနိုင်ဘူး၊ သိပ်လဲ လူတွေကို အားကိုးတာပဲ၊ ခုတော့ အားလုံးကို စိတ်လျှော့လိုက်တာပဲ၊ အားလုံးကို လွှတ်လိုက်တော့ စိတ်ထဲမှာ ပေါ့သွားတယ်၊ ထမင်းဝေတ်တာကိုလဲ သိပ်မကြောင့်ကြတော့ဘူး"

ဗိုလ်မြဝင်း သိလိုသည့် မလေးနအကြောင်းမှာ မေး၍ပင် မရပေ၊ မလေးနသည် သူ့ပြောချင်သည်ကို စွတ်၍ပြောနေပုံရသည်၊

mgyoe.com

သူတို့နှစ်ယောက် စကားပြောကောင်းရင်း မောင်လှကို မေ့နေသည်။

"ငါ ပြန်တော့မယ်"

မောင်လှသည် နှုတ်ဆက်၍ ထလိုက်သည်။ အမှန်တော့ မလေးနသည် တစ်ယောက်တည်း ကျန်ရစ်၍ ဗိုလ်မြဝင်းနှင့် အတူနေရစ်ခဲ့ရမည်ကို စိတ်လေးနေသည်။ ဒါပေမဲ့ ခဏလေးနဲ့တော့ စမ်းချောင်းမှ ထ၍မပြန်ချင်သေးပေ။

"မင်းတို့လုပ်နေတာလဲ ကောင်းပါတယ်၊ နာဂတွေ ယဉ်ကျေးလာပါစေဆိုတာလဲ ငါဆုတောင်းပါတယ်၊ ဒါပေမဲ့ ရိုးရိုးပဲ နေတတ်တဲ့ဓလေ့ကိုတော့ဖြင့် မပျောက်ပျက်ပါစေနဲ့လို့ ပိုပြီးဆုတောင်းမိတာပဲ၊ လူတွေက ခက်သား.. ယဉ်ကျေးလာပြီဆို အဆောင်အယောင်တွေကို မက်မောလာတတ်ကြတယ်၊ နာဂတွေဟာ အဆောင်အယောင် အခမ်းအနားကို မက်မောလာမှဖြင့် တို့ဟာ နာဂတွေကို နှိပ်စက်သလို ဖြစ်နေမှာပဲ"

ဗိုလ်မြဝင်းသည် တောက်လျှောက်ကြီး ပြော၍နေသည်။ သူ့ခါးက ပုဆိုးသည် ဈေးမရှိပေမယ့် ဖွပ်ရလွန်း၍ ဖြူနေပုံရသည်။ ထိုပုဆိုးကွက်မှာ မလေးန စမ်းချောင်းသို့လာတိုင်း ဝတ်ထားသည်ကို မြင်ရသည်။

မလေးနကတော့ စကားတစ်လုံးမှ ပြန်မပြောပေ။ သူတို့ ယူနီဖောင်းဖြစ်သည့် နီညိုရောင် လုံချည်ပေါ်မှ ရွှံ့စက်တွေကို ပွတ်ပစ်နေသည်။

သူကတော့ စကားများများ မပြောချင်ပေ၊ သူ့အနားတွင် ဗိုလ်မြဝင်းက ထိုင်၍ ယခုလို စကားပြောနေသည်မှာ ကိုအောင်ဖေကို သတိရစရာ ဖြစ်လာတော့သည်။ သူ့စကား ပြောရလျှင်လည်း သူနှင့် ကိုဖေအောင်အကြောင်းကိုပဲ ပြောပြချင်သည်၊ ဒါပေမဲ့ သူ့ရည်းစားအကြောင်းကို ယခုချက်ချင်း ဖွင့်ပြောခြင်းသည် ကြောင်လွန်းလှသည်၊ ဗိုလ်မြဝင်းက သူ့မိန်းမအကြောင်းပြော၊ သူက သူ့ရည်းစားအကြောင်း ပြောလျှင် စမ်းချောင်းဘေးက စကားပြောပွဲမှာ စိုစိုပြည်ပြည်နှင့် စိတ်ဝင်စားစရာ ဖြစ်နေမည် ဖြစ်သည်။

ဒါပေမဲ့ စိတ်မောစရာကောင်းသော အတိတ်ကြီးကို ဘာဖြစ်၍ ပြန်ဖော်နေမလဲ၊ ပြီးတော့လည်း ယခု စမ်းချောင်းဘေးတွင် ဗိုလ်မြဝင်းကို တွေ့ရသည်ကို သူ့စိတ်ထဲမှ သာယာနေမိလေပြီ။ အကယ်၍ ကြာကြာတွေ့နေကြလျှင်လည်း သူသည် ဝမ်းထဲရှိ အကြောင်းများကို မျိုသိပ်ထား၍ ရမည်မဟုတ်၊ ဖွင့်၍ပြောမှာပဲ ဖြစ်သည်။

"ကိုယ်တော့ ရန်ကုန်ကိုလဲ သိပ်မပြန်ချင်တော့ဘူး၊ ခင်ကတော့ ကိုယ်မပြန်လာတာ ကြာရင် စိတ်နာမှာပဲ"

"ကျွန်မအဖို့တော့ ရန်ကုန်ကို ထွက်ပြေးလာခဲ့ရတာပဲ"

"မင်းနဲ့ ကိုယ် ဒီမှာ လာဆုံကြတာပေါ့၊ မင်းက ဘာလို့ ထွက်ပြေးရတာလဲ"

မလေးနသည် ငြိမ်၍ စဉ်းစားလိုက်ပြန်သည်။

"ကျွန်မ မှားတာပဲ၊ ကျွန်မက သူများတွေကို နားလည်အောင် မစဉ်းစားဘူး၊ ကျွန်မဘာသာ နေ

myoe.com

ချင်သလို နေတာပဲ၊ ကျွန်မကို သူတို့က နားမလည်ဘူး၊ တကယ်တော့ ဘယ်သူကကော ကျွန်မကို လေ့လာနေမလဲ၊ ဂရုတစိုက် လေ့လာရအောင် ကျွန်မက ကြီးကြီးမားမားတာ မိန်းမတစ်ယောက်လဲ မဟုတ်ဘူးမဟုတ်လား၊ ဒီတော့ ကျွန်မနေပုံထိုင်ပုံတွေဟာ တခြားမိန်းမတွေပတ်ဝန်းကျင်နဲ့ မကိုက် တော့ ကျွန်မကပဲ လက်မြှောက်ပြီး ထွက်ပြေးလာတာပဲ"

"မင့်ကိုတော့ ကိုယ် နားလည်ပါတယ်"

"ဟင်.. တကယ်နားလည်ရဲ့လား"

"ဩော်.. တကယ်ပါ၊ မင်းက ရိုးပါတယ်"

မလေးနသည် ရယ်ပြန်သည်။

"ကျွန်မကို အမေကလွဲလို့ သေသေချာချာ ဘယ်သူမှ နားမလည်ပါဘူး။

".. ကျွန်မကလဲ တော်တော်ပေတာပဲ၊ ခက်သားကလား.. ကျွန်မအပြစ်တွေ အများကြီး ရှိပါ တယ်လေ"

လေးလေးတွဲ့တွဲ့ပြောရင်း သူသည် ခဏငိုင်၍နေ၏။

"အခုလဲ လူထုပညာသင်တန်းမှာ စာမေးပွဲအောင်ခဲ့တာကို ကျွန်မ အံ့ဩလို့မဆုံးဘူး၊ လူကြီး တွေက ကျွန်မကို လက်ခံတာလဲ ကျွန်မ သိပ်အံ့ဩတာပဲ"

"ဟင်.."

"တကယ်ပြောတာ၊ ကျွန်မက စေတနာအလျောက်ဆို ဘာလုပ်ရ လုပ်ရ လုပ်တယ်၊ ဒါပေမဲ့ တစ်ယောက်ယောက်က စည်းကမ်းကြီးနဲ့ လုပ်ရမယ် ကိုင်ရမယ်ဆိုတဲ့ အမိန့်သဘောမျိုး ပေးရင် နည်းနည်းမှ မလုပ်ချင်တော့ဘူး၊ တမင်ကို ရွဲ့ချင်တယ်၊ အစတုန်းက သိပ်သည်းခံရတာပဲ၊ သင်တန်း က သိပ်သန့်ရှင်းရတယ်၊ အဲဒီလို သန့်ရှင်းရမယ်ဆိုခါမှ သိပ်ပြီး အမှိုက်ရှုပ်ချင်တာပဲ၊ နဂို သန့်သန့်နေ တာတောင် ကပြစ်ကညစ် လုပ်ချင်တယ်"

"အဲဒါကတော့ မင်းရဲ့ဉာဉ်ဆိုးပဲ ထင်ပါရဲ့"

"ဟုတ်ပါတယ်လေ.. ဘဝဆိုတာကလဲ မသာယာတာ များပြီး အမြဲဝပ်နေရတော့လဲ ပြန်ခတ် ချင်တာပဲ၊ ဒါကြောင့်ပဲ ခုထိ တစ်ယောက်တည်း နေတာပဲ၊ လင်ယူဖို့တော့ အလွန်ခက်တာပဲ၊ အဲ.. ကိုဇေအောင်တစ်ယောက်တော့ဖြင့် ကျွန်မစိတ်ကို နားလည်သလို ရှိပါရဲ့"

"ကိုဇေအောင်ဆိုတာက ဘယ်သူလဲ"

"ကျွန်မရည်းစားပေါ့၊ မေမြို့မှာ တွေ့တာပေါ့၊ သူ ဘယ်ကိုရောက်နေလဲ မသိဘူး"

"သူ့ကို ဘာလို့ မင်းလက်မထပ်လဲ"

"တခြားမိန်းကလေးတစ်ယောက်နဲ့ ပြိုင်ပြီး လင်လုယူရမှာများ ကျွန်မ သိပ်ပျင်းတာပဲ၊ ပြီးတော့ ဟိုတုန်းက ကျွန်မ သိပ်မွဲတာပဲ၊ သူက သစ်တောဝန်ထောက် ဖြစ်နေတာကိုး၊ ယူရတာ အရေးမကြီး ဘူး.. သူ့ပတ်ဝန်းကျင်နဲ့ မကိုက်မှ စိတ်ပိုပြီးဆင်းရဲမှာ၊ စောစောက နောက်ဆုတ်လိုက်တော့ ကောင်းတာပေါ့၊ မစားဖူးတဲ့အရသာကို ဘယ်သူမှ မတောင့်တပါဘူး"

mgyoe.com

mgyoe.com

ဗိုလ်မြဝင်းသည် ပွင့်လင်းလွန်းသော မရွှေစာစကားကို ကျောစိမ့်သွားတော့သည်။ မလေးနရုပ်သည် ခေါင်းတိုက်ကြည့်လျှင်လည်း အဆင်ပြေသည်။ မို့သော ပါးနှစ်ခုကြားတွင် နှာတံသည် သွယ်၍ မြင့်သည်။ နှုတ်ခမ်းထူထူလေးတွေမှ သူ့စကားပွင့်ပွင့်လင်းလင်း ပြောနေသည်မှာ ချစ်စရာကောင်းလှသည်။

ဒါပေမဲ့ ဒီလိုပုံမျိုးမှာ ယောကျ်ားကြိုက်သောပုံ ဖြစ်သည်။ မိန်းကလေးတစ်သိုက်ထဲတွင် သူ့ကို ထည့်လျှင် သူသည် အထင်ရှားဆုံးနှင့် လူကြိုက်အများဆုံး ဖြစ်မည်။ ဒီလိုဖြစ်သောအခါ ဟိုမိန်းကလေးတစ်စုက သူ့ကို ကျေနပ်မည်မဟုတ်ပေ။ နှစ်ယောက်လုံးသည် တိတ်နေ၍ ရေစီးသံသာ ပတ်ဝန်းကျင်ကို လွှမ်းနေတော့သည်။

မလေးနဘေးတွင် သစ်ခွပန်းအဝါ၏ ပွင့်ဖတ်လေးတွေသည် ဝဲ၍ကျလာသည်။ နေခြည်သည် သစ်ရွက်များကြားမှ ငွေခြည်တန်းတွေလို တောထဲတွင် သွယ်၍ကျနေကြသည်။

"မင်း ဒီကိုလာတာ အဆူခံရတယ်ဆိုပြီး ဘာလို့လာသလဲ"

မလေးနသည် ငိုင်၍နေရာမှ ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။

"ကျွန်မစိတ်ကိုက ဥပဒေတွေ၊ စည်းကမ်းတွေနဲ့ နေလို့မရဘူး၊ ပြီးတော့လဲ စခန်းမှာဆို ကျွန်မ သူတို့နိုင်းသမျှတော့ မလစ်ဟင်းအောင် လုပ်တာပဲ၊ တစ်ချိန် တစ်ချိန်မှာတော့ လွတ်လွတ်လပ်လပ် လည်ချင် ထွက်ချင်တာပဲ၊ အဲဒါက ရောဂါလိုကို ဖြစ်နေပြီ၊ တော်သေးတယ်.. လုပ်ငန်းကိုယ်တိုင်ကိုက တောထဲမှာ ဖြစ်နေလို့ ပြောရင်းဆိုရင်း လာတာ ကြာသွားပြီ၊ သွားတော့မယ်"

မလေးနသည် ထိုင်ရာမှ ထမည်အလုပ် သူ့ဘေးတွင် ကြွေနေသော ပန်းပွင့်ဖတ်များကို ဆုပ်၍ယူလိုက်သည်။

"အရင်ကဆို ကိုဖေအောင်ဟာ ကျွန်မကို ပန်းတွေ သီပေးနေကျပေါ့"

သူသည် မတ်တတ်ရပ်လိုက်ကာ ပန်းဖတ်တွေကို ဗိုလ်မြဝင်းဘက်သို့ ကြဲလိုက်၏။ ပြီးလျှင် ခြေသွားလမ်းအတိုင်း ခပ်မြန်မြန်ထွက်သွားတော့သည်။

"ဘယ်လို မိန်းကလေးများပါလိမ့်"

ဗိုလ်မြဝင်းမှာ တစ်ယောက်တည်း တွေးနေရစ်သည်။ အဆိုးရယ်လို့တော့ သူ့ကိုယ်တွင် မရှိပေ။ စေတနာလည်း ရှိသည်၊ ရိုးသည်၊ သဘောကောင်းသည်။

ဒါပေမဲ့ သူသည် ဘာကြောင့်များ ဟိုပတ်ဝန်းကျင်နှင့် မကိုက်ပါလိမ့်။

*

မလေးန စခန်းကို ပြန်ရောက်လျှင် သူသည် မျက်နှာကို တင်းတင်းထားသည်။ ဘာပဲဖြစ်ဖြစ် ဆူချင်လည်း ဆူကြပေစေတော့၊ သူ့ကို ကဲသည်၊ ပျံသည်ဟု ထင်ချင်လည်း ထင်ပေစေတော့။ သူသည် ရင်ဆိုင်ရမည့် ပြဿနာများအတွက် ကြိုတင်ပြင်ဆင်ပြီးဖြစ်သည်။

ဒါပေမဲ့ အားလုံးလိုလို တဲများတွင် မရှိပေ။ ဘုရားထားရာ တဲထဲတွင် စုနေသည်။ တော်ပေသေး၏။ သူ ဝင်သွားသောအခါ စခန်းမှူးရော အားလုံးပါ သူ့ကို ပြုံး၍နှုတ်ဆက်သည်။

mgyoe.com

mgyoe.com

ဒါပေမဲ့ သူတို့အားလုံး ပွက်စိပွက်စိ ဖြစ်နေကြသည်။

"သန်းသန်း.. ဘာဖြစ်လဲဟေ့"

သန်းသန်းအနားကပ်၍ မေးလိုက်သည်။

"ရန်ကုန်ကနေပြီး စာရောက်တယ်၊ ဝန်ကြီးတွေက သတင်းကြားတယ်တဲ့၊ ကိုယ်တို့ လူသိုက်တွေ ဒီဒေသတွေမှာ သိပ်လုပ်ငန်းမအောင်မြင်ဘူး၊ အဆင့်အတန်းလဲ နည်းနည်းနိမ့်တယ်၊ စိတ်ဓာတ်တွေလဲ သိပ်မခိုင်မာဘူးလို့ ကြားရတယ်တဲ့၊ အဲဒီသတင်းတွေ ကောင်စီကို ရောက်သွားလို့ ကောင်စီကနေ စာရေးပေးလိုက်တယ်"

အားလုံးမျက်နှာတွေမှာ စိတ်ကောင်းပုံမရပေ။ မလေးနုသည် သူတို့မျက်နှာတွေကို လိုက်၍ကြည့်၏။

"ကျွန်မ တစ်ခုလောက် ပြောချင်တယ်၊ ရှင်တို့အားလုံး ကြားရတဲ့သတင်းအတွက် စိတ်မကောင်းဘာမှဖြစ်ဖို့ မလိုပါဘူး၊ အလုပ်တစ်ခုမှာ စိတ်ကူးထက် လက်တွေ့က ခက်ခဲတာချည်းပဲ၊ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေ ဘယ်လိုလုပ်ရမယ်၊ တို့တောင်တန်းသားတွေကို ဘယ်လိုကူညီရမယ်ဆိုတာ စာနဲ့ရေးရင် အလွန်ဆုံး နှစ်ရွက်၊ သုံးရွက်၊ တကယ့်လက်တွေ့မှာ သူတို့အထဲ ဝင်ရောဖို့ကိုက အတော်ကြိုးစားရတာပဲ၊ အင်္ဂလိပ်တွေလက်ထဲ နှစ်ပေါင်း ၁၀၀ လောက် နေခဲ့ရတုန်းက အင်္ဂလိပ် အမေရိကန် သာသနာပြုတွေဟာ နှစ်ပေါင်း ၁၀၀ နီးပါး တောင်တန်းသားတွေနဲ့ ရင်းနှီးအောင် လုပ်ပြီး သာသနာပြုတာတောင် ဘယ်လောက်အထိပဲ ရတယ်ဆိုတာ သူတို့သိမှာပေါ့၊ အခု ကျွန်မတို့ ရောက်တာဟာ ဒီတောင်ပေါ်မှာ သုံးလမပြည့်သေးဘူး၊ သုံးလဆိုတဲ့ လုပ်ငန်းနဲ့ အနှစ် ၁၀၀ လုပ်ငန်းနဲ့ ယှဉ်ကြည့်စေချင်တယ်၊ ဘာပဲပြောပြော ချတွက်ကြည့်ရင် သုံးလလုပ်ငန်းကတောင် သာဦးမယ်၊ ဒီသုံးလကိုကြည့်ပြီး ဝေဖန်အပြစ်တင်လို့တော့ ပိုနေတာပဲ"

မလေးနုသည် ဒီလိုပြောရမည်ဆိုတော့လည်း ရဲလှသည်။ စခန်းမှူးကလည်း ခေါင်းတညိတ်ညိတ် လုပ်၍ စဉ်းစားနေသည်။ အမှန်တော့လည်း သူတို့အဖွဲ့သားများသည် တစ်နှစ်တွင် ငွေသုံးသိန်း အကုန်ခံ၍ အစိုးရပို့ထားခြင်း ဖြစ်လေသည်။ ပြည်သူလူထု၏ ငွေသုံးသိန်းမှာ သူတို့ဇက်ပေါ်တွင် လေးနေသည်။ နည်းနည်း တာဝန်ပေါ့သည်တစ်ပြိုင်နက် အစိုးရနှင့် လူထုကို စော်ကားသလို ဖြစ်နေတော့သည်။

"ကဲ ကဲ.. ရန်ကုန်ကတော့ ကိုယ်တို့ကို နားလည်ပါတယ်၊ အစေ့ကို ခုစိုက်လို့တော့ အပင် ဘယ်ချက်ချင်းရမလဲ၊ မင်းတို့အားလုံးလဲ မိုးကျလာတော့ စိတ်ဓာတ်ပျက်မှာပဲ ငါက စိုးရိမ်တယ်၊ အားလုံးပဲ ကြိုးစားကြပေတော့"

စခန်းမှူးသည် သူ့စကားကို နိဂုံးချုပ်လိုက်၏။ အမှန်တော့ တောင်ပေါ်ရောက်နေ၁သာ စစ်တပ်၊ ဘုန်းတော်ကြီးနှင့် သူတို့မှာ ဘဝတူချင်းဖြစ်ကြသည်။ အားလုံးလိုပင် ဘဝအတွက် အနည်းအများ စွန့်လွှတ်၍လာကြသူများ ဖြစ်သည်။ မိန်းကလေးများတွင် အိမ်ထောင်ရေးနှင့်ပတ်သက်၍ ငါးနှစ်တိတိ လင်မယူဘဲ လူထုပညာရေးတွင် ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပေး၍ စာချုပ် ချုပ်ရလေသည်။

mgyoe.com

mgyoe.com

အမှန်တော့လည်း တောင်ပေါ်ဇာတ်ဒေသမှာ စံနိုင်သည် မစံနိုင်သည်ကို အသာထား၍ နာဂတောင်တန်း ရွာများသို့ ရောက်အောင်လာဖို့ပင် လွယ်ကူသည်မဟုတ်ပေ။

အစားအသောက်မှာလည်း ခန္တီးက မှာယူရပေမယ့် ခန္တီးကိုယ်တိုင်က အစားအစာ ရှားပါး၍နေလေသည်။

ခန္တီးမြို့တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးလုပ်ကိုင်ခြင်းမှာလည်း မည်မည်ရရမရှိ၊ ကြက်ငှက် မွေးမြူခြင်းလည်း မရှိပေ။ လေယာဉ်ပျံမလာနိုင်သော မိုးဥတုတွင် ခန္တီးမြို့သည် သင်္ဘောပတ်ကို အကြာကြီး စောင့်၍ နေရသည်။ ခန္တီးတွင် မြေရှိပေမယ့် ဘာကြောင့် မစိုက်ပျိုးကြသည် မသိပေ။

ခန္တီးကို မှီ၍နေရသော နာဂတောင်တန်း ဟတ္ထိလိုရွာများတွင်မူ အစားအစာ ရှားပါးပုံမှာ ပြောစရာမလိုတော့ပေ။ နာဂတွေမို့လို့ပင် ဖြစ်သလိုစား၊ ဖြစ်သလိုအမဲလိုက်၍ နေကြလေသည်။ နာဂများတွင်ပင် တစ်နှစ် တစ်မိုးလုံး ကူလီလုပ်၍ ရသမျှငွေ သုံးလေးရာမှာ သူတို့ပွဲတော်အတွက် ကျွဲ၊ နွားဝယ်ရချိန်တွင် အကုန်သုံးပစ်ကြလေသည်။ နွားဈေးမှာလည်း မငယ်လှပေ။

အမှန်တော့ သာမောဖွယ်ဖြစ်အောင် ပြောနေဖို့တော့ မလိုပေ။ တောင်ပေါ်တွင် ရှုမြင်ကွင်းမှတစ်ပါး အစားအသောက် အနေအထိုင် ရာသီဥတုမှစ၍ အဆင်ပြေလိမ့်မည် မဟုတ်။

ဒါတွေကို သာသနာပြုမည့် ဘုန်းတော်ကြီးတွေရော စစ်သားတွေနှင့် လူထုပညာရေးအဖွဲ့ဝင်များပါ ကျိတ်မှိတ်ခံ၍ ကြိုးစားကြရသည်သာ ဖြစ်လေသည်။

မလေးနတို့ရောက်ကြသည့်သုံးလအတွင်း လုပ်ငန်းများမှာ တိုးတက်သည်ဟု မဆိုသာပေမယ့် အစစအခြေချရသောအချိန် ဖြစ်လေသည်။ အရှိန်ဆိုသည်မှာ အခြေခံရမှပဲ တက်လာမည် ဖြစ်လေသည်။

ဝေဖန်ပြောဆိုကြခြင်းများကိုတော့ ဘယ်လိုမှ မတတ်နိုင်ပေ။

တဲကိုပြန်ရောက်လျှင် မလေးနသည် သန်းသန်းကို ကပ်ရပြန်သည်။

"ငါ့ကိုများ ဆူသေးလား၊ ငါ စမ်းချောင်းကို သွားမိပြန်ပြီ"

"ဆူတော့ မဆူပါဘူး၊ နင်ကလဲ လွန်လွန်းတယ်.. မသွားရ မနေနိုင်လောက်အောင် စမ်းချောင်းက ဘာဖြစ်နေလဲ"

"ဘာမှတော့ မဖြစ်ပါဘူး"

"နင်တစ်ယောက်တည်းလား၊ မောင်လှ ပါသေးလား"

"ပါတယ်၊ ဟိုကျတော့ ဗိုလ်မြဝင်းနဲ့လဲ တွေ့တယ်"

"နင့်ဟာက ဟုတ်မှဟုတ်ကဲ့လား၊ ဗိုလ်မြဝင်းနဲ့ တွေ့ချင်လို့များ နင်ခဏခဏသွားနေတာလား"

"မဟုတ်တာဟယ်၊ သူ့မှာလဲ မိန်းမနဲ့ပါ"

"အောင်မယ်.. မင်းစိတ်ကိုများ မင်းက အကုန်သိတယ် အောက်မေ့နေပြန်ပြီလား"

"ဒီလိုတော့ မဆိုလိုပါဘူး၊ ဒါပေမဲ့ ဗိုလ်မြဝင်းတွေ့ချင်လို့ ငါသွားတာတော့ မဟုတ်ပါဘူးဟယ်"

mgyoe.com

mgyoe.com

"အေးပေါ့လေ.. ဒါပေမဲ့ ခုန သတင်းတွေလဲ မင်းကြားတယ် မဟုတ်လား၊ တို့ နောက်သုံးနှစ် တိတိ အားလုံး အခြေခံရအောင် အခြေစိုက်ရမှာပဲ၊ အရင်ကထက်တော့ ကြိုးစားရမှာပဲ"

"ငါက ပြန်ပါဆိုတောင် မပြန်ချင်တော့ပါဘူး၊ ကြိုးစားတာကလဲ ဘယ်တော့များ ငါရျှိယွင်းခဲ့ဖူး လဲ၊ အေး.. စမ်းချောင်းကို မသွားရဘူးလို့တော့ ဘယ်သူမှ မတားမြစ်ပါစေနဲ့"

သန်းသန်းသည် ဟက်ဟက်ပက်ပက် အော်ရယ်လိုက်၍ မလေးနပင် လန့်သွားတော့သည်၊

"ဘာရယ်တာလဲ"

"ရှုးလိုက်တာဟယ်၊ နင်ဟာ အရှုးမှ အရှုးပဲ"

သန်းသန်းသည် ဆက်၍ရယ်ပြန်သည်၊

"နင်တို့က ငါ့ကို နားမလည်ပါဘူး"

"မကြီးကျယ်စမ်းပါနဲ့ မလေးနရယ်.. မင့်ကိုယ်မင်းရော ဘယ်လောက်နားလည်လို့လဲ"

မလေးန ငြိမ်သွားတော့သည်၊

*

နောက်ရက်တွေမှာ စမ်းချောင်းကိုသွားဖို့ အချိန်မရတော့ပေ၊

မိုးဦးတွင် ဖြစ်လာတတ်သည့် ရောဂါတွေအတွက် ကလေးတွေကို ကြိုတင်ဆေးပေးရ၊ ရွာသန့် ရှင်းအောင် လုပ်ရနှင့် မိုးတွင်းအတွက် ပြင်ဆင်နေရ၍ မအားလပ်ပေ၊

မိုးကလည်း ခဏခဏဆိုသလို ရွာပြန်သည်၊ မိုးရွာတုန်းများ စခန်းမှ ရွာကို သွားရသည်မှာ ဒုက္ခ ရောက်လှသည်၊ တောင်ကုန်းတွေသည် ခြေကုပ်မရအောင် ချောလှသည်၊

ယနေ့မှာ မိုးသည်းရသည့်အထဲ နာဂလူငယ်တစ်ယောက်၏ ဓားရှရာမှာ များလှသည်၊ သူတို့ သုံးယောက်စလုံး မအားရပေ၊ ဒဏ်ရာမှာ သွေးတော်တော်နှင့် မတိတ်သောကြောင့် သုံးယောက် စလုံး ချွေးပြန်၍နေကြသည်၊

ဓားထိပုံမှာ ဆန်းလှသည်၊ နာဂတို့သည် နာဂဆံတောက်ညှပ်ရန်အတွက် ကတ်ကြေးရှိသည် မဟုတ်ပေ၊ သူတို့ ယာခုတ်သော ဓားကြီးများကို အောက်ဆုံးမှာထား၊ ဆံပင်ကို ဓားပေါ်တွင် တင်၍ အပေါ်မှ ဆံပင်ပြတ်အောင် တုတ်နှင့် ရိုက်ရသည်၊ အုန်းမှုတ်ခွက်လို ဝိုင်းဝိုင်းလေးနေအောင် ဖြတ်ရ လေသည်၊ ဆံပင်ညှပ်ရင်းမှ ဓားချော်၍ ထိသွားခြင်းဖြစ်လေသည်၊

နာဂကို ကောင်းကောင်းသိပ်ထားလိုက်၍ သူတို့သည် ဆေးခန်းရှိရာ တဲသို့ ပြန်လာသည်၊ မောင်လှမှာ တဲထဲတွင်ထိုင်၍ သူတို့ကို စောင့်နေသည်၊ သူ့မျက်နှာမှာ ညှိုးလှသည်၊

"မောင်လှ ဘာဖြစ်နေလဲ"

"လေးနကို စောင့်နေတယ်"

မလေးနသည် မိုးကာနှင့် ဦးထုပ်ကို ချွတ်၍ တဲနံရံတွင် ချိတ်လိုက်သည်၊

"ဘာလဲ.. မောင်လှ"

"ဒီမှာ ထိုင်ပါဦး"

mgyoe.com

mgyoe.com

မလေးနုသည် မောင်လှဘေးတွင် ထိုင်လိုက်သည်။

"ဗိုလ်မြဝင်းရှိတယ်မဟုတ်လား၊ သူ မနက်က သွားတယ်"

"ဘာ.."

"မနက်က ပြန်သွားပြီ.. ရန်ကုန်ကို"

"ဟင်.."

"အေး၊ နင့်ကို စာပေးခဲ့တယ်"

မလေးနုသည် မောင်လှလက်ထဲမှ စာကိုယူ၍ ဖွင့်ဖတ်လိုက်သည်၊ သန်းသန်းနှင့် အဖော်မှာ သူ့ကို ရှပ်ရှင်ကြည့်သလို ငေး၍နေကြသည်၊

*ကလေးမ..*

*မင့်ကို ကလေးမလို့ပဲ ခေါ်ပါရစေ၊ မင်း ဒီစာရချိန်မှာ ကိုယ် ရန်ကုန်ပြန်သွားပြီ၊*

*တောင်ပေါ်မှာ အမှတ်မထင် ရှောင်တခင်တွေ့ကြပေမယ့် မင်းကိုတော့ ကိုယ် မမေ့ပါဘူး၊ တစ်သက် မမေ့ပါဘူးလို့ ပြောပါရစေ၊*

*မင်းက ထင်တယ်.. မင်းအမေကလွဲလို့ မင်းကို နားလည်တဲ့လူဟာ ကိုဖေအောင် တစ်ယောက်ပဲ ရှိတယ်လို့၊ အမှန်တော့ ကိုယ်တစ်ယောက်ပါ တိုးပြီး မှတ်လိုက်ပါ၊*

*မင့်ဘဝအားလုံးကို ကိုယ်နားလည်ပါတယ်၊ ကိုယ်က ခမ်းခမ်းနားနား ဝတ္ထုကြီး တွေ ဒီပနီကြီးတွေထဲကတော့ ထုတ်မပြတတ်ဘူး၊*

*အရိုးဆုံးနဲ့ ကလေးအဆန်ဆုံး ပြောရရင် မင်းဟာ အကျည်းတန်သောဘဲကလေး လိုပဲ၊*

မလေးနုသည် ထိုနေရာတွင် နားမလည်ပေ၊ ဆက်၍ ဖတ်ပြန်သည်၊

*"အကျည်းတန်သော ဘဲကလေးရဲ့ပုံဟာ ကလေးဖတ်စာထဲမှာ ပါတယ်၊ ဘဲ ကလေးဟာ မွေးလာကတည်းက သူ့အမေတစ်ယောက်ပဲ သူ့ကိုနားလည်တယ်၊ ကြင် နာတယ်၊ မောင်နှမတွေကလဲ သူ့ကို ဂရုမစိုက်ဘူး၊ အကျည်းတန်လွန်းလို့ ဘဲအပေါင်း အသင်းတွေကလဲဆို ဒီဘဲလေးကို အမြင်ကတ်လွန်းလို့ အနားကပ်တောင် မခံဘူး၊ ဘဲ တွေရဲ့ပွဲသဘင်တွေမှာဆိုရင် သူ့ကို အမြတ်ကတ်လွန်းတော့ ထိုးဆိတ်လှတ်ကြတာပဲ၊ ကြာတော့ ဘဲလေးဟာ ဘယ်ပွဲသဘင်မှလဲ မတက်ရဲ၊ ခေါင်းတောင် မပြူရဲဘူး၊ တစ်နေ့ နေ့တော့ စိတ်ညစ်လွန်းလို့ ထွက်သွားလိုက်တာ အင်းတစ်ခုကို ရောက်သွားတယ်၊*

*တိုတိုပဲ ရေးပါရစေတော့၊ အင်းမှာလဲ တောပစ်တဲ့လူတွေနဲ့ တွေ့ပြီး ပြေးလိုက်ရ တာ၊ နို့သည်အိမ် ရောက်သွားတာပဲ၊ အဲဒီကျမှ ဒုက္ခပဲပေ့ါ၊ နို့သည်အိမ်က ကြောင်နဲ့ ကြက်မဟာ သိပ်လူဝါးဝတာပဲ၊ ကြောင်က ညောင်ညောင်လို့မြည်နိုင်းတယ်၊ ဘဲလေးမှာ လဲ ဘဲဆိုတော့ မအော်တတ်၊ ကြက်မကလဲ ကြက်ဥဥနိုင်းတယ်၊ သူ့မှာ အထီးဆိုတော့*

mgyoe.com

mgyoe.com
မဥတတ်ဘူးပေါ့။ နောက်ဆုံး အသုံးမကျတဲ့ဘဲဆိုပြီး ဝိုင်းဆိတ်ကြ၊ ကုတ်ကြတာ ထွက်ပြေးရပါရော။

နောက်ဆုံး ရောက်တဲ့ ရေကန်ကျတော့မှ ရေကန်ထဲက ငန်းတွေဟာ သူ့ကို ဝိုင်းပြီးကြို့ကြတယ်၊ နှုတ်ဆက်ကြတယ်။ သူ့တစ်သက်မှာ ဒီလိုသာယာချောင်တဲ့ စကားလုံးတွေ မကြားဖူးလို့ ထူးဆန်းနေတာပဲ။ ညနေစောင်း ကန်ရေပြင်မှာ နေခြည်တွေကလဲ သန်းနေတယ်၊ ကြာပွင့်တွေဟာ ဘဲလေးရှိတဲ့ ဘက်ကိုမှ ညွှတ်ပြီး လာကြတယ်တဲ့၊ နောက် ကန်ပိုင်ရှင်မိသားတစ်စု ကန်ဘေးရောက်လာတော့..

"ဟာ.. နောက်ဆုံးရောက်လာတဲ့ ငန်းလေးဟာ အလှဆုံးပဲဟေ့" လို့ အော်ပြောသံ ကြားရတယ်။ ဘဲလေးမှာ ဝမ်းသာလိုက်တာ တစ်ခါဖူးမှ လှတယ်လို့ အပြောမခံရဖူးဘဲကိုး။ ဝမ်းသာပေမယ့် ရှက်တော့ ခေါင်းကိုငုံ့လိုက်တာ ကန်ရေပြင်မှာ သူ့မျက်နှာကို သွားမြင်တယ်။ သူဟာ အကျည်းတန်တဲ့ ဘဲလေးမဟုတ်ဘဲ အလှဆုံးငန်းတစ်ကောင် ဖြစ်နေတာကိုး။ ကဲ.. ပုံကတော့ ဒါပဲဟေ့ မိန်းကလေးရေ၊ ကိုယ့်ပုံကိုနားလည်လား။ မင်းကိုလဲ ဘယ်ပတ်ဝန်းကျင်ကမှ လက်မခံဘူး၊ ဒါပေမဲ့ မင်းဟာ အလှဆုံးမိန်းကလေးပါကွယ်၊ မင့်မှာ ချစ်စရာနဲ့ လိုချင်စရာတွေ အများကြီးရှိတယ်၊ ကိုယ်တော့ ဒီလိုပဲမြင်တယ်၊ တခြားလူတွေရဲ့ မျက်လုံးတွေထဲမှာ မင်းပုံဟာ ရိုင်းနေမယ့် ကိုယ့်မျက်လုံးထဲမှာ မင်းဟာ သိပ်ယဉ်တာပဲ။

တကယ်လို့များ ကိုယ်တို့နှစ်ယောက် တွေ့တာဟာ.. စလိုတွေ့ရခြင်း မဟုတ်ဘူးဆိုရင်တော့ ကိုယ်ဟာ မင့်ကို လက်ထပ်ဖို့ ခွင့်တောင်းပြီးသားပဲ။

ဒါပေမင့် မင်းမှာ ငါးနှစ်အတွင်း လက်မထပ်ပါဘူးဆိုတဲ့ ကတိကလဲ ရှိနေတယ်၊ ကိုယ့်မှာလဲ မယားကြီးနဲ့ မဟုတ်လား။

ကိုယ်ဟာ မင့်ကို မစော်ကားရက်ပါဘူး။ ဒါပေမဲ့ တွေးကြည့်စမ်းပါ မိန်းကလေးရေ.. နေရတဲ့နေရာက စိတ်ကူးယဉ်စရာကောင်း၊ ပန်းရနံ့တွေကလဲ မွှေး၊ ရေစီးသံကလဲ သာ၊ ဒီလိုနေရာမှာ မင်းနဲ့ ငါ ကြာကြာသာ တွေ့ကြရင်တော့ ငါဘယ်လိုမှ စိတ်ထိန်းထားလို့ ရမှာမဟုတ်ဘူး။ ကိုယ်တို့ဟာ ပုထုဇဉ်တွေပဲ၊ ပြီးတော့လဲ မင့်အဖို့ သိပ်ရုပ်ဆိုးသွားမှာပဲ။

ဒီတော့ ကိုယ်လဲ မင့်ကိုရော မင့်လုပ်ငန်းကိုရော ရှိသေတဲ့အနေနဲ့ ကိုယ်ပြန်သွားပြီ၊ ကိုယ် ခွင့်အတွက် စီစဉ်နေတာ ကြာပြီ၊ ရရချင်းပဲ ပြန်သွားပြီ။ ကိုယ်တို့တပ်တွေလဲ နောင် ဟတ္တိမှာ မထားတော့ဘူး။ မင်းကို နှုတ်မဆက်ဘဲပြန်သွားရတဲ့အတွက် ခွင့်လွှတ်ပါ၊ ရန်ကုန်ရောက်ရင်လဲ နာဂကိုပြန်မပို့ဖို့ စီစဉ်ရမှာပဲ၊ တခြားနယ်ခြားတပ်တစ်တပ်ကိုပဲ ကိုယ်သွားတော့မယ်။
mgyoe.com

mgyoe.com

*အကြောင်းတရားပဲ မလေးနရေ.. မင်းနဲ့ မဝေးဝေးအောင် ခွဲသွားရတာကတော့ မင့်ကို လေးစားလို့ပါပဲ၊*

*အကယ်၍ တစ်နေ့နေ့များ ကိုယ်ဟာ လွတ်လွတ်လပ်လပ်ရှိသွားမယ်၊ မင့်မှာလဲ အလုပ်က နားရပြီဆိုတော့ ကိုယ်မင့်ကိုလက်ထပ်ပါရစေလို့ ခွင့်တောင်းခဲ့ပါရစေ၊*

*တစ်သက်မှာ တစ်ခါဖြင့် တစ်ယောက်ကိုတစ်ယောက် နားလည်တဲ့ ချစ်သူချင်း အတူနေပါရစေလို့ ဆုတောင်းပါတယ်၊*

*ချမ်းမြေ့ရွှင်လန်းပါစေ...*

*မြဝင်း*

မလေးနသည် စာရွက်ခေါက်ရင်း လက်ချောင်းလေးတွေ တုန်နေသည်၊ မျက်လုံးမှာ မျက်ရည် တွေ လည်ဝဲလာသည်၊

ရင်ထဲမှာ အသက်ရှူရ ကျပ်လာသလို ဖြစ်လာသည်၊ သူသည် ဆက်လက်မျိုသိပ်၍မရ၊ ငိုချ လိုက်သည်၊

မငိုသည်မှာ ကြာပေပြီ၊ ရှိုက်၍ ရှိုက်၍ ငိုသည်မှာ လှုပ်၍ပင် နေသည်၊ သန်းသန်းသည် ငေး ကြည့်နေရာမှ သူ့အနားကို ကပ်လာသည်၊ ပခုံးကို အသာဖက်ရင်း..

"ငါ ဒါကြောင့် ပြောတာ၊ မင်းဟာ မင့်ကိုယ်ကိုလဲ မင်း နားမလည်ပါဘူးလို့၊ တိတ်ပါကွယ်.. အားလုံး စိတ်မချမ်းသာစရာကြီးပဲ"

မလေးနသည် ဆက်၍ငိုပြန်သည်၊

"အင်း.. မင်းပြောတာ မှန်ပါတယ်ကွယ်၊ အစကတော့ ကိုယ့်စိတ်ဟာ ကိုယ်စွန့်ခဲ့ရတဲ့ အချစ်ဦး ကလွဲလို့ ယောကျ်ားတွေကို ချစ်လို့ရမယ် မထင်ခဲ့မိဘူး"

"စိတ်ဆိုတာ ခက်သားပဲ၊ အမှတ်တမဲ့ စွဲလမ်းနေတာကို ကိုယ့်ဟာကိုယ် သိချင်မှသိတာ"

"ငါ.. ဗိုလ်မြဝင်းကို ချစ်မိနေပြီ"

သူသည်လို ဖွင့်၍ဝန်ခံပြန်တော့လည်း သန်းသန်းမှာ သနား၍သွားသည်၊

"သူ့စာထဲမှာ ပါသလိုပဲ ဖြစ်နိုင်တဲ့အချိန်ကို တစ်နေ့နေ့တော့ ကြုံကြဦးမှာပေါ့"

မလေးနသည် နောက်ဆုံး ရှိုက်လိုက်၏၊ အကယ်၍များ တစ်ချိန်ချိန်တွင် ပြန်လည်တွေ့ဆုံကြ ဦးတော့ ဘဝဆိုသည်မှာ ခက်ပါကလား၊

အိပ်မက် မက်သည်မှ ကောင်းပါသေး၏၊ အိပ်မက်လို မိန်းမော၍ စိတ်ကူးယဉ်ရသည်ကမှ တော်ပါသေး၏၊ နဖူးတွေ ဒူးတွေ့တွေ့ကြသောအခါ အဆင်ပြေချင်မှလည်း ပြေပေဦးမည်၊ တကယ် တော့ ဘာမှုမကောင်းပါကလား၊

mgyoe.com

mgyoe.com

*အိပ်မက်ခန်းဝယ်*
*ချမ်းမြေ့ရွှန်းစို*
*ပျော်သလိုနှင့်*
*ကမ်းကိုမမြင်*
*လမ်းမမြင်တည့်၊*
*နေပါရစေ*
*ရေညှိခွေတွင်*
*မျောရှင်တိုင်းသာ*
*မျောရပါမှ*
*စက်ရာဘဝ*
*အိပ်မက်ကပင်*
*မနိုးချင်တော့၊*

[အတွဲ-၇၊ အမှတ်-၇၇၊ အောက်တိုဘာ၊ ၁၉၅၃၊ ရှုမဝ ဝတ္ထုရှည် ၈/ဆုံး]

●

mgyoe.com

mgyoe.com

# နဂါးငွေ့တန်း

## (၁)

ညဉ့်ကဖြစ်လိုက်သော အဖြစ်က ထိတ်လန့်စရာကောင်းရသည့်အထဲ ယခုမနက် ကြားရသော သတင်းမှာ သာလွန်၍ စိတ်လှုပ်ရှားစရာ ကောင်းလှသည်။ ဒက်ဒီနှင့် မာမီတို့က မေးလျှင်လည်း သူ ဘယ်လိုဖြေရမည် မသိ၊ မဥ္စုသည် သတင်းစာကို ဖတ်ရင်း လက်များက တုန်နေသည်။ မျက်လုံးများ သည်လည်း စာတစ်ကြောင်းကို တပ်ကာထပ်ကာ ဖတ်နေသည်။ မျက်လုံးထဲတွင် မြင်နေရသော ခင်သန္တာ ဆိုသည့် စာလုံးမှာ သူ့စိတ်ကို အလှုပ်ရှားဆုံးပင်ဖြစ်၏။

"ခင်သန္တာဆိုတာက ဘယ်သူပါလိမ့်"

တွေးပေမယ့်လည်း တွေးလို့မရ၊ ခင်သန္တာကို ညက ပထမဆုံးမြင်ရခြင်း ဖြစ်၏။ ယနေ့မနက် ခင်သန္တာ အဖမ်းခံ၍ နေရလေပြီ၊ အမှန်တော့ ခင်သန္တာသည် အဖမ်းခံရရန် အပြစ်တစ်ခုမျှ မရှိ၊ သူ သာ အဖမ်းခံရဖို့ဖြစ်သည်။ မဥ္စုသည် ညကဖြစ်လိုက်သော အကြောင်းများကို ခေါင်းထဲတွင် မနည်း ပြန်၍စီနေရသည်။ သို့သော် တွေးလိုက်တိုင်း ဇောက်ထိုးပြောင်းပြန်ဖြစ်ကာ အကြောင်းအရာများက အစီအစဉ်နှင့် ထွက်၍မလာပေ။

လက်ဖက်ရည်ကိုလည်း ဆက်၍မသောက်ချင်၊ အိပ်ခန်းထဲကိုပြေးမှပဲ ဖြစ်မည်။ လက်ထဲမှ သတင်းစာကို ပိတ်လိုက်၍ ထမည်အလုပ် ဒက်ဒီနှင့် မာမီက အခန်းထဲသို့ ဝင်လာသည်။ ဒက်ဒီသည် လက်ထဲတွင် အင်္ဂလိပ်သတင်းစာကိုကိုင်ရင်း သူ့အနားမှာ လာထိုင်သည်။ အဘိုးကြီးစိတ်များသည် လည်း လှုပ်ရှားနေပုံရသည်။ သူ့လက်ချောင်းများသည် အငြိမ်မနေကြပေ၊ မျက်လုံးကမူ သတင်းစာမှ မခွဲဘဲ စူးစိုက်ကြည့်နေလေသည်။

"မင်းအောင် သေရတာဟာ အံ့သြစရာပဲ၊ သမီးနဲ့ ပြန်လာကြတုန်းက သူ အတူပါမလာဘူးပေါ့"

"မပါလာဘူး၊ ကိစ္စတစ်ခုရှိတယ်ဆိုပြီး နေရစ်တယ်"

mgyoe.com

mgyoe.com

မဥ္ဇူသည် ပြောရသည်ကို စိတ်မသန့်။ အမှန်တော့ ညက ကပွဲသွားခြင်းသည် ဒက်ဒီတို့ သဘောတူချက်အရ သွားခြင်းဖြစ်၍ ဘာမျှ စိတ်မသန့်စရာမရှိပေ။

"ကိစ္စတစ်ခုရှိတယ်ဆိုတာ ဒီခင်သန္တာနဲ့ဖြစ်မှာပေါ့"

မာမီက ဝင်ပြော၏။ မှန်၏၊ မာမီတွေးပုံသည် အမှန်တော့ မဆိုးပေ။ သတင်းစာထဲ ပါသည့် အတိုင်းဆိုလျှင် ဦးမင်းအောင်ကိစ္စသည် ခင်သန္တာနှင့် ချိန်းသည့်ကိစ္စ ဖြစ်ရမည်။ မာမီသည် သတင်းစာကို ဆွဲယူလိုက်၏။

"ဒီအထဲမှာကို ပါတာပဲ၊ ခင်သန္တာဖြောင့်ချက်ပေးတာ ရှင်းနေတာပဲ၊ ကပွဲမှာ ချိန်းခဲ့ပြီး အင်းလျားမှာ တွေ့ကြတုန်း ကတောက်ကဆဖြစ်ပြီး သူက ပစ်သတ်တာဆိုပဲ"

ဒက်ဒီသည် သတင်းစာကို စေ့စေ့စပ်စပ် ပြန်၍ကြည့်၏။ ခင်သန္တာ့ပုံသည် ကြည်လင်ပြတ်သား၍ လှပနေသည်။ ဦးမင်းအောင့်အလောင်းပုံမှာ ခင်သန္တာ့ရုပ်ပုံဘေးက ဖြစ်၏။

"ဒါလောက်လှတဲ့ မိန်းကလေးက လူသတ်တယ်ဆိုတာ ဒက်ဒီဖြင့် အံ့ဩလို့မဆုံးဘူးကွယ်၊ ပြီးတော့ ခင်သန္တာ့ပုံကို ကြည့်ကြစမ်းပေ့၊ သူ့မျက်လုံးက သိပ်ကြင်နာတတ်တဲ့မျက်လုံးပေါ့"

ဒက်ဒီသည် ခင်သန္တာ့ပုံကို ထောင်ပြ၏။ မဥ္ဇူသည် မကြည့်ရဲ၊ အသက်ရှူရ ကျပ်လာသည်။

"ဟုတ်တယ်.. ကြင်နာတတ်လွန်းလို့ ခင်သန္တာအဖမ်းခံရတာပေါ့"

မဥ္ဇူသည် ပြောရင်း ကုလားထိုင်မှ ထကာ အိပ်မက်နေသူလို တုန်တုန်ရီရီနှင့် အခန်းထဲမှ ထွက်သွားသည်၊ မာမီသည် မဥ္ဇူကို လှမ်း၍ကြည့်၏။

"စောစောစီးစီး ဒီအကြောင်းကို လက်ဖက်ရည်ပွဲမှာ ဒက်ဒီပြောတာ မကောင်းဘူးကွယ်၊ သမီးက စိတ်ငယ်တတ်ရတဲ့အထဲ၊ ပြီးတော့ ဘာပဲဖြစ်ဖြစ် သူနဲ့ ညဦးကမှ ကိုမင်းအောင်နဲ့ သွားခဲ့သေးတာ မဟုတ်လား၊ ဘယ်မိန်းကလေးဖြစ်ဖြစ် စိတ်လှုပ်ရှားမှာပေါ့"

"ဟုတ်တယ်.. ကိုယ်မှားတာပဲ၊ သမီးနာမည် သတင်းစာထဲ နောက်တွဲပါမလာအောင်လဲ တို့လုပ်ရဦးမယ်၊ ဒီလူကလဲ ဒါလောက်တော့ ရှုပ်မယ်မထင်ဘူး"

"မဟုတ်ခါမှလွဲရော မဥ္ဇူနဲ့ ကိုမင်းအောင် ကပွဲကို တွဲအလာမှာ ခင်သန္တာက မြင်လိမ့်မယ်၊ ကပွဲမှာ စုံစမ်းရင်း မဥ္ဇူနဲ့ ကိုမင်းအောင် စေ့စပ်ပြီးသားဆိုတာ သူသိသွားပါလိမ့်မယ်၊ ခင်သန္တာကလဲ တိတ်တိတ်ပုန်း မယားလားမှ မသိ၊ သူ့မယူတာနဲ့ စကားများပြီး ကိုမင်းအောင်ကိုများ ပစ်သတ်သလား"

မာမီသည် ရာဇဝတ်စုံထောက်ကြီးလို အမှုသွား အမှုလာကို သူ့ထင်မြင်ချက်နှင့် ပြောပြနေသည်။

"ဘုရားမ,လို့ပဲပေ့၊ ကိုမင်းအောင်နဲ့ စေ့စပ်ထားတာ သမီးကို ပြောမပြမိတာ ကံကောင်းတာပဲ"

မာမီသည် စကားပြောရင်း လှုပ်လှုပ်ရှားရှားဖြစ်လာပြန်သည်။ ဒက်ဒီ့မျက်နှာကလည်း စိုးရိမ်လာပုံ ရလေသည်။ သူတို့နှစ်ယောက်လုံး ထကာ မဥ္ဇူ့အိပ်ခန်းသို့ ပြေးတက်သွားကြပြန်သည်။

မဥ္ဇူသည် အိပ်ရာပေါ်တွင် လှဲနေ၏။ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

"သမီး.. ဘာဖြစ်သလဲ"

mgyoe.com

mgyoe.com

သူတို့နှစ်ယောက်လုံးသည် မဥ္ဇူ့အားတွင် ထိုင်ရင်း ပျာပျာသလဲဖြစ်နေသည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ သမီး တစ်ယောက်တည်း နေချင်တယ်"

"တစ်ယောက်တည်း.. တစ်ယောက်တည်းနေရင် သာပြီး စိတ်လှုပ်ရှားမှာပေ့ါ"

မာမီက ပြောရင်း မဥ္ဇူကို အကဲခတ်၏။

"မိန်းကလေးတစ်ယောက်အနေနဲ့တော့ ဒီလိုဖြစ်ရင် စိတ်လှုပ်ရှားတာပါပဲ၊ သူတစ်ယောက်တည်း နေချင်နေပါစေလေ၊ လာ လာ.. တို့များ အောက်မှာပဲ နေရအောင်"

အဘိုးကြီးသည် အသာပင် အခန်းထဲမှ ထွက်သွားလေသည်။ မဥ္ဇူသည် ရင်ထဲမှာ လှိုက်လာ၏။ ငိုချင်သည်တော့ မဟုတ်၊ ညဥ့်က ဇာတ်လမ်းများမှာ စီကာစဉ်ကာနှင့် သူ့ဦးခေါင်းထဲတွင် ပေါ်လာကြပြန်သည်။ မာမီသည် သူ့ခေါင်းရင်းဘက်တွင် ငြိမ်ငြိမ်လေးပင် ကုပ်၍ထိုင်မြဲ ထိုင်နေရစ်သည်။

"ဘာဖြစ်နေတာလဲ.. သမီး"

"ဘာဖြစ်တယ်ဆိုတာတော့ မပြောတတ်ဘူး၊ ခင်သန္တာရဲ့အမှုကို သမီး သွားပြီး နားမထောင်ရဘူးလား"

"အို ဘုရားရေ.. မိန်းကလေးနဲ့ ရုံးပြင်ကန္တားနဲ့ ဘယ့်နယ်ဖြစ်မလဲ၊ မသွားရပါဘူးကွယ်၊ ကဲ.. ပျော်အောင် အိပ်လိုက်စမ်း၊ ဒီသတင်းစာကြီးကိုလဲ မဖတ်နဲ့"

မဥ္ဇူ့လက်ထဲမှ သတင်းစာကို မာမီက ဆွဲယူလိုက်သည်။

"ပျော်အောင်အိပ်"

"မအိပ်ချင်ဘူး မာမီ၊ စဉ်းစားချင်တယ်"

"အိုး.. ဘာကို စဉ်းစားရမှာလဲ၊ ခက်လိုက်တာကွယ်"

"ခင်သန္တာဆိုတာ ဘယ်သူလဲလို့ သိချင်တာပါ"

"ခင်သန္တာ.. မာမီလဲ မသိဘူး၊ သိစရာမှမလိုဘဲ သမီးရယ်"

"လိုတယ် မာမီရဲ့၊ သိပ်လဲ ချောတာပဲ၊ မာမို့ထက် နည်းနည်းပဲ ငယ်မယ်၊ ဒါပေမဲ့ သူက သိပ်ချောတယ်၊ သူ့မျက်လုံးတွေကလဲ လှတယ်၊ ကတုန်းကများဖြင့် ယောက်ျားတွေမပြောနဲ့ သမီးတောင် အသက်ရှူမှားတယ်"

"ကြေးစား ကချေသည် ထင်ပါရဲ့"

"ဟုတ်တော့ ဟုတ်မှာပဲ၊ သူ့ဘဝနဲ့ မတန်လိုက်တာ၊ ခင်သန္တာကို ထပ်ပြီးတွေ့ချင်တယ်၊ ညက 'နဂါးငွေ့တန်း' ဆိုတဲ့ အကကို သူက က,တယ်"

မာမီသည် နားထောင်ရင်း သမီးအတွက် စိတ်ပူလာ၏။ ပထမတော့ ကိုမင်းအောင် သေဆုံးရခြင်းအတွက် သူ့သမီးလေး စိတ်ချောက်ချားနေရှာသည်ဟု ထင်မိခဲ့လေသည်။ ယခုတော့ သူ့သမီးသည် ကိုမင်းအောင်နာမည်ကို စကားလုံးထဲတွင်တောင်မှ ထည့်မပြော၊ ခင်သန္တာကိုသာ တမ်းတ၍နေသည်။ လူသတ်သူ မိန်းမတစ်ယောက်အပေါ်တွင် ယခုလို စွဲလမ်းခြင်းမှာ သင့်တော်မည်ဟု သူမထင်၊ မဥ္ဇူ့ကလည်း ညကအဖြစ်မှာ ကြောက်စရာကောင်းသည်ဆိုပေမယ့် ဒီအကြောင်းကိုပဲ တစ်

mgyoe.com

mgyoe.com

ယောက်တည်း ပြန်၍တွေးကြည့်ချင်သည်။ မာမီ အနားတွင် စကားလာပြောနေသည်ကို သူ မကြိုက်ပေ။

"သမီး အိပ်လိုက်ဦးမယ် မာမီ"

"အေး အေး.. ဒါမှ စိတ်ငြိမ်သွားမယ်"

သူ့ကို မာမီက မယုံသလို သေသေချာချာကြည့်၏။ သူ့မျက်လုံးတွေ မှိတ်၍ မှိန်းနေတော့မှ မာမီသည် ခြေသံကို ဖော့လျှောက်ကာ အခန်းထဲမှ ထွက်သွားတော့သည်။

(၂)

ယခုမှ ညကအိပ်မက်ကို ပြန်၍တွေးရ၏။ ညဦးကအဖြစ်များကို သူ့ဒက်ဒီအား အမှန်အတိုင်း ဖွင့်ပြောရ ကောင်းမလား။ သူ့ဒက်ဒီသည် ပင်စင်ယူထားသော စက်ရှင်တရားသူကြီးဖြစ်၏။ သူသည် ဦးမင်းအောင်ကို တရားသူကြီးတစ်ယောက်မှန်း သိ၏။ ရုပ်ချော၍ ပိုက်ဆံရှိပေမယ့် ဦးမင်းအောင်နှင့် မတွဲချင်။ ဦးမင်းအောင်သည် လူပျိုကြီးဖြစ်ကြောင်းကိုလည်း မာမီသည် ခဏခဏပြောတတ်၏။ ညဦးကမှ သူသည် နဂါးငွေ့တန်းအကကို ကြည့်ရန် ဦးမင်းအောင်နှင့်တွဲ၍ ထွက်သွားကြခြင်း ဖြစ်သည်။

မဥ္ဇူသည် ကပွဲများသို့ သွားလေ့သွားထမရှိ။ ဒက်ဒီနှင့် မာမီသည် သူသွားချင်လျှင်လည်း တားမြစ်မည့် မိဘများ မဟုတ်။

ကပွဲခန်းထဲကို ဝင်စက မဥ္ဇူသည် ကြောင်၍နေ၏။ ကပွဲတွင် အထက်တန်းစားဆိုသည့် အရာရှိကြီးများ၊ သူဋ္ဌေးများကို အများဆုံး သူ တွေ့ရသည်။ လာရောက်သည့် မိန်းမတွေကလည်း မီးရောင်အောက်တွင် အားလုံးပဲ လှကြသည်ထင်သည်။ ဒါပေမဲ့ သူ လှသည်ထင်သော မိန်းမများသည် သူ့ကို ဝိုင်း၍ကြည့်ကြပြန်သည်။ မဥ္ဇူသည် အသက်ရှူရပင် ကျပ်လာသည်။ ထိုညက ဒေါင်းမြီးကွက်ဆင် ငွေချည်ထိုးလုံချည်ကို သူ ဝတ်သွား၏။ လုံချည်ထဲတွင် ပါဝင်သော စိမ်းညို့ရောင် အပြာမှိုင်းမှိုင်းနှင့် ရွှေရောင်မှာ မီးရောင်နှင့်အတွေ့တွင် ပို၍တောက်ပလာကြသည်။

"မဥ္ဇူက သိပ်လှတာပဲ"

ဦးမင်းအောင်သည် သူနှင့် တွဲထိုင်ရင်း သူ့နားနားကပ်၍ ပြောလိုက်သည်။ လေဟပ်သလား၊ နှာခေါင်းဖျား ခတ်သွားသလား မသိ၊ သူ့ပါးနားတွင် နွေးနွေးကလေး ဖြစ်သွားသည်။ ဒီလို လေဟပ်သည်ကိုလည်း မဥ္ဇူက မကြိုက်ပေ။ ဒါပေမဲ့ တွဲထွက်လာမိမှတော့ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အောင့်သက်သက်နှင့် ခံရပေမည်။

"နဂါးငွေ့တန်းက ဘယ်တော့ကမှာလဲ"

"ခုပဲ ဟိုစင်မြင့်မှာ ကမယ်၊ ပြီးမှ နှစ်ယောက်တွဲ ကလိမ့်မယ်"

"နဂါးငွေ့တန်းအကပြီးရင် ပြန်ပို့နော်၊ ဟို ကတာတော့ မဥ္ဇူ မကချင်ဘူး"

ဦးမင်းအောင်သည် သူ့ကို ပြုံး၍ကြည့်၏။ တဖြည်းဖြည်း မီးတွေ မှိန်၍လာသည်။ စင်မြင့်ပေါ်မှာ မီးလုံးများ မှိတ်ထားလေသည်။ ပြာလဲ့သောရောင်ခြည်တစ်ခု စင်မြင့်ပေါ်တွင် တဖြည်းဖြည်းလင်းလာ

mgyoe.com

mgyoe.com

ပြန်သည်။ အရောင်မှာ လင်းလင်းကြီးမဟုတ်ဘဲ မှေးမှေးမှိန်မှိန်နှင့် ညရောင် ဖြစ်သည်။ နောက်ဘက်ရှိ အနက်ပိတ်ကားပေါ်မှ ကြယ်လိုအပွင့်လေးတွေမှာ တဖိတ်ဖိတ်တောက်၍လာကြသည်။

တီးလုံးသံများသည် အသည်းယားစရာကောင်းလှသည်။ ကျယ်ကျယ်လောင်လောင် မဟုတ်ဘဲ ဝိဉာဉ်တွေ၏ ညည်းချင်းလို တယောသံတိုးတိုးလေး ပေါ်လာ၏။ တိုးရာမှ လွန့်၍လွန့်၍ ခပ်ညင်းညင်း သံစုံတီးလာကြသည်။ ပရိသတ်မှာ ငြိမ်၍ တီးလုံးသံတွင် နစ်နေကြသည်။

ပြွန်းဆို မီးရောင်ခြည်ဝိုင်းနှင့် မိန်းမတစ်ယောက်၏ရုပ်လုံးမှာ ပရိသတ်ကို လှုပ်ရှား၍ပစ်လိုက်သည်။

"သူပဲ.. ခင်သန္တာဆိုတာ"

မဥ္ဇူသည် ခင်သန္တာကို မျက်လုံးခွာ၍မရ၊ သူ့အဝတ်အစားများသည် အပါးဆုံး ပိုးသားအဖြူတွင် ငွေချည်ခက်များကို နဂါးကြေးခွံလို ဖောက်၍ထားခြင်းဖြစ်သည်။ ငွေချည်ပွင့်များသည် ကျဲကျဲခတ်ထား၍ ပါးလွှာသောပိုးသားအောက်တွင် ခင်သန္တာ့ကိုယ်လုံးသည် ရွှန်းရွှန်းအိအိ ပေါ်နေသည်။ ကိုယ်ကျပ်အင်္ကျီမှတစ်ပါး သူ့အပေါ်တွင် ဝတ်ရုံတစ်ခုသာ ရှိသည်။ ငွေချည်လွှာမှာ လွှမ်းရုံ၍ ပတ်ထားခြင်းပင် ဖြစ်၏။

မဥ္ဇူသည် လှလွန်းလို့ စိုက်ကြည့်ရာမှ သူ့စိတ်ထဲတွင် ရှက်လာသည်။ ဘေးလူတွေမျက်နှာကို သူ ကြည့်မိပြန်၏။ သူ့လိုရှက်ဖို့ဝေး၍ မျက်တောင်မျှပင် မခတ်၊ ခင်သန္တာ့ကိုယ်မှ မျက်လုံးများ မခွာကြပေ၊ တေးသံနှင့် တီးလုံးမှာ တဖြည်းဖြည်းမြင့်၍လာသည်၊ ကပုံကလည်း အသည်းယားစရာကောင်းသည်၊ လွန့်၍လွန့်၍ မြွေလိုက၏၊ ဘာအကဟု၍လည်း မဥ္ဇူက မတွေးတတ်၊ အနောက်တိုင်းအကလည်း မဟုတ်၊ ဗမာလည်း လုံးလုံးမဆန်၊ ယိုးဒယားဟန်လည်း ပါပေသည်၊ ကော့၍ ကိုယ်ကိုလိမ်လိုက်တိုင်း ရွှန်းအိသောရင်သားများသည် ငွေဝတ်ရုံအောက်တွင် တငြိမ့်ငြိမ့်လှုပ်ရှားသွားသည်၊ ဦးမင်းအောင်၏ သက်ပြင်းချသံမှာ သူ့နားနားတွင် ခဏခဏပေါ်လာသည်၊

ပိုးပဝါစကို ဖြန့်၍အဆွဲလိုက်တွင် ကြယ်များသဏ္ဌာန် ငွေချည်ပွင့်များသည် ဖွာ၍ကျလာကြပြန်၏၊

"ဒါကြောင့် 'နဂါးငွေ့တန်းအက' လို့ ပြောတာထင်တယ်နော်"

ဦးမင်းအောင်သည် သူ့ကို ကပ်၍ပြောလိုက်၏၊ ဦးမင်းအောင်အသံမှာ တုန်နေသည်ကို မဥ္ဇူက သတိထားလိုက်မိသည်၊ ခင်သန္တာ၏ ပေါင်တံများသည် ဖွေးခနဲ ဖွေးခနဲနှင့် ပိုးပဝါကြားမှ လွန့်၍ ပရိသတ်ကို မြူတတ်၏၊ နောက်ဆုံး စင်မြင့်သည် မှောင်အတိကျသွား၍ မီးလင်းလိုက်သောအခါတွင် ခင်သန္တာမရှိတော့ပေ၊ ပရိသတ်၏ သက်ပြင်းချသံမှာ တစ်ပြိုင်နက်လိုပေါ်လာကာ လက်ခုပ်သံများသည်လည်း တစ်ခဲနက် ပေါ်ထွက်၍လာတော့သည်၊

"ခင်သန္တာ.."

လူတိုင်းက သူ့နာမည်ကို ရေရွတ်လိုက်၏၊ ကပွဲအပြီး ဦးမင်းအောင်သည် မဥ္ဇူကို စားပွဲတစ်ခု

mgyoe.com

mgyoe.com
တွင် ခဏထားခဲ့၍ တခြားမိတ်ဆွေများကို နှုတ်ဆက်နေသည်။ လိမ္မော်ရည်ကို ကျူရှိုးနှင့်စုတ်ရင်း မဥ္စူသည် ခင်သန္တာကို စဉ်းစားနေမိ၏။

"ခဏ ထိုင်မယ်နော်"

မဥ္စူသည် သူ့ဘေးတွင် ဝင်ထိုင်သူကို ကြည့်ရင်း အံ့အားသင့်သွားသည်။ လာထိုင်သူမှာ ခင်သန္တာဖြစ်၏။ ခင်သန္တာသည် ရိုးရိုးအဝတ်အစားနှင့်လည်း လှပသူဖြစ်သည်။

"ထိုင်ပါ.. ကျွန်မစိတ်ထဲမှာလဲ မမကို စဉ်းစားနေတာပါ၊ မမ ကတာ သိပ်ကြည့်ကောင်းတာပါပဲ"

ခင်သန္တာသည် ဖြည်းဖြည်းပြုံး၏၊ သူ့ပြုံးပုံမှာ နှင်းဆီငုံပွင့်သလို ညင်သာလှသည်။

"အကရဲ့ နာမည်ကို နဂါးငွေ့တန်းလို့ ပေးတာက ပိုပြီးကဗျာဆန်တယ်နော်"

မဥ္စူသည် အသေးစိတ်ပြောနေသလောက် ခင်သန္တာသည် မစူးစိုက်ပေ။ သူသည် မဥ္စူကို ရွှန်းရွှန်းစားစားကြည့်ရင်း နစ်သိမ့်နေပုံလည်း ရသည်။

"မင်း ကပွဲကို လာနေကျလား"

"မဟုတ်ပါဘူး၊ ဒီတစ်ခါပဲ"

"ဘယ်သူနဲ့ တွဲလာလဲ.. ဟင်"

မဥ္စူသည် မဆိုင်သောမေးခွန်းများအတွက် စိတ်ထဲမှာ ထင့်သွားသည်။

"တရားသူကြီး ဦးမင်းအောင်နဲ့ပါ"

"ဩော်.. ကိုလူပျိုကြီးလား"

"မမနဲ့ သိတယ်..."

"သိတာပေါ့၊ မမက လူတိုင်းနဲ့ သိတယ်၊ အထူးသဖြင့် ယောကျ်ားတွေနဲ့ ပိုသိတယ်"

"ဟင်.."

"တကယ်ပါ၊ မင်းကတော့ လူတွေကို သိဖို့ရော၊ လောကကို သိဖို့ရော ငယ်ပါသေးတယ်၊ ပြီးတော့ ဒီနေရာကို ဘာလို့လာချင်လဲဟင်"

သူ့အသံမှာ ကြင်နာယုယသံ ပါနေ၍ မဥ္စူက ငေးကြောင်ကြောင်ဖြစ်နေသည်။

"လူကြီးလူကောင်းတွေ လာနေတာပဲ၊ ပြီးတော့ ကျွန်မအဖော် ဦးမင်းအောင် ပါတာပဲ"

"အင်း... အဲဒီအဖော်ကိုယ်တိုင်က ကြောက်စရာပဲ"

"ဟင်.."

"တကယ်ပါ၊ မဆိုင်တဲ့ကြားမှာ ဝင်စွက်တယ်လို့ မထင်နဲ့၊ ဒီလူကြီးနဲ့ မင်းတွဲတာ ဘယ်လောက်ကြာပလဲ"

မဥ္စူသည် စိတ်တိုသလိုဖြစ်ပေမယ့် ခင်သန္တာ၏ လေယူလေသိမ်းမှာ စိတ်ဆိုးရက်စရာမရှိပေ။

"ဒါ ပထမဆုံး တွဲတာပဲ"

"မတွဲပါနဲ့လား၊ ဒီကိုလာတာလဲ သိပ်အန္တရာယ်များတာပဲ၊ မင်းကိုကြည့်ရတာ ရိုးရိုးလေးပဲ၊ မိန်းကလေး.. ဒါပေမဲ့ ရိုးရိုးနေတာလဲ တစ်ခါတစ်ခါ မကောင်းဘူး"

mgyoe.com

mgyoe.com

ခင်သန္တာသည် ငိုင်၍သွားပြန်၏။

"ပြန်ရင် သတိထားနော်"

"ဘာဖြစ်လို့လဲ မမ.. ဘာအန္တရာယ်တွေ ရှိလဲ"

ခင်သန္တာသည် စီးကရက်တစ်လိပ်ကို ညှိသောက်ရင်း..

"ဒီနေရာတွေဟာ လူချင်းလဲတဲ့နေရာတွေ သိလား၊ ဟိုမှာ မင်းရဲ့ဦးမင်းအောင်ကို ကြည့်လိုက်စမ်း"

မဥ္ဇူသည် ခန်းမကြီးတစ်ထောင့်ရှိ ဦးမင်းအောင်ကို လှမ်းကြည့်လိုက်၏။ သူ့အနားတွင် အသားဖြူဖြူနွဲ့နွဲ့ မိန်းကလေးတစ်ယောက် တွေ့ရသည်။ မိန်းကလေးသည် အကျီရော လုံချည်ပါ အနက်ရောင် ဝတ်၍ထားသည်။ အနက်ရောင်ထဲမှာ ငွေချည်များသည် တလက်လက်တောက်နေ၏။

"အဲဒီမိန်းကလေးဟာ အရေးပိုင်ကတော်ပဲ၊ ဒါပေမဲ့လဲ တွဲချင်တဲ့လူနဲ့ တွဲတာပဲ၊ ဒီညကပွဲတွေမှာတော့ သူ့လင်ရောကိုယ့်လင်ရော၊ သူ့မယားရော ကိုယ့်မယားရော တွဲချင်တာတွဲကြတာပဲ၊ တွဲတာလောက်တော့ အရေးမကြီးဘူးပေါ့၊ ကပွဲက ပြန်အပို့မှာမှ ပိုပြီးကြောက်စရာကောင်းတာ"

မဥ္ဇူသည် ဘာကြောင့် သူ့ကို ဒီလိုလာပြောသည်ကို သူ နားမလည်ပေ။

"မင်း အပြန်လဲ သတိထား၊ ဦးမင်းအောင်ကို ယုမယ်ဆိုရင်တောင် ဦးမင်းအောင်ဟာ အဲဒီအရေးပိုင်ကတော်လေးနဲ့လဲ ဖြစ်နေတာပဲ"

"ဟင်.. မမကလဲ၊ ကျွန်မ ဒါတော့ သည်းမခံနိုင်ဘူး၊ ဒီလူကို နည်းနည်းမှ ကျွန်မစိတ်မကူးဘူး"

"ဝမ်းနည်းပါတယ်၊ မင်းတို့ ကိုယ်ရေးကိုယ်တာထဲ ဝင်စွက်တယ် မထင်ပါနဲ့၊ ကြာကြာကြည့်ရင် လူတွေ ဘယ်လောက်သောင်းကျန်းတယ်ဆိုတာ မင်းမြင်ရလိမ့်မယ်"

"မကြည့်ပါဘူး၊ ကျွန်မ ခုပဲ ပြန်ဖို့ပြောထားပြီးပြီ၊ ကျွန်မကို သတိပေးတာလဲ ကျေးဇူးတင်ပါတယ်"

ခင်သန္တာသည် သူ့ကို တစ်ချက်စိုက်ကြည့်၍ ပြုံးကာ နေရာမှ ထသွားတော့သည်။ နောက်ဆုံး ခင်သန္တာပြုံးပုံသည် မချိသလို အားယူ၍ပြုံးလိုက်ပုံ ဖြစ်၏။ မဥ္ဇူသည် ခေါင်းရှုပ်လာ၏။ ဆက်၍လည်း မနေချင်၊ ဦးမင်းအောင်ရှိရာကိုပဲ လည်တဆန့်ဆန့်နှင့် ကြည့်မိ၏။ မကြာခင်ပင် ဦးမင်းအောင်သည် သူ့စားပွဲသို့ ပြန်လာသည်။

"ပြန်ချင်ပြီလား မဥ္ဇူ"

"ပြန်ကြပါစို့၊ ခေါင်းထဲမှာ ကိုက်လာပြီ"

"ကဲ.. သွားမယ်"

ဦးမင်းအောင်သည် မိတ်ဆွေတချို့ကို နှုတ်ဆက်၍ သူတို့နှစ်ယောက် ကပွဲခန်းမှ ထွက်လာကြသည်။ မဥ္ဇူသည် ကားထဲမှာထိုင်ရင်း စိတ်ထဲမှာ ထင့်လာသည်။ သို့သော် သူ့အသက်သည် ၂၀ မှ မပြည့်သေး၍ ဦးမင်းအောင်လို လူကြီးတစ်ယောက်နှင့် တွဲသည်မှာ အန္တရာယ်မရှိနိုင်ဟု ထင်မိသည်။ ဦးမင်းအောင်သည် ကားကို ကိုယ်တိုင်မောင်း၏။ ကားထဲတွင် သူတို့နှစ်ယောက်တည်းပင် ရှိသည်။

mgyoe.com

mgyoe.com

"ခေါင်းကိုက်သေးရင် အိမ်ကို မဝင်သေးဘဲနဲ့ အင်းလျားဘက် မောင်းရအောင်နော်"

မဥ္ဇူအိမ်မှာ ပြည်လမ်းပေါ်တွင် ဖြစ်၏။ မဥ္ဇူသည် အင်းလျားဘက်ကိုသွားဖို့ကို မကန့်ကွက်မိပေ။ နောက်ဘက်မှ တစ်ယောက်တည်းထိုင်ရင်းပင် ခင်သန္တာကို စဉ်းစား၍ လာမိ၏။ ကန်ဘေးတွင် ကားရပ်၍ ဦးမင်းအောင် ဆင်းသွားသည်အထိ သူသည် တစ်ယောက်တည်းပင် စဉ်းစားနေရစ်၏။ ကားမှန်မှကျော်၍ ကောင်းကင်ကို ကြည့်ရင်း ခင်သန္တာကို ကောင်းကင်မှာ ကစေချင်၏။ နဂါးငွေ့တန်း ကြယ်စုဖြူဖြူလေးတွေသည်လည်း အဆင်သင့်ပင် ကောင်းကင်တွင် စုရုံးနေကြသည်။ ခင်သန္တာ၏ ကပုံ စိတ်ကူးကို သူ့ စိတ်ထဲတွင် ချစ်လာ၏။

စင်မြင့်ပေါ်တွင် ကချေသည်နှင့်တူအောင် ကစဉ်က ခင်သန္တာ့မျက်လုံးများသည် စွဲမက်စရာ ကောင်းအောင် တောက်ပ၍ မီးဝင်းဝင်းတောက်နေသည်။ သူ့အနားသို့ လာရောက်ပြောစဉ်တွင်မူ ခင်သန္တာ၏ မျက်လုံးများသည် ပုလဲဥလို အေးမြချမ်းငြိမ်ပေသည်။ ကြင်နာတတ်သောစိတ်မှာ သူ့မျက်လုံး ထဲမှ လျှောကျနေသည်။ ဒါပေမဲ့ အနီးသို့ စေ့စေ့ကပ်ကြည့်ချိန်တွင် ခင်သန္တာသည် သူ ထင်သလောက် မနုပျိုပါ။ ပါးမို့အောက်တွင် အိုခြင်း၏ရှေ့ပြေးဖြစ်သော အရေးအကြောင်းများ ပေါ်၍နေသည်။ မဥ္ဇူသည် ယခုမှ ခင်သန္တာ့ပုံကို တစေ့စေ့တွေးနေမိ၏။ ညဥ့်လေအေးသည် မှန်ကြားမှ စိမ့်၍ ဝင်လာသည်။

ဦးမင်းအောင်သည် ကားတံခါးကိုဖွင့်၍ ဝင်လာကာ သူနှင့် ကပ်၍ထိုင်လိုက်သည်။ မဥ္ဇူသည် ရုတ်တရက်တော့ အံ့အားသင့်၍ သွားသည်။

"ဘာတွေ တွေးနေလဲ ဟင်"

"ခင်သန္တာကို သတိရနေလို့ပါ။ ကျွန်မတို့ ပြန်ကြစို့လား"

ဦးမင်းအောင်သည် အဖြေမပေး။ ငြိမ်၍ သူ့ကို စိုက်ကြည့်နေ၏။ မျက်လုံးရောင်က တောက်လာလွန်း၍ မဥ္ဇူသည် ကြောက်လာသည်။

"ပြန်စို့နော်"

"မပြန်ပါနဲ့ဦးကွယ်၊ ကိုယ်တို့ ဒီမှာ ညဥ့်နက်တဲ့အထိ နေရအောင်"

"ဟင့်အင်း... စိတ်ညစ်စရာကြီး"

"ဘယ်လိုကွယ်"

ဦးမင်းအောင်သည် သူ့ကို တိုး၍ကပ်ကာ ကြည့်နေပြန်သည်။

"ဦးမင်းအောင်.. ဘာဖြစ်တာလဲ၊ ဒီလိုနေတာ မဥ္ဇူတော့ မကြိုက်ဘူး"

သူသည် တိုးတိုးလေး ရယ်လိုက်၏။

"အရူးမလေး၊ ကိုယ်နဲ့ ဒီလိုထွက်လာတာ မပျော်ဘူးလားဟင်၊ အမှန်တော့ လက်မထပ်ခင် ခုလို တွေ့ရတာ သိပ်ပျော်စရာကောင်းတယ်"

"ဘာ.."

မဥ္ဇူသည် ရင်ထဲမှာ တုန်လာ၍ လက်ဖျားတွေ အေးလာသည်။

mgyoe.com

mgyoe.com

"ဘာလဲဟင်.. လက်ထပ်ရမယ်၊ ဦးမင်းအောင်ကို.."

"ဒါတွေကို မဥ္ဇူ ခုထိမသိသေးဘူးလား၊ ဒါကြောင့် မင်းဒက်ဒီတို့က ကိုယ်နဲ့ ထည့်တာပေါ့၊ နို့မို့ရင် သူတို့သမီးကို ယင်ဖိုတောင် မသန်းရဘူး သိလား"

သူ့လက်ချောင်းများသည် မဥ္ဇူနဖူးကို လာအတို့တွင် လန့်သွားရပြန်သည်၊ ခက်ကပြီ.. ဘာလုပ်ရပဲ့၊ သူ့ဒက်ဒီနှင့် မာမီတို့သည် စောစောက သူ့ကို ဘာဖြစ်၍များ ပြောမထားပါလိမ့်၊

"မဟုတ်နိုင်ဘူး.. ဘယ်နည်းနဲ့မှ မဟုတ်ဘူး၊ ပြန်ပို့ရမယ်"

"အို.. ပျော်ပျော်ရွှင်ရွှင် ဒီမှာ နေရအောင်"

"ဟင့်အင်း.. မပျော်ပါဘူး၊ ဒီနေရာ လာမိတာကို မှားတယ်၊ ပြန်ကြပါစို့"

မဥ္ဇူသည် စိတ်ကိုတင်းထား၍ ဟန်လုပ်ပြောနေရပေမဲ့ ဦးမင်းအောင်ကို ကြောက်လှပြီ၊ ပတ်ဝန်းကျင်ကလည်း တိတ်၍နေ၏၊ လူရိပ်လူခြည်မှာ မရှိ၊ ဘယ်လိုနည်းနှင့်မှတော့ ဦးမင်းအောင်ကို မယူနိုင်၊

ဦးမင်းအောင်အဖို့မှ မဥ္ဇူနှင့် ယခုလို အခွင့်အရေးမျိုးမှာ ကြုံကြိုက်ခဲဘိတောင်း၊ မဥ္ဇူကဲ့သို့ ပျိုပျိုနုနုတွေရော၊ အရေးပိုင်ကတော်လို တစ်ပတ်ရစ်မျိုးကိုရော ယခုလို ထုတ်ခဲ့ပေါင်း များခဲ့ပြီ၊ ယူဖို့ မယူဖို့ ကိစ္စ၊ အတည် မတည်ကိစ္စတွေမှာ စကားထဲတွင် ထည့်ဆွေးနွေးစရာမဟုတ်၊ သူတို့ကလည်း ပွဲပြီး လျှင် မီးသေကြသည်ပဲ ဖြစ်၏၊ ဦးမင်းအောင်ကို သူတို့ အဖြေတော်အဖြစ် ဆက်ဆံသလို ဦးမင်းအောင်ကလည်း သူတို့ကို အဖြေတော်အဖြစ် ဆက်ဆံခြင်းပင် ဖြစ်၏၊ မရန်းပင်ရိပ်အောက်တွင် ခင်းခဲ့သော ဇာတ်ထုပ်များသည် မရန်းပင်ရိပ်အောက်မှ အထွက်တွင် အားလုံးပျောက်သွားသည်ပဲ ဖြစ်၏၊ ကြယ်ပွင့်များက မျက်စိမှိတ်နေ၍ လမင်းကမှ ဘယ်သူ့ကိုမျှ မပြော၊ ကန်ရေပြင်ကလည်း တုတ်တုတ်မျှ မလှုပ်တော့ပေ၊

ထို့ကြောင့် မရန်းပင်ရိပ်ဇာတ်ထုပ်များသည် ရိုက်မလောက်ဖြစ်ခဲ့၏၊ သူသည် မဥ္ဇူကို သူ့ဇာတ်လိုက် မင်းသမီးဖြစ်ရန် ကြိုးစား၏၊ မဥ္ဇူသည် ခေတ်မီပေမယ့် တစ်ခါဖူးမျှ မရန်းပင်ရိပ်ဇာတ်ထုပ်ကို မလေ့လာမိ၊ မသိသူဖြစ်၍ တော်တော်ခက်သည်၊ မဥ္ဇူသည် မျက်လုံးတွေ ပြာလာ၏၊ ကြောက်လွန်း၍ ဘာမဆို လုပ်ရဲလာ၏၊ သူ့ရင်ထဲတွင် ဦးမင်းအောင်ကို သရဲသဘက်လို စက်ဆုပ်လာသည်၊ ဦးမင်းအောင်က သောင်းကျန်းစ ပြုလာပြီဖြစ်ရာ သူသည် ခုခံရန် လက်နက်ကို ရှာမိ၏၊ ကားထဲတွင် နှစ်ယောက် တိုးရင်းဖွေရင်းပင် ဦးမင်းအောင်၏ ဘောင်းဘီအိတ်ထဲမှ ခြောက်လုံးပြူးအသေးလေးကို စမ်းမိပြီး တစ်ပါတည်း ဆွဲ၍ထုတ်လိုက်၏၊ ဦးမင်းအောင်သည် သူ့ကို တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားရာမှ မရ ရအောင် နမ်း၏၊ နောက်တစ်ကြိမ်အတွက် ခဏမျှ လက်အလျှော့လိုက်တွင် မဥ္ဇူသည် ဦးမင်းအောင်၏ရင်ဝကို ချိန်ကာ သေနတ်မောင်းကို ဖြုတ်လိုက်တော့သည်၊

သေနတ်ကို လွှတ်ချ၍ ကားတံခါးကို ဖွင့်ကာ အပြင်ကို ခုန်ထွက်လိုက်သည်၊ မဥ္ဇူသည် ဘာလုပ်ရမည်မှန်း မသိ၊ ပြေးဖို့ကို သတိမရခင်ပင် ကားတစ်စီးမှာ ဖြွန်းဆို သူ့အနား ရောက်လာသည်၊ မဥ္ဇူသည် လှုပ်၍ပင် မရအောင် ကြောက်လာသည်၊

mgyoe.com

mgyoe.com

ကားထဲမှ ခင်သန္တာထွက်လာကာ သူ့ဆီသို့ ပြေးလာသည်၊

"မငြူ.. ဘာဖြစ်နေလဲ"

သူ့ကိုဖက်၍ လှုပ်လိုက်မှ သူ သတိရလာသည်၊

"ကျွန်မ ဦးမင်းအောင်ကို သတ်လိုက်တယ်၊ သူက.."

"ဟင်.."

"ဘာမှတော့ မဖြစ်သေးဘူး၊ ရှန်းမရလို့ ပစ်လိုက်တာပဲ"

"သေနတ်ကော.."

"ကားထဲမှာ"

ခင်သန္တာသည် ဦးမင်းအောင့်ကားရှိရာသို့ ပြေးလာကာ သေနတ်ကို ကောက်ယူလိုက်၏၊

"ကဲ.. အချိန်မရှိဘူး မငြူ၊ ကားပေါ်တက်.. အိမ်ပို့ပေးမယ်"

မငြူသည် ခင်သန္တာ့ကားပေါ်တက်ရင်း တုန်တုန်ရီရီဖြစ်နေသည်၊ ခင်သန္တာသည် ကားကို မှန်မှန် မောင်းရင်း..

"ဟိုတယ်ထဲက ထွက်သွားကြကတည်းက စိတ်ထဲမှာ စိုးရိမ်နေတယ်၊ ချက်ချင်း ကားငှားပြီး နောက်က လိုက်ခဲ့တာပဲ၊ သူသွားနေကျ ကန်စောင်းက ကုက္ကိုင်းဘက်မှာ၊ ဟိုမှာ သွားရှာနေတာနဲ့ နောက်ကျသွားတယ်၊ မင်းကိုယ်ကို သပ်သပ်ရပ်ရပ် လုပ်လိုက်စမ်း၊ အိမ်ကျရင် ဘာမှမဖြစ်သလိုနေ၊ ခုညဖြစ်သမျှ မေ့ပစ်လိုက်.. သိလား"

ခင်သန္တာသည် မငြူအား အမိန့်ပေးသလို ဆက်တိုက်ပြောလာသည်၊

"ဦးမင်းအောင်အလောင်းကြီးကို ဘယ့်နှယ်လုပ်မလဲ"

"ဒါတွေကို မေ့လိုက်ပါလေ၊ အိမ်ကျရင်သာ ဣန္ဒြေရရနေနော်၊ ဦးမင်းအောင် လမ်းမှာ နေရစ်တယ်သာ ပြော၊ ကိုယ် ချက်ချင်း ချပြီးထွက်သွားမယ်"

ကား အိမ်ဝင်းထဲသို့ ချိုးဝင်လိုက်၏၊ အိမ်သားများ ထွက်မလာခင် ခင်သန္တာသည် ကားကို မောင်း၍ ထွက်သွားလေတော့သည်၊

မနေ့ညက မငြူသည် ဒက်ဒီကို ကောင်းကောင်းညာလိုက်၏၊ ဒက်ဒီ တံခါးဝကို ရောက်ချိန်တွင် ကားမှာ ထွက်သွားတော့သည်၊

"ဒက်ဒီ.. ဦးမင်းအောင် အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ နေရစ်တယ်၊ ကားကြုံနဲ့ ထည့်လိုက်တယ်၊ ဒက်ဒီတို့ကို နှုတ်ဆက်တယ်လို့ ပြောလိုက်ပါတဲ့"

"ဟေ.. အေး အေး ညဉ့်နက်ပြီ"

"ဟုတ်တယ်၊ ကပွဲတောင် စ နာရီလောက် စ တယ်၊ လူများလွန်းလို့ သမီးလဲ နေမကောင်းချင်ဘူး"

သူသည် ဒက်ဒီနှင့် မျက်နှာချင်းမဆိုင်ဘဲ သူ့အိပ်ခန်းသို့ တက်လာခဲ့သည်၊ တစ်ညလုံး အိပ်၍မရ၊ လူတစ်ယောက်ကို သတ်ခဲ့သည်ဆိုသည်မှာ သေးငယ်သောကိစ္စ မဟုတ်၊ တစ်ညလုံး ဇရဲခံရသ

mgyoe.com

mgyoe.com

လို စိတ်တွေ ချောက်ချားနေသည်။ ဦးမင်းအောင်သည် သူ့အား တအားဖက်ထားလိုက်စဉ်ကလို သူ့ရင်ထဲတွင် ကျပ်၍ကျပ်၍ လာသည်။ မိုးသာ စင်စင်လင်းခဲ့သည်၊ ညကဖြင့် အိပ်၍မရခဲ့။

(၃)

ယခု မနက်လင်းတွင် သတင်းစာဖတ်လိုက်ရတော့လည်း စိတ်ထဲတွင် ပို၍မောသွားသည်။ သူသည် စောင်ကို ခေါင်းလုံအောင် ခြုံလိုက်ပြန်၏။

ခင်သန္တာဆိုသည်မှာ ဘယ်သူပါလဲ၊ ဘာကြောင့် သေနတ်ကို ယူ၍ သူသတ်သည်ဟု ဂတ်တွင် ဖြောင့်ချက်ပေးပါသလဲ။ တွေးရင်း ပတ်ချာလည်လာ၏။ ဘာတွေများပါလိမ့်။ အမှန်တော့ ညဥ့်တုန်းက တစ္ဆေတိုင်းပြည်ကို သူ အလည်ရောက်သွားခြင်းဖြစ်၏။ ပြိတ္တာထီးကြီးနှင့်လည်း တွေ့ခဲ့ရ၏။ သို့သော် တစ္ဆေပြည်တွင် နတ်သမီးလေးကိုလည်း သူ တွေ့ခဲ့ရသည်။ ခင်သန္တာသည် နတ်သမီးလေးပဲ ဖြစ်ရမည်။ တစ္ဆေသရဲတွေကြားထဲ နေပေမယ့် သူ့စိတ်ကလေးက ချစ်စရာပါကလား။ ဘာ့ကြောင့်များ လုံးဝ မဆိုင်သောသူအတွက် ခင်သန္တာသည် တန်ဆာဝင်၍ ခံပါသလဲ။

ဝမ်းနည်းလွန်း၍ ရှိုက်ကာရှိုက်ကာ ငိုမိပြန်သည်။ သူ့ကြောင့် အပြစ်မဲ့သူ ခင်သန္တာဒုက္ခရောက်ရမည်ကိုလည်း သူ မကြည့်ရက်၊ ဒီလိုဆိုလျှင် သတ္တိရှိနိုင်ပါမည်လား၊ အရှက်မဲ့နိုင်ပါမည်လား။ သတ္တိရှိလျှင် သူကိုယ်တိုင်သတ်ခဲ့ကြောင်းကို ဖွင့်၍ ပြောရပေမည်။ အရှက်မရှိလျှင်လည်း ဦးမင်းအောင် ဗလက္ကာရလုပ်ကြောင်းကို ခရေစေ့တွင်းကျ ဖာတ်လှန်ရဲရပေမည်။ ချွေးတွေပြန်လာ၍ စောင်ကို ခွာလိုက်ရပြန်သည်။ သူသည် အမှန်တရားအတွက် သတ္တိရှိရမည်ကိုလည်း ကြောက်လာပြန်သည်။ သနားစရာကောင်းသော မိန်းကလေးပေပဲ။

ဒက်ဒီနှင့် မာမီကို ဖွင့်၍တိုင်ပင်ရ ကောင်းမည်လား။ ယခုလိုအတိုင်းပင် ရေငုံနေလိုက်ရလျှင် ကောင်းမည်လား။ မာမီတို့ကိုယ်ကလည်း ဒီပြိတ္တာကြီးနဲ့မှ ထည့်ပလေ၊ အမှန်တော့ စေ့စပ်ထားသည်ကို သူ မသိ၍လည်း ဖြစ်သည်။ သူ့စိတ်ထဲတွင်လည်း အတင်းစော်ကားကျင့်ကြံသည်ကိုတော့ နည်းနည်းမှ လက်မခံနိုင်ပေ။ ကံဆိုးသူ ဦးပြိတ္တာအဖို့ မဥ္ဇူကို ယခင်က တွေ့ဖူးသော အသူရကာယ်သူတွေလို ထင်မိ၍ စမ်းခြင်းပင် ဖြစ်ပေသည်။

မဥ္ဇူသည် နှံး၍လာ၏။

"အိမ်ကျရင် အားလုံးမေ့ပစ်၊ ဘာမှမပြောနဲ့"

ခင်သန္တာ့အသံသည် သူ့နားထဲတွင် ကြားလာပြန်သည်။ တစ်သက်မှာ ဒီလို ယုယသောအသံမျိုး သူ မကြားဖူးခဲ့။ မာမီတို့သာဖြစ်လျှင် သူ့အပေါ်မှာ ဒါလောက်အနစ်နာခံကြမည်မဟုတ်ဟုလည်း သူ တွေးမိ၏။ နောက်ဆုံး သူ အသိချင်ဆုံးမှာ..

"ခင်သန္တာသည် ဘယ်သူပါလဲ"

mgyoe.com

mgyoe.com

(၄)

တစ်ညလုံး ဖြစ်ခဲ့သော အကြောင်းတွေမှာ မြန်လွန်း၍ ခင်သန္တာသည် တစ်ယောက်တည်း အံ့သြနေမိသည်၊ ဖြစ်ခဲ့သောအကြောင်းကိုလည်း ပြန်၍ တွေးရပြန်သည်၊ အချုပ်ခန်းကို သတိမရ၊ အချုပ်ခန်း၏ ဒုက္ခလောက်တော့ ခင်သန္တာက မဖြူ၊ သူ့ဖြတ်လာခဲ့သော ကန္တာရသည် ကျယ်ဝန်းလွန်းလှ၏၊ သူက မိန်းမပေပဲ၊ ဒါပေမဲ့ ခဏခဏတိုက်ရလွန်း၍ မိန်းမဘဝကိုပင် မေ့ချင်သည်၊ တိုက်ပွဲတွေကလည်း များလွန်းတော့ သူ့မှာ ကဏ္ဍမခွဲတတ်ပေ၊ ထမင်းအတွက်ကြောင့်လည်း ပါ၏၊ ကလေးအတွက်လည်း ပါ၏၊ အချစ်ကို ထိန်းသိမ်းမရ၍လည်း ဇာတ်စုံကြဲခဲ့ပါ၏၊ အချုပ်ခန်းကမှ အေးချမ်းပေသေးသည်၊ အပြင်တွင် သူ့အတွက် ဘာမျှမလုံခြုံခဲ့ပေ၊

ညက လုပ်ခဲ့သည်မှာ နည်းနည်းရမ်းလွန်းပါသလားဟု၍လည်း စဉ်းစားမိ၏၊ သွေးပူတုန်းတွင် လုပ်ခဲ့သော အကြောင်းများသည် မစေ့စပ်ပါက မဥ္ဇူလေးအပေါ်တွင် အမှုလာပတ်မှာကိုလည်း စိုးရိမ်မိ၏၊ ပထမတွင် သူတန်ဆာဝင်မခံဘဲ ဦးမင်းအောင်သည် သူ့ကိုယ်သူ သတ်သေသည့်အနေနှင့်လုပ်မည်ဟု စဉ်းစားမိသေးသည်၊ ဒါပေမဲ့ ဦးမင်းအောင်သည် မဥ္ဇူနှင့် တွဲထွက်သွားသည်ကို ကပွဲခန်းမက လူတွေ တွေ့လိုက်၏၊ သူ နောက်က လိုက်မည့်အခါတွင်လည်း သူသည် တိုင်းမင်းကြီးဦးစိုးမောင်ကားကို ငှားခဲ့သည်၊ ကားငှားစဉ်က ခပ်ပြောင်ပြောင်ပြောခဲ့သေး၏၊

"ခင်နဲ့ ဦးမင်းအောင်နဲ့ ချိန်းထားလို့ပါ၊ ကားပေးလိုက်စမ်းပါ"

"သူ့ကောင်မလေး ဘေးက ပါသွားတယ်"

"ဒီဟာမလေးက အိမ်ကို လူကြုံနဲ့ ပြန်ပို့မှာပါ၊ ခင်က ချိန်းထားတဲ့နေရာကို သွားရမှာ"

သူသည် ကားငှားခဲ့ပုံကိုလည်း ဦးစိုးမောင်တို့က သိ၏၊ အကယ်၍သာ လက်သည်မပေါ်လျှင် ခင်သန္တာနှင့် မဥ္ဇူကို မသင်္ကာစရာအကြောင်းတွေက အများကြီးဖြစ်၏၊ ဘာပဲဖြစ်ဖြစ် မဥ္ဇူကိုတော့ အနစ်နာမခံနိုင်၊ ဤလောကတွင် မဥ္ဇူ၏ဘေးရန် အပြစ်ဒဏ်ဟူသမျှ သူက အသက်ပေး၍ ကာကွယ်ရပေမည်၊ နှလုံးသားနှင့် တကယ်ချစ်ရသူမှာ မဥ္ဇူတစ်ယောက်ပဲ မဟုတ်ပါလား၊ ကျန်တာတွေကတော့ ဖွဲပေပဲ၊ ပိုက်ဆံရမည်ဆိုလျှင် ပါးစပ်က ချစ်လိုက်မည်၊ ကပွဲအတွက် အဝတ်များများဝယ်နိုင်လျှင် ချစ်လိုက်မည်၊ စိတ်ညစ်လျှင် အားရအောင် ကပစ်လိုက်မည်၊

ယခုတော့ လမ်းဆုံးပေပြီ၊ လူတစ်ယောက် သတ်ခြင်းအတွက် ဘယ်လိုအပြစ်ဒဏ်မျိုးကို ခံရမည် မသိ၊ လူတို့သတ်မှတ်ထားသော ဥပဒေနှင့် ခန့်ထားသော တရားသူကြီး၏ ဆန္ဒအတိုင်း အပြစ်ပေးသမျှ ခံရပေမည်၊ အမှန်တော့ အသူရကာယ်ဘုံလို စံလိုက် ခံလိုက် နေရမည့်အစား တစ်ခုခုထဲတွင် နစ်သွားရသည်က ကောင်းသေးတော့ဟု၍လည်း စဉ်းစားမိပြန်၏၊

ဘယ်လိုပဲဖြစ်ဖြစ် မဥ္ဇူတစ်ယောက် ချမ်းငြိမ်းပါစေ၊ ပန်းကုံသို့ လန်းပါစေ၊ ဂန္ဓမာဒနတောင်နန္ဒမူလိုဏ်တွင် ပေါက်အပ်သော ပန်းကုံသို့ တန်ဖိုးရှိပါစေ၊ လူ့အပေါင်းတို့ မြတ်နိုးပါစေ၊

သူသည် သန့်ရှင်းစွာပင် ဆုတောင်းလိုက်ပါ၏၊ ခင်သန္တာ၏အဆက်ကြီးငယ် ဖိုသတ္တဝါအပေါင်းကမှ ကြားရသောသတင်းအတွက် ရင်သပ်လှိုက်ဖို မျက်ရည်ယိုမတတ် ဖြစ်ကြပါ၏၊ ညဦးကမှ မြင်

mgyoe.com

mgyoe.com

လိုက်ရသော ခင်သန္တာ၊ ဆင်စွယ်လို ပေါင်တံရှိသော မယ်သန္တာ၊ သူတို့နှလုံးသားကို သူ၏မျက်လုံးအစုံတွင် အရည်ပျော်အောင် တတ်နိုင်သော ခင်သန္တာ၊ ကြည့်ရင်းကြည့်ရင်း ရင်ထဲတွင် လှိုက်၍ လှိုင်းဝေ့သလို လှုပ်ရှားသွားသော ခင်သန္တာ၏ကပုံသည် သူတို့မျက်လုံးတွင်းကမှ မပျောက်သေးပေ၊ နောက်တစ်ခါ ခင်သန္တာကို မြင်ရဖို့ဖြင့် မျှော်လင့်ချက်ဝေးလှ၏၊ ခင်သန္တာပရိသတ်များသည် ယခုအချိန်တွင် ရာထူးမှာ အထက်တန်း၊ ကုန်သည်တွေ သူဌေးတွေထဲကလည်း ဒေါင်ဒေါင်ပြေး ဖြစ်ခဲ့ပေမယ့် သူတို့သည် ခင်သန္တာကို မကယ်နိုင်ကြ၊ အမှန်တော့ သူတို့အားလုံးတွင် ကယ်တင်ရန် တန်ခိုးရှိကြပါ၏၊ သို့သော် သူတို့သည် ခင်သန္တာ၏အဆက်မှန်းကို လူသိမခံရဲ၊ ခင်သန္တာကို တိတ်တိတ်ပုန်းသာ ဆက်ဆံလိုသည်၊ ထို့ကြောင့် အချုပ်ခန်းနားကိုတောင် တစ်ကောင်တစ်မြီးမှ မဝေ့ကြပေ၊

တိုင်းမင်းကြီးဦးစိုးအောင်သည် ပို၍ကြောက်၏၊ သူကားကို ခင်သန္တာငှားသွားကြောင်း ထုတ်၍ မပြောရဲ၊ ဒါပေမဲ့ အားလုံးက သိနေကြပြီ၊ နောက်ဆုံးတွင်မှ ဦးမင်းအောင်၏ ဆွေမျိုးများ တောင်းပန်ချက်အရ သူသည် တရားလိုပြသက်သေ လုပ်လိုက်၏၊ အမှန်တော့ ဘယ်သူမဆို ကားငှားသည်မှာ တော့ ခဏတဖြုတ်ဆိုသလို ငှားနေကျဖြစ်၍ မထူးဆန်းပေ၊

ခင်သန္တာကတော့ ဦးစိုးအောင် တရားလိုပြသက်သေလုပ်မည်ဆို၍ ရယ်ချင်၏၊ သူက အားလုံးကို ဖြောင့်ချက်ပေး၍ ဝန်ခံနေပါမှ သက်သေတွေ၊ ဝတ်လုံတွေနှင့် အမှုကို ချဲ့နေသည်ကို ရယ်ချင်၏၊ သူသည် အမှုအတွက် ဘယ်ရှေ့နေ၊ ဝတ်လုံကိုမျှ မငှားလိုကြောင်း သက်ဆိုင်ရာကို အကြောင်းကြားထားသည်၊ အမှန်တော့ ခင်သန္တာသည် တစ်ယောက်တည်းဖြစ်၏၊ သူ့အတွက် ဘယ်သူကမျှ တစ်ထောင့်မှ ငိုနေမည်မဟုတ်၊ စိုးရိမ်သူမရှိသည့်နောက် ကယ်တင်မည့်သူကိုလည်း မျှော်လင့်ရန် မလိုပေ၊

သူသည် ဘာကိုမျှ ဆုမတောင်း၊ သူ့အတွက် ဆုတောင်းရမည်ကို ကြောက်နေ၏၊ လွတ်ရန် ဆုတောင်းမိသည် ထားဦးတော့၊ ဆုတောင်းပြည့်မှာကိုပင် ကြောက်၍နေသည်၊ ဒါကြောင့် သူသည် သူ့ကိုယ်ကို မေ့၍နေ၏၊ တစ်ခုပဲ သူ ဆုတောင်းသည်၊ သူ့ဆုတောင်းမှာ..

"မဥ္ဇူကို ဘယ်လိုနည်းနဲ့မှ အမှုမပတ်ပါစေနဲ့"

## (၅)

နွေဦးဖြစ်၍ နှင်းဆီများ လှိုင်လှိုင်မပွင့်ကြသေး၊ ခပ်ကျဲကျဲပင် ဟိုတစ်ကွက် ဒီတစ်ကွက် ဖြန့်ကျဲ၍ ပွင့်နေကြသည်၊ နှင်းဆီပွင့်များကို လိုက်၍ခူးရသည်ကိုပင် မဥ္ဇူစိတ်ထဲတွင် မောရ်လာသည်၊ သို့သော် သူ ကြိုးစား၍ ခူး၏၊ နှင်းဆီပွင့်ကို သူ့ကိုယ်တိုင် ချိုင်သည်၊

မဥ္ဇူသည် ခင်သန္တာလူသတ်မှုဖြစ်သည့်နေ့ကစ၍ ယခင်လို မရွှင်လန်းတော့၊ သူသည် ငြိမ်ငြိမ်လေးနှင့် အမြဲပင် တွေး၍နေ၏၊ ဒက်ဒီနှင့် မာမီက သူ ငြိမ်၍နေသည်ကို မကြိုက်၊ သမီးလေး၏ လှုပ်ရှားပုံမှာလည်း အားနွဲ့လှသည်၊

mgyoe.com

mgyoe.com

ခြံထဲကို မဆင်းသည်မှာလည်း ကြာပေပြီ။ ယနေ့မနက် နှင်းဆီပွင့်များကို မဥ္ဇူကိုယ်တိုင် ခူးနေ၍ သူတို့နှစ်ယောက် ဝမ်းသာလာသည်။ ဆုံးလေးတွေကို ကူ၍ချွေပေးကြသည်။

"ပန်းခူးရတာကိုပဲ စိတ်ထဲက မောနေတယ် ဒက်ဒီ"

ဒက်ဒီသည် မဥ္ဇူ၏ ချွေးစို့သောမျက်နှာကို မော့၍ကြည့်၏။

"နောက်ဖေးက လူတွေ ခူးခိုင်းပါလား သမီးရယ်"

"ကိုယ်တိုင် လုပ်ချင်လို့ပါ၊ တစ်ခိုင်က ဘုရားကို တင်ရမယ်၊ ပြီးတော့လဲ ဆုတောင်းပေးရဦးမယ်"

မာမီသည် သမီးကိုကြည့်ရင်း သံသယတွေက များလာပြန်သည်။

"တစ်ခိုင်ကတော့ သူ့ဆီကို ပို့ရမယ်၊ သူ့ကို ဘယ်သူကမှ ဂရုစိုက်မယ် မထင်ပါဘူး မာမီရယ်"

"ဘယ်သူ့ကို.."

နှစ်ယောက်စလုံးပင် သံပြိုင်မေးလိုက်ကြသည်။ မဥ္ဇူသည် ဒက်ဒီ့မျက်လုံးကို အားကိုးစွာ လှမ်း၍ ကြည့်၏။ အမှန်တော့ ဒက်ဒီ့မျက်လုံးများသည် မာမီ့ထက် သနားကြင်နာတတ်ကြောင်းကို ပြ၏။

"ခင်သန္တာလေ.. ဒီနေ့ သူ့အမှုကို ရုံးတင်မယ်တဲ့၊ သူ့မှာ ဝတ်လုံလဲ မရှိဘူး"

"သမီးက သူ့ကို သိပ်ဂရုစိုက်နေပါလား"

"ဟုတ်တယ် မာမီ၊ ဒီမိန်းမဟာ လောကမှာ တစ်ယောက်တည်းရှိတယ်ထင်ပါရဲ့ သူ့ဘက်က ပူမယ့် ဆွေးမယ့် မိတ်ဆွေလဲ မရှိဘူး"

"အေးပေါ့ကွယ်.. ဒီလို တစ်ယောက်တည်းသမားကိုတော့ တို့က ကူညီသင့်ပါတယ်၊ ဒါပေမဲ့ ဒက်ဒီ့သဘောကတော့ ဒီပန်းစည်းကို ပို့ချင်ရင် ဘယ်သူ့ဆီကမှန်း မသိအောင်ပို့ရင် ကောင်းမယ်ထင်တယ်"

"ဟုတ်ပါတယ်.. သမီး သဘောကျပါတယ်၊ ဒက်ဒီ ကြံဖန်ပြီး ပို့ပေးမလား"

"စိတ်ချလေ.. နေ့တိုင်းတော့ သတင်းစာတွေ ဆက်ပြီးမဖတ်ပါနဲ့ သမီးရယ်"

မဥ္ဇူမှာ ကျေနပ်ပုံမရပေ။

"သူ့အကြောင်းတွေက ရက်ဆက်ပါလာမှာ၊ ဝတ္ထုလေးလို ဖြစ်နေမှာ၊ ဆက်ဖတ်မှ ကောင်းမှာပဲ"

"သမီးက သိပ်ပြီး အားနည်းနေတာ၊ တော်တော်ကြာ ဒီအထဲ သိပ်စိတ်ထိခိုက်စရာ ပါလာရင် သမီးက ဝမ်းနည်းဦးမယ်၊ နေထိုင်မကောင်း ဖြစ်မှာ.."

"ဘယ်လို ဒယ်ဒီ..."

မဥ္ဇူသည် ဒက်ဒီ့လက်နှစ်ဖက်ကို ဆုပ်ထားရင်း လက်တွေပါ တုန်လာသည်။

"ဟင် ဘယ်လို...၊ စိတ်ထိခိုက်စရာဆိုတော့ သူ့အမှုက သူ့ကို သတ်ဦးမှာလား"

"သူကလဲ လူတစ်ယောက် သတ်ထားတာကိုး"

"အို.. သူမသေအောင် ဒက်ဒီတို့ ဆုတောင်းပါ၊ ဟင်.. ဒက်ဒီ"

mgyoe.com

mmgyee.com

မဥ္ဇူသည် ဒက်ဒီ့ရင်ခွင်ထဲ၌ ခေါင်းဝှက်၍ ငိုတော့သည်။ သူ့ကြောင့် လူတစ်ယောက်သေရမည် ဆိုတော့လည်း သူ့စိတ်ကို ထိန်းမရပေ။

"အေးပါလေ၊ တို့များပါ ဆုတောင်းပေးပါ့မယ်"

"ကလေးမရယ်.. မင်းစိတ်တွေက ဘာဖြစ်နေတာလဲ၊ ဦးမင်းအောင်အတွက်ကိုရော ဝမ်းမနည်း တော့ဘူးလား"

မာမီသည် မဥ္ဇူကို အားမရသလို ပြောလိုက်၏။

"အားလုံးအတွက် ဝမ်းနည်းပါတယ်၊ ဘယ်သူ့ကိုမှလဲ မသေစေချင်ပါဘူး၊ အို.. ဒီညကိုက ကြောက်စရာကြီးပါ၊ ဒီညကို သတိရတိုင်း..."

"ကဲ ကဲ သမီး.. တိတ်၊ ဟုတ်တယ်.. ဒီညကို မတွေးစမ်းနဲ့၊ ရင်ရင်.. ပန်းခိုင်တွေ ယူစမ်း၊ ဘယ် သူ့အတွက်မှ ငါ့သမီးဟာ ဝမ်းမနည်းရဘူး၊ ထကြ.. အိမ်ထဲ သွားမယ်"

မာမီသည် ပန်းခိုင်တွေကိုင်၍ နောက်မှ လိုက်လာ၏။ သူ့စိတ်ထဲတွင်တော့ ခင်သန္တာသည် ဦး မင်းအောင်ကို သတ်သူမို့ ရွံမုန်းကြီး ဖြစ်နေသည်။ မဥ္ဇူကတော့ ဘာဖြစ်၍များ ခင်သန္တာအတွက် ဒါ လောက် သောက ရောက်နေရပါလိမ့်။

⁂

ယနေ့မှာ ခင်သန္တာ့အမှု စွဲချက်တင်သောနေ့ ဖြစ်၏။ ဦးမင်းအောင်ဘက်မှ ဆွေမျိုးတစ်သိုက် နှင့် လာရောက်နားထောင်သူတွေ ပြည့်နှက်နေသည်။ အမှန်တော့ ခင်သန္တာ့ပရိသတ်တွေလည်း ပါ ဝင်ကြ၏။

ခင်သန္တာကို အမှုစစ်ဆေးရန် ခေါ်လာချိန်တွင်မှ ခင်သန္တာသည် နှင်းဆီပန်းတစ်ခိုင်ကို ပွေ့၍ တရားခံနေရာ ခြံလေးဆီသို့ တက်လာသည်။ နှင်းဆီပန်းခိုင်သည် အချုပ်ခန်းမှမထွက်ခင် ဘယ်သူ လာပို့မှန်း မသိ၊ ပုလိပ်လက်ထဲသို့ ရောက်နေပြီးဖြစ်သည်။

ခင်သန္တာသည် နှင်းဆီပန်းတွေမှလွဲ၍ ဘယ်သူ့ကိုမျှ မကြည့်၊ အမှုစ ဖြစ်၍ အချုပ်ခံရသည်မှ အစ ယခုထိ သူ့ဝမ်းနည်းဖို့ သတိမရ၊ သို့သော် နှင်းဆီပန်းခိုင်မြင်ရချိန်တွင်မှ စိတ်ထဲမှာ ဝမ်းနည်းလာ သည်။ သူ့အား ချစ်ခင်ကြင်နာသည့်သူသည် တစ်ထောင့်တွင် ရှိနေသေးသည်။ ပန်းကလေးသည် ချစ်ခြင်းမေတ္တာ၏ စေတမန်ပေပဲ။ ပန်းကိုကြည့်ရင်း အဖေ့ကိုလည်း သတိရ၏။

တရားခွင်တွင် အမှုစစ်ရန် တရားသူကြီး ရောက်လာ၍ အားလုံး မတ်တတ်ရပ်လိုက်သည်။ လူ တွေ ထိုင်လိုက်မှ ခင်သန္တာသည် တရားသူကြီးကို မော်၍ကြည့်မိ၏။ စိတ်ထဲမှာ မသေချာ၍ သေသေ ချာချာ ကြည့်၏။ စူးစူးစိုက်စိုက်ကြည့်လေလေ တရားသူကြီး၏ရုပ်ရည်မှာ ပို၍ထင်ရှားလာလေသည်။ သူသည် တရားခွင်တွင် ဟစ်၍သာ ရယ်လိုက်ချင်သည်။ လောကကြီးတွင် တရားမှ ရှိပါလေစ၊ ခင် သန္တာ့ မျက်လုံးသည် တောက်ပလာလွန်း၍ တရားသူကြီးသည် ခင်သန္တာကို ပြန်၍ကြည့်မိ၏။ စာရွက် စာတမ်းတွေ ကိုင်ရင်းပင် ခဏခဏကြည့်မိ၏။ အမှန်တော့ မျက်လုံးနှစ်စုံသည် ဇာတ်ထုပ်တစ်ခုကို ခင်းနေခြင်းဖြစ်၏။ ခင်သန္တာသည် ဘာကိုမျှမကြား၊ သူ့အနားတွင် ဝတ်လုံတွေက ဘာပြော၍ ဘယ်

mmgyee.com

mgyoe.com

သူက ဘာမေးနေမှန်း မသိပေ။ ပြောနေကြသည်မှာတော့ အရှည်ကြီးပင် ဖြစ်၏။ သူသည် ဖြောင့်ချက်ကို အပြည့်အစုံရေးပေးထား၍ ရုံးတော်တွင် ဘာတစ်လုံးမျှ သူ မပြောချင်ပေ။ စိတ်ထဲမှာ အပိုတွေ နားထောင်နေရသလို ငြီးငွေ့လာ၏။

အမှန်တော့ သူ့စိတ်သည် တရားခွင်မှ လွင့်ပျံ၍ အဝေးသို့ ပြေးနေတော့သည်။ သူ နှစ်ပေါင်းများစွာ ရှာဖွေလာခဲ့သူအား တွေ့လေပြီ။

တရားသူကြီး ဦးမောင်မောင်အေးကို ခင်သန္တာအဖြစ်နှင့် လာ၍တွေ့နေရခြင်း ဖြစ်သည်။ ဦးမောင်မောင်အေးသည် သူ့ကို မှတ်မိပုံမရ၊ ခင်သန္တာသည် ပို၍လှနေတော့သည် မှန်၏။ သို့သော် မမှတ်မိဘူးဆိုသည်မှာလည်း လုပ်လျှင် ရသည်ပဲ ဖြစ်၏။

ခင်သန္တာကတော့ ဒီမျက်နှာကို မမေ့၊ ဘယ်တော့မျှ မမေ့။ ကမ္ဘာတွေလည်း ပြောင်းဦးမည်လား၊ ကြယ်တွေပဲ ကြွေဦးမည်လား၊ နေမင်းကပဲ ရေခဲပွင့်များကို ပွင့်စေဦးတော့ ခင်သန္တာက မမေ့။

ခင်သန္တာသည် မမိုတ်မသုန် စိုက်၍ကြည့်၏။ ကြည့်ရင်း အဖေ့ကို ပို၍သတိရ၏။

ယိုယွင်းနေပြီဖြစ်သော စောင်းကလေးနှင့် ရွှေတိဂုံဘုရား။

အားလုံးသည် ကွဲပြတ်လွင့်စဉ်နေရာမှ ပြန်လည်ပေါင်းစပ်၍ လာကြပြန်သည်။ ဘဝကို စစဉ်က ရျမ်းငြိမ်းလှပါကလား။

(၄)

ညဥ့်သည် တိတ်နေ၏။

ညဥ့်လေညင်းသည် အေး၏။ ဆည်းလည်းသံသည် ဘုရားသခင်၏ မွေများကို ကဗျာ၊ လင်္ကာဖွဲ့၍ သီနေသလော၊ လေညင်း တိုးဝှေ့လိုက်တိုင်း ချိုသာသောအသံများသည် ရွှေတိဂုံဘုရားရင်ပြင်ကို လွှမ်း၍သွားကြသည်။ လောကီ၏ တေးသီချင်းများလို ပူလောင်ခြင်းနှင့် တပ်မက်ခြင်း ကာမရမ္မက် အရိပ်အယောင်များ မရှိပေ။

စေတီ၏ လုံးပတ်တော်သည် လရောင်နှင့် တွေ့ထိသောအခါ ဝါသောရောင်ခြည်ပင် လွှတ်နေသလို၊ ရွှေရောင်သည် တဖိတ်ဖိတ်တောက်၍ လာသည်။ စေတီရင်းတွင် စောစောက ဘုရားဖူးပရိသတ် လှူဒါန်းသွားသော အမွှေးတိုင်သည် တငွေ့ငွေ့လောင်ဆဲ ဖြစ်၏။ မွှေးသော ပန်းရနံ့များနှင့် အတူ ဆီမီးနံ့၊ အမွှေးတိုင်ရနံ့များသည် လေညင်းထဲတွင် ရော၍နေသည်။

ညဥ့်အခါ၌ ရင်ပြင်တော်သည် တည်ငြိမ်ချမ်းမြေ့ခြင်းကို ပို၍သရုပ်ဖော်ပေသည်။ ဝတ်မပျက်ဝတ်ပြုကြသော ဘုန်းတော်ကြီးနှင့် မယ်သီလရှင်အိုများလည်း မရှိကြတော့ပေ။ သက်ဆိုင်ရာဇရပ်သို့ ကြွ၍သွားကြပေပြီ။

အရှေ့ဘက် အာရုံခံတန်ဆောင်းထဲတွင် ပန်းချီဆရာဦးချုံတစ်ယောက်တော့ ရှိပေသေးသည်။ သူသည် ဘုရားကို ဝတ်ပြုပြီးသည်မှာ ကြာမြင့်လေပြီ။

သူ့ပန်းချီကားများသည် အပြင်လောကတွင် ဆက်လက်ရေးဆွဲပါက လက်ရာတိုးတက်ကောင်း

mgyoe.com

mgyoe.com

မွန်လာမည်မှာ အမှန်ဖြစ်၏။ သို့သော် သူသည် ပြောရမှာ ခက်၏။ ဘုရားပရဝုဏ်မှလွဲ၍ အပြင်သို့ မထွက်ချင်၊ မထွက်ချင်သည့်အကြောင်းကိုလည်း မပြတတ်ပေ။

နေသာ စားသာသည် ဆိုရအောင်ကလည်း သူ့ပန်းချီဆွဲခ ကြေးငွေမှာ သူ့သမီး မလေးခင်နှင့် သူ့အတွက် လောက်ငရုံပင် ဖြစ်၏။

နေ့တိုင်း ဘုရားဝတ်ပြု၍ ပြီးတိုင်း ဘုရားရင်ပြင်မှာပင် ခေါင်းချရသည့်အထိ နေရပါမည့် အကြောင်းကို အမြဲပင် ဆုတောင်းရ၏။

"ကိုယ့်သမီးရဲ့ နောင်ရေးလဲ ရှိသေးတော့ အပြင်ထွက်ပြီး အလုပ်လုပ်ရင် ဝင်ငွေပိုရမှာပေါ့"

သူငယ်ချင်းတွေက သူ့ကိုတွေ့တိုင်း ပြောပေမဲ့ သူသည် ခေါင်းကိုသာ တွင်တွင်ခါ၏။

"ပြောပြရတာလဲ အံ့သြစရာပဲ၊ ငါ့ရင်ထဲမှာ ဒီက ခွဲရမှာဟာ စိုးရိမ်စရာလိုပဲ၊ ပြီးတော့လဲ ရင်ပြင်တော်ကို ငါချစ်နေတယ် ဆိုပါတော့၊ ချစ်တယ်ပဲ ဆိုရမယ်၊ ပြောင်းမယ်လို့ စဉ်းစားတိုင်း ဝမ်းနည်းတယ်၊ ငိုချင်တယ်"

"မလေးခင်ကို ဇရပ်ထဲမှာပဲ မင်းက ထားတော့မှာလား"

သူသည် သူ့သူငယ်ချင်းမေးခွန်းအတွက် စိတ်ကို နည်းနည်းမျှ မထိခိုက်ပေ။

"လေးခင် ငယ်ငယ်ကတည်းက ခု အပျိုပဲ ဖြစ်လာပြီပဲ၊ နောင်ကိုရော ဘာဖြစ်လို့ ဆက်ပြီးမနေနိုင်ရမှာလဲ၊ ကြာရင် လေးခင်ဟာ ငါ့လိုပဲ ဘုရားရင်ပြင်တော်ကို စွဲလမ်းပျော်မွေ့လာရမှာပေါ့"

သူ့အပေါင်းအသင်းတွေက သူ့ကို လက်လျှော့ရ၏။ သူ့လက်ရာများသည် ဇရပ်တိုင်းလိုလို၏ နံရံအထက်တွင် တွေ့ရပေမည်။ ဘုရားသခင်၏ ဖြစ်တော်ပေါင်းများ၊ အောင်ခြင်းရှစ်ပါး၏ သရုပ်ဖော်ပုံများကို မြန်မာ ရှေးဟောင်းလက်ရာအတိုင်း သူသည် ဆွဲ၍ထားပေသည်။

ဇရပ်များ ရင်ပြင်တော်ရှိ တန်ဆောင်းများ ဆေးသုတ်ရန်ရှိလျှင်လည်း သူကပင် သုတ်၍ ပေးလိုက်သေးသည်။

ယခုညလို အခါမျိုးတွင် သာ၍ပန်းချီဆွဲချင်၏။ တည်ငြိမ်သော ရုပ်ပွားတော်ရှေ့တွင် အပူရှိန်ထိ၍ ကွေးညွတ်နေသော ဖယောင်းတိုင်ပုံကိုလည်း ဆွဲချင်၏။ ညောင်ရေအိုးထဲတွင် ပန်းစည်းများကြားမှ ဖရိုဖရဲဖြစ်နေသော ပန်းခက်နှင့် ဝတ်လွှာတစ်ချပ်ကြွေနေသော ကြာပန်းပုံကိုလည်း ဆွဲချင်၏။ ညဥ့်နက်လာပြီဖြစ်၍ တန်ဆောင်းထဲမှထွက်ကာ ရင်ပြင်ပေါ်ကို လျှောက်လာ၏။ အာရုံခံတန်ဆောင်းမှ တိုင်များသည် မှန်စီရွှေချထား၍ ညဥ့်အမှောင်ထဲမှ တစ်ချက်တစ်ချက် မှန်ပန်းများသည် ပွင့်၍ထွက်လာ၏။ ကောင်းကင်သည် ပြာ၍ ကြယ်များသည် ပန်းလိုပွင့်နေသည်။ လမင်း၏ ငွေမှုန်များသည် စေတီတော်ပေါ်သို့ သွန်ကျနေသည်။

"ဘုရား ဘုရား..."

သူ့ရင်ထဲတွင် ခုန်လွန်း၍ လက်နှင့် ဖိထားမိသည်။

တင့်ရှုန်းခြင်းဟု ဆိုရပေမည်၊ ရွှေတောင်လို ဝင်း၍ တည်ငြိမ်ပေသည်၊ ဓမ္မနှင့် ဆံတော်သာ ကိန်းဝပ်ရာ မဟုတ်၊ လွန်ခဲ့သော အတိတ်လူမျိုး၏ ယဉ်ကျေးမှုကို ထိန်းသိမ်းတော်မူပေသည်၊ စေတီ

mgyoe.com

mgyoe.com

တော်သည် ရှေးခေတ် မြန်မာ့ယဉ်ကျေးမှုနှင့် လက်ရှိခေတ်ကို ပေါင်းကူးသဖွယ် ဆက်စပ်ပေးပေသည်။ သူ့ရင်ထဲတွင် လှိုင်းများသည် မှုးလာမတတ် လှုပ်ရှားလာသည်။ အမှန်တော့ ဝမ်းမြောက် နှစ်သိမ့်မိသည်။ သူ ဆွဲချင်သည်မှာ စေတီတော်၏ ညခင်းပုံပင် ဖြစ်၏။

ဇရပ်သို့ရောက်လျှင် ဇရပ်တွင် သီလရှင်များပင် အိပ်ပျော်နေပေပြီ။ လေးခင်သည် သူ့ကိုစောင့်နေပေမယ့် အတော်ပင် အိပ်ချင်နေပုံရသည်။ မျက်ခမ်းတွေ ထူ၍ မျက်တောင်များပင် စင်း၍နေပေပြီ။

ဇရပ်တစ်ခုလုံး မှောင်ကျ၍ သူ အိပ်ရာထဲ ဝင်နေပေမယ့် စိတ်က အိပ်၍မပျော်ပေ။

"ပန်းချီကားမှာ တင့်ရွှန်းလှပတာတွေထက် ညဥ့်မှာ စေတီတော်ပတ်ဝန်းကျင်ရဲ့ တည်ငြိမ်ပုံ ချမ်းမြေ့စရာကောင်းတာတွေကိုလဲ ပန်းချီကားထဲမှာ သရုပ်ပေါ်နေရမယ်၊ ကောင်းကင်ပြာက ကြယ်ရောင်တွေကလဲ ပန်းချီကားထဲမှာ စိန်လို လက်နေရမယ်၊ လရောင်ခြည် ဖြာကျနေပုံက ငွေချည်မှုန် ရောင်မှာ ရွှေရောင် နည်းနည်းလေး စပ်ရမယ်"

သူသည် အိပ်၍မရတိုင်း ဆက်၍တွေး၏။ အတွေးက မသတ်ဘဲ မျက်လုံးက မှိတ်သွားသောအခါ ပန်းချီဆွဲခြင်းမှာ အိပ်မက်ဘဝသို့ ရောက်သွားရပြန်သည်။ အိပ်မက်ထဲတွင် သူ့ပန်းချီကို ငွေရောင် မှုန်းရင်းပင် နံနက်လင်းရပြန်တော့သည်။

ယခုတလော အဖေသည် ညဥ့်ဘက်မှာမှ ပန်းချီဆွဲ၏။ ဘုရားက မီးတိုင်အောက်မှာ ဖြစ်၍ မီးရောင်က ဝေးလွန်းသည်။ မလေးခင်သည် အဖေ့အနားတွင် ဖယောင်းတိုင်ကြီးကြီးကို ထွန်းပေးရ၏။

"နေ့လယ်မှ ဆွဲရင်ကော ဘုရားပုံက မရဘူးလား အဖေ"

"ရတယ်လေ၊ ဒါပေမင့် ညရဲ့အရိပ်က ဘယ်ပါမလဲ၊ ညဥ့်ဘက်မှာ မြင်ကွင်းက တစ်မျိုးပဲ၊ ပြီးတော့ ညဥ့်ရဲ့ဖြစ်နေတဲ့ အငွေ့အသက်ကိုလဲ ပန်းချီထဲ ပါအောင် ဆွဲချင်တယ်"

"အငွေ့အသက်..."

မလေးခင်သည် နားမလည်ပေ။

"အငွေ့အသက်ကို အဖေက စုတ်တံနဲ့ ဆွဲလို့ရမယ်..."

"ရပါတယ်လေ၊ ရရမှာပေါ့"

အဖေ့ကို သူက အံ့သြမိသည်၊ သူ နားမလည်သည့်ပညာဖြစ်၍ ဆက်၍ မမေးတော့ပေ။ ခဏတဖြုတ်သာ အဖေပန်းချီဆွဲနေသည်ကို လာ၍ကြည့်၏၊ ပြီးလျှင် ဇရပ်သို့ ပြန်၍ စာတက်ရသည်။

ဒေါ်ကြွနွှာ စာသင်ပေး၍ မြန်မာစာကို သူ ဖတ်တတ် ရေးတတ်ခဲ့သည်။ မလေးခင်သည် ဘယ်ကျောင်းမှာမျှ မနေဖူးခဲ့ပေ။

(၇)

မလေးခင်သည် ချစ်စရာကောင်း၏။ ကိုယ်ဟန်က လှသလိုပင် မျက်နှာကလည်း ချိုပြုံးပေသည်။ ဇရပ်ရှင် မယ်သီလက မလေးခင့်မျက်နှာ ပုံပန်းသည် အမေနှင့်တူသည် ဆိုပေမယ့် သူသည်

mgyoe.com

mgyoe.com

အမေ့ကို မမြင်ဖူးပေ။ ကာလကြာညောင်း၍ အမေ့ကို လွမ်းရမှန်းပင် မသိ။ အမေ မသေခင်က လွမ်းလောက်အောင် သူ့ကို ပြုစုယုယခဲ့ဦးတော့ သူသည် ငယ်လွန်း၍ အမေ့ကို မမှတ်မိ။

တော်ပါပြီလေ၊ ဖြစ်သလောက်နှင့် တင်းတိမ်ပျော်မွေ့ရပေမည်။ အမေ့ကို လွမ်းနေ၍လည်း အကြောင်းက ထူးလာမည်မဟုတ်။ ဒေါ်ကြွန္တာသည် သူ့အပေါ်တွင် အမေလိုပဲ ကောင်းပေသည်။ တရားဓမ္မနှင့် ပြည့်စုံ၍ အိုမင်းသော သီလရင်ကို ပြုစုရခြင်းသည်လည်း ကုသိုလ်ပင် မဟုတ်ပါလား။ သူ့ နေရေး၊ ဝတ်ရေးအတွက်တော့ အဖေရှိနေပြီဖြစ်၏။ အဖေသည် ဖောချင်းသောချင်း ရှာမပေးနိုင်ပေမယ့် သူ့ကိုတော့ လူစဉ်မီအောင် ထားနိုင်သည်။

အစဉ် ရောင့်ရဲနေ၍ မလေးခင့်မျက်နှာသည် ပို၍ကြည်လင်သည်၊ အေးချမ်းသည်။ အဖေ့ကိုလည်း အပူမကပ်ချင်ပေ။ စေတီတော်ရင်ပြင်မှ ပြောင်းရွှေ့သွားဖို့ကိုလည်း အဖေ့လိုပင် သူသည် စိတ်ကူး မထည့်မိပေ။

အဖေ့ပန်းချီကားမှာ တော်တော်ပင် ပြီး၍နေသည်။ သူသည်လည်း အဖေ့ကို ကူရလွန်း၍ပန်းချီကားထဲတွင် စိတ်လုံးလုံးရောက်နေသည်။ အဖေက ညဘက် ကောင်းကင်တွင် ကြယ်လေးတွေ တောက်နေပုံကို ငွေချည်နှင့် ကပ်ချင်သည်။ မလေးခင်သည် အဖေ့ဆန္ဒကို သဘောမတူ။

"ငွေချည်တော့ မထည့်ပါနဲ့ အဖေရာ၊ ကြယ်လေးတွေရဲ့တန်ဖိုးဟာ လျော့သွားလိမ့်မယ်၊ ဆေးနဲ့ပဲ ခြယ်ပါ၊ အပြာထဲမှာဆို အဖြူရောင်ဟာ တောက်ပြီးလာမှာပေါ့"

အဖေသည် ငွေချည်များကို မကပ်တော့ပေ။ သူ့သမီးသည် ပန်းချီအတွေးအဆတွင်လည်း မခေပါလား။ မှန်၏။ ငွေချည်မပါဘဲ ရှီးရှီးကြယ်ပွင့်လေးတွေမှာ ပို၍ သဘာဝကျ၏။ သားအဖ နှစ်ယောက်လုံး ပန်းချီကားကို ကြိုးပမ်းနေရသည်မှာ နေ့နေ့ညညပဲ ဖြစ်၏။

"လူကြီးတွေအနေနဲ့တော့ ဘုရားပုံတော်ဟာ ကြည်ညိုစရာပေါ့၊ လေးခင်ကတော့ ဘုရားရှေ့မှာ မီးရှိန်ထိပြီး ညွတ်နေတဲ့ ဖယောင်းတိုင်ပုံလေးကို သဘောကျတယ်"

မလေးခင်သည် စိတ်ကူးအတိုင်း ပြောရဲပေမယ့် ပန်းချီဆွဲတော့ မျဉ်းဖြောင့်ကိုပင် မဆွဲချင်ပေ။

ယနေ့မနက်တွင် ပန်းချီကားမှာ အပြီးသတ်သွားပေပြီ။ အဖေက ပန်းချီကားကို ရင်ပြင်ပေါ်မှနေ၍ စေတီတော်နှင့် ယှဉ်ကြည့်ချင်သည်ဟု ဆို၏။ သူသည် ပန်းချီကားကိုယူ၍ အဖေ့နောက်မှ လိုက်လာရသည်။

တနလ်ာထောင့်တွင် သားအဖနှစ်ယောက် ထိုင်ကာ ဘုရားကို ဖူးမြော်နေသည်။ အဖေကတော့ သူ့လက်ရာနှင့် တကယ့်သဘာဝကို နှိုင်းယှဉ်နေသည်။ ဘုရားဖူးတွေသည် သူတို့ သားအဖ နှစ်ယောက်နားမှ ဖြတ်၍သွားကြသည်။ အရှေ့ဘက်တွင် နေရောင်ကျခိုက်ဖြစ်၍ နေပူထဲတွင် လေးခင်က ကြာကြာမနေချင်ပေ။ အာရုံခံတန်ဆောင်းထဲသို့ ဝင်ချင်သည်။

"အဖေရာ.. နေပူလှပြီ"

အဖေသည် သူပြောသည်ကို မကြား၊ သူသည် မတ်တတ်ရပ်ကာ တန်ဆောင်းထဲသို့သွားရန် ဟန်ပြင်လိုက်စဉ်ပင် လူကြီးတစ်ယောက် သူ့အနားကို ရောက်လာသည်၊ ခေါင်းပေါင်းမှာ အဝါနုဖြစ်၍

mgyoe.com

mgyoe.com

ဘန်ကောက်လုံချည်မှာ ရွှေဖလားရောင် ဖြစ်သည်။ အဘိုးကြီးသည် ပန်းချီဆန်ပေသားဟု သူကထင်သည်။

"ဒီမှာ မိတ်ဆွေ.. ဒီပန်းချီကားက ရောင်းဖို့လား"

အဖေသည် လူကြီးကို လှမ်းကြည့်၏။ ဘာပြန်ပြောရမည်ကို အဖေက စဉ်းစားရမိဟန် မတူသေးပေ။

"ကဲပါ အဖေ၊ ရောင်းရောင်း မရောင်းရောင်း တန်ဆောင်းထဲမှာ စကားပြောရအောင် လာပါ"

လေးခင်သည် အဖေ့လက်ထဲက ပန်းချီကားကိုယူ၍ တန်ဆောင်းဆီသို့ သွားနှင့်သည်။ နောက်မှ အဖေနှင့် လူကြီးမှာ စကားပြော၍ လိုက်လာကြသည်။

အဘိုးကြီးသည် ပန်းချီကို အတော်လေးစားဟန်ရှိ၏။ ပန်းချီကားကို ကိုင်၍ အဝေးကြည့်၊ အနီးကြည့်နှင့် အတော်ကျေနပ်နေသည်။

"မောင်မောင်အေး.. လာကြည့်စမ်း ကားကို၊ ဒီသူငယ်က ကျွန်တော့်သားပဲ"

မောင်မောင်အေးဆိုသူ အနားရောက်လာလျှင် လေးခင်က သေသေချာချာကြည့်၏။

အမှန်တော့ အဘိုးကြီးက ပန်းချီကားကို စိတ်ဝင်စားသလို မောင်မောင်အေးကလည်း လေးခင်ကို စိတ်ဝင်စားပါ၏။

"ကျွန်တော် ဒီပုံကိုကြိုက်တာက ညကားမို့လို့ပါ၊ ညဥ့်ရဲ့အရောင်တွေက အားလုံးဟပ်နေတာပဲ၊ ရောင်းနိုင်မယ်လားဟင်.."

အဘိုးကြီးအမေးကို အဖေက ဖြေကို မဖြေသေးပေ။ အဖေသည် ပန်းချီကားကို ရောင်းချင်ပုံမပေါ်ပေ။

"နေ့ကားတွေဆိုရင် ဆေးရောင်ဟာ အတိအကျယူလို့ရတာပေါ့၊ ညကားဆိုတော့ မှိုင်းသွားရမယ် မဟုတ်လား၊ အလင်းအမှောင် ရောနေပုံကလဲ ပညာပဲဗျို့"

အဖေ့ကို ချီးကျူးနေပြန်သည်။ မောင်မောင်အေးနောက်မှ လူတစ်ယောက်မှာ ရှေ့ကိုတိုးလာပြန်၏။

"ရောင်းလိုက်ပါ ဦးချို့ရယ်၊ ဒီဖေဖေကြီးက အရင် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်ဟောင်း တစ်ယောက်ပေါ့၊ ခင်ဗျားကို ဝါဦးက ကျွန်တော်ဆေးသုတ်ခိုင်းတာ ဖေဖေကြီးဦးသင်ရဲ့တန်ဆောင်းပေါ့"

အဖေသည် စကားပြောသူကို ကြည့်လိုက်မှ ဘဏ္ဍာတော်ထိန်းအဖွဲ့ရုံးမှ စာရေးမှန်း သိရတော့သည်။

"ရောင်းရတယ်ဆိုတာတော့ ကောင်းပါရဲ့၊ ကျွန်တော့်ကားဟာ နှစ်ပြားပဲ တန်တန် ကျွန်တော်က တန်ဖိုးမဖြတ်ချင်လို့"

"ဟုတ်ပါတယ် ဟုတ်ပါတယ်.. ဦးချို့၊ ကျွန်တော်ကလဲ ပစ္စည်းတစ်ခုဝယ်သလို သဘောမထားတန်ဖိုးမဖြတ်ပါဘူး၊ ပညာကို ချီးကျူးတဲ့အနေနဲ့ပါ"

mgyoe.com

သူတို့သည် ပန်းချီကားအကြောင်းကို ငြိကာရဲ့နေကြပြန်၏၊ ထိုနေ့မှာ မောင်မောင်အေးကို လေးခင် စ၍တွေ့သောနေ့ ဖြစ်၏၊ မောင်မောင်အေးသည် ညို၍နွဲ့၏၊ ဟိုတုန်းကလိုပင် တရားသူကြီး ဖြစ်နေချိန်တွင်လည်း မျက်နှာက သွယ်၍ ကိုယ်ဟန်က နွဲ့ပေသေးသည်၊ ခေါင်းပေါင်းနှင့်ဆိုတော့ မင်းသားလိုပင် ယဉ်စစပါလား။

ခင်သန္တာသည် တရားခွင်ကို စိတ်ပြန်၍ရောက်လာပြန်သည်၊ အမှန်တော့ ခင်သန္တာသတိရနေသလို အတိတ်၏အသေးစိတ်ဇာတ်ကွက်လေးများကို တရားသူကြီး ဦးမောင်မောင်အေးသည်လည်း သတိပြန်၍ ရနေဆဲ ဖြစ်၏။

သူ့ဖေဖေက ပန်းချီဆရာ ဦးချုံကို ခေါ်ခိုင်းတိုင်း သူသည် မလေးခင်ဆီ ရောက်ခဲ့၏၊ ဦးချုံကို အိမ်ပို့အပြီးတွင် သူသည် လေးခင်တို့ အလယ်ပစ္စယံဇရပ်ကို အမြန်ပြန်ခဲ့၍ လေးခင်ကို ပန်းချီဆွဲ၏။

ဒီတုန်းက မောင်မောင်အေးသည် ဗျတ္တနှင့် ပြိုင်ခဲ့ပေသည်၊ စံကားပန်းခူးရန်အတွက် မွန်းမတိမ်းခင် ပုပ္ပားမှ ပြန်ခဲ့သလို လေးခင်ကို ရရန်အတွက် သိဂ္ဂုတ္တရကုန်းကို အခေါက်ခေါက် ပြန်ခဲ့၏၊ ဖေဖေသည် အနုပညာကို မက်မောသလို သူကလည်း လေးခင်ကို မက်မော၏၊ သူသည်ညဘက်တွင်ပန်းချီမှုန်းချင်၏၊ ညပန်းချီကို ပို၍သဘောကျ၏၊ ဒါပေမဲ့ ဦးချုံကလည်း ညတွင် အမြဲရှိ၍ ဒေါ်ကြာနွာသည် ဇရပ်မှ မခွာပေ။

တရားသူကြီးမင်းသည် ရင်ထဲမှ တထိတ်ထိတ်ခုန်လာ၏၊ ခင်သန္တာသည် ပန်းစည်းပေါ်သို့ ခေါင်းစိုက်ကာ ငြိမ်၍နေမြဲ နေ၏၊ အမှန်တော့ နှစ်ယောက်လုံးပင် တရားလိုရှေ့နေ၏ လျှောက်လဲချက်တွေကို မကြားမိ၊ ဘာမေးခွန်းထုတ်၍ ဘာဖြေနေကြမှန်းကိုလည်း မသိပေ။

"တရားခံမအပေါ်မှာ သူ့ဖြောင့်ဆိုချက်တွေနဲ့ ပတ်သက်ပြီး နက်ဖြန်မှ ဆက်လက်စစ်ဆေးမယ်၊ ဒီနေ့ ရုံးချိန်ကုန်ပြီ"

တရားသူကြီးသည် အမှုစစ်ဆေးခြင်းကို ရပ်လိုက်၏၊ တရားခွင်မှ အမြန်ဆုံး ထသွား၏၊ ခင်သန္တာသည် နှင်းဆီပန်းလေးတွေကို ပွေ့၍ ခြံလေးထဲမှ ဆင်းသွား၏၊ သူ၏စိတ်ထဲတွင် မခံချင်သော စိတ်တွေသာ များ၍လာသည်၊

"သူက တရားသူကြီး..."

တရားသူကြီး ဆိုသည်ကိုပဲ ခင်သန္တာက လှောင်ချင်ပေသည်၊ မျက်နှာကို စေ့စေ့ကြည့်၍ ဟက်ဟက် ပက်ပက် ရယ်ချင်သည်၊

(၈)

ခင်သန္တာသည် အချုပ်ခန်းပြန်ရောက်ချိန်တွင် သူတီးခဲ့သော စောင်းသံလေးကို ပြန်၍လွမ်း၏၊

ဒီတုန်းက ဆင်းရဲသည်၊ ဒါပေမဲ့ ပျော်သည်၊ အဖေသည်လည်း ဒါ့ကြောင့် ဘုရားရင်ပြင်မှ မခွာခဲ့ခြင်း ဖြစ်ဟန်တူသည်၊ ညောင်ပင်ကြီးအောက်မှ သူသည် စောင်းကို တီးမြဲဖြစ်၏၊ စောင်းသံသည် ငြိမ့်၍ပေါ်လာတိုင်း ညောင်သီးလေးတွေသည် မြေပြင်ကို ခုန်၍ဆင်းကြ၏၊ ပထမတုန်းကတော့ ထုး

mgyoe.com

မခြားနားကိုပဲ မှန်မှန်တီး၏၊ ဘုရားပရဝုဏ်တွင်းမှာဆိုတော့ ဒေါ်ဣန္ဒာသည် အချစ်အကြောင်းများကို မတီးစေချင်ပေ၊ မလေးခင်ကလည်း ရောင်တော်ဘွဲ့နှင့် နိဗ္ဗိန္ဒအဖွဲ့တွေကိုပဲ တီးခဲ့ပေသည်။

ဒါပေမဲ့ မောင်မောင်အေးနှင့် တွေ့ပြီးသော နောက်ပိုင်းတွင် စောင်းသံသည် ပို၍နွဲ့လာ၏၊ ချစ်သမျှကိုနှင့် ညည့်သုံးယံခါကိုပဲ တီးချင်သည်၊ ဘယ်လိုမျှ မတတ်နိုင်၊ စိတ်ကိုယ်က ညွတ်နေပြီပဲ၊ ဒေါ်ဣန္ဒာ ကြားသွားပြန်လျှင် သူ့ကို အဆူခံရပြန်၏၊

"စက်တယ် ဆရာလေးရေ.. စိတ်ဆိုတာ ထိန်းလို့ရခဲဘိခြင်း"

သူသည် ဝမ်းထဲမှ ညည်းမိ၏၊

ဘာဆို၍ ဘာမျှမလုပ်ချင်၊ ဘုရားရှိခိုးကိုပင် ဆုံးအောင်မဆိုချင်ပေ၊ အမြဲ အနားယူချင်နေ၏၊ လူက ငြိမ်ငြိမ်နေ၍ စိတ်ကတော့ ကိုအေးကို စဉ်းစားနေမိ၏၊ မလေးခင်သည် ပင်လယ်ကို မရောက်ဖူးရှာ၊ မြစ်နှင့်လည်း ဝေးကွာလှ၏၊ မရောက်ဖူးတော့လည်း မူးကိုပင် မြစ်ထင်ရှာပေလိမ့်မည်၊

မြစ်ထဲတွင် နစ်ခဲ့ရသောညကို ပြန်လည်သတိရချိန်တွင်မူ နှလုံးတုန်လှ၏၊ ဘယ်တော့မဆို သတိရတိုင်း ဒီညကို ကြောက်၏၊ သို့သော် ဒီညသည် သူ့အား ခင်သန္တာဘဝသို့ရော၊ တရားခွင်သို့ရော ပို့ခဲ့သောညပင် ဖြစ်လေသည်၊

ထိုညက ဒေါ်ဣန္ဒာသည် ဟံသာဝတီကျောင်းတွင် တရားသွားနာချင်သည် ပြောသည်၊ ယခင်က အမြဲလိုလိုပင် မလေးခင်သည် ဆရာလေးနှင့် လိုက်၏၊ ယခုတော့ သူ မလိုက်ချင်၊ တစ်ယောက်တည်း နေရစ်ချင်၏၊ တရားဓမ္မဆိုသည်မှာ နိဗ္ဗာန်သို့သွားရာ ပေါင်းကူးတံတားပင် ဖြစ်၏၊ ယခုလို ချစ်နိဗ္ဗာန်တွင် နစ်နေရဆဲတော့ဖြင့် လောကုတ္တရာနိဗ္ဗာန်ကို ယောင်လို့မျှပင် မတွေးချင်၊ နိဗ္ဗာန်ကိုခေါ်ချင်သူတွေကိုတောင် လေးခင်က မုန်း၏၊

"မလေးခင်တစ်ယောက် ခုတလော ကြည့်လို့မရပါဘူး"

ဒေါ်ဣန္ဒာသည် သူ့ကို စေ့စေ့ကြည့်၍ ပြောတတ်၏၊ မလေးခင်ကတော့ တစ်ထောင့်မှ အမြဲပြုံး၏၊ နိဗ္ဗာန်ဆိုသည်မှာလည်း ဒုက္ခနှင့် တွေ့ကြမှသာ တောင့်တကြပေသည်၊ သူက အားလုံးကို သုခလို့ပဲ ထင်သည်၊ ဒါကြောင့် လေးခင်သည် လွတ်ရာလွတ်ကြောင်း တရားတွေ ဘာတွေကို မနာချင်ပေ၊

ဒေါ်ဣန္ဒာ ထွက်သွားလျှင် သူ့စိတ်ထဲမှာ ပျော်လာသည်၊ နေဝင်စ ပြုလျှင်ပဲ အိပ်ရာထဲမှာ ဝင်ကွေးလိုက်၏၊ တွေးလိုက်ရဦးမည်၊ အတွေးထဲမှာ တိုင်းပြည်တည်ထောင်ရလျှင် အလွန်ပျော်စရာကောင်း၏၊ သူ့တိုင်းပြည်များသည် နစ်ပါးသွားတွင်ပဲ အဆုံးသတ်၏၊

"လေးခင်... ဧည့်သည်ရောက်နေတယ်"

လေးခင်သည် အိပ်ရာမှ ငေါက်ခနဲထ၍ အပြင်ခန်းကို ထွက်လာသည်၊ ဇရပ်အပြင်တွင် ကိုရွှေအေး ရောက်နေပါပကော၊

"ဦးကို ဖေဖေက ခေါ်ခိုင်းလို့ပါ"

"မိုးချုပ်လိုက်တာ"

mgyoe.com

"ခဏပါပဲ.. ကျွန်တော် ကားနဲ့ပြန်ပို့ပါ့မယ်၊ ဦး ပန်းချီကားကို ဒီနေ့ည သူ့မိတ်ဆွေ ခေါ်ပြမလို့ပါ၊ ဦးကိုလဲ ဖေဖေက ရှိစေချင်တယ်"

အဖေသည် လေးခင်ကို လှမ်းကြည့်၏၊

"အဖေ မြန်မြန်ပြန်လာပေါ့၊ ဇရပ်မှာက လေးခင်တစ်ယောက်တည်းရယ်"

"တစ်ယောက်တည်းရယ်..."

ကိုရွှေအေးရင်ထဲတွင် ဝင်၍ဆောင့်လိုက်၏၊ ဒီလို တစ်ယောက်တည်းအခွင့်အရေးမျိုးကို သူ စောင့်ခဲ့သည်မှာ ကြာပေပြီ၊ ယနေ့ညတော့ဖြင့် ညပန်းချီကို ဆွဲရပေတော့မည်၊

အဖေသည် မောင်မောင်အေးနှင့် လိုက်၍သွား၏၊ မလေးခင်သည် တစ်ယောက်တည်း ကြောက်သလိုလိုဖြစ်သွား၏၊ ဒါပေမဲ့ ချစ်သူအကြောင်းကို စဉ်းစားမိသောအခါ လောကတွင် အားလုံးကိုပဲ မေ့ရပြန်သည်၊ သူ ဘယ်လောက်မေ့သွားသည် မသိ၊ ဇရပ်တံခါးခေါက်သံကြားမှ သူ သတိရသည်၊

"ဘယ်သူလဲ.. ဟင်"

"ကိုအေးပါ"

လေးခင်သည် ဇရပ်တံခါးကို ဖွင့်လိုက်၏၊ မျက်လုံးတွေ တလက်လက်နှင့် ကိုရွှေအေးကို မတ်တတ်ကြီး မြင်လိုက်လျှင် သူ့ရင်တွေ ခုန်လာ၏၊

"ကိုအေး.. တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ ခင့်ဖေဖေကို အိမ်မှာ ထားပေါ့၊ ကိုအေး ချက်ချင်းပြန်လာတယ်၊ ခင်တစ်ယောက်တည်း မဟုတ်လား"

မလေးခင်သည် ဘာကိုပြန်ပြောရမည်မှန်း မသိ၊ ညဥ့်တွင် တွေ့ရမည်ဆိုတော့လည်း ရင်က ဖိုသေး၏၊ ကြောက်လည်း ကြောက်၏၊ တံခါးချပ်ကို ကိုင်ထားသော သူ့လက်များမှာ တုန်၍နေသည်၊ မျက်လုံးတွေမှာ ကိုအေးကိုကြည့်ရင်း တလက်လက်တောက်လာပေမယ့် နှုတ်ခမ်းလေးတွေက တုန်၍ မည်းလာသည်၊

ကိုအေးသည် ဒါတွေကို မြင်ဖူးလှပြီ၊ မလေးခင်ကိုယ်စား ဇရပ်တံခါးကို သူ ပိတ်လိုက်၏၊ မလေးခင် ဘာလုပ်ရပ့်၊ ဘာမျှလုပ်ဖို့မလို၊ လုပ်နေလျှင်လည်းပိုနေပေမည်၊ လူက ကြောက်နေပေမယ့် စိတ်ကတော့ ချစ်သူနှင့် နေရသည်မှာ ပျော်၏၊ ကိုမောင်မောင်အေးသည် သူ တောင့်တသော 'ညပန်းချီ' ကားကို ယခုမှ စိတ်ရှိလက်ရှိ ဆွဲရပေပြီ၊

ညကားဆိုသည်မှာ ပို၍ ချမ်းမြေ့ကြည်နူးစရာ ကောင်းသည်၊ မလေးခင်သည် ယခုလို ညပန်းချီမျိုးကို တစ်ခါမျှ မကြုံဖူးခဲ့၊

အမှန်တော့ မလေးခင်သည် မြစ်ထဲတွင် နစ်ခြင်းပင် ဖြစ်၏၊ နစ်ရသည်မှ စုံးစုံးကို နစ်ရရှာပေသည်၊

အဖေ့ကိုခေါ်ဖို့ ကိုမောင်မောင်အေးပြန်သွားချိန်တွင်မှ သူသည် ဘုရားစင်ရှေ့တွင် တစ်ယောက်

တည်း ကျန်ရစ်၏။ ရုပ်ပွားတော်ရှေ့တွင် မီးပုရှိန်နှင့် ဖယောင်းတိုင်မှာ တစ်ပိုင်းလောင်ကာ ကျန် တစ်ပိုင်းလည်း ညွှတ်၍နေလေပြီ၊ လေးခင်သည် ဖယောင်းတိုင်ကိုကြည့်ရင်း ရင်ထဲမှာ လန့်လာ၏၊ မျက်စိကို စုံမှိတ်၍ ထားလိုက်၏၊

အမယ်မင်း… တကယ်ဆိုတော့လည်း ညပန်းချီဆိုသည်မှာ အလွန်ပူလောင်လှပါကလား။

(၉)

ညောင်ရွက်ဝါများသည် ကြွေကျလေပြီ၊ ပင်ခြေတွင် ယခင်ကလို မြေတလင်းမှာ ပြောင်၍မနေ တော့ပေ၊ ရွက်ဟောင်းတွေမှာ ဖရိုဖရဲနှင့် မျက်စိရှုပ်စရာကောင်းလှ၏၊

မလေးခင်သည် ယခင်ရက်များကကဲ့သို့ တံမြက်စည်းလှည်းဖို့ကို တွေးပင်မတွေးမိတော့၊ စိတ် ထဲမှာလည်း အားလုံး ရှုပ်ပွနေ၏၊

ညောင်ရွက်နုနု နီနီလေးတွေသည် သစ်ကိုင်းများကြားမှ ထိုးထွက်လာကြသည်၊ ဥသြ၏တေး တွင် မိန်း၍နေကြ၏၊ ယခင်တုန်းကမူ နွေဦးရွက်နုလို သူသည် ဖျတ်လတ်ရွှင်လန်းခဲ့၏၊ ယခုတော့ ပင်ခြေမှ ရွက်ဟောင်းလို ညှိုးနွမ်းခြောက်သွေ့ခဲ့ပြီ၊ သူ့စောင်းကလေးသည် ဘုရားစင်ထောင့်၌ ဖုန် အလိမ်းလိမ်းနှင့် ကွေးနေသည်၊ စောင်းသံတီတ်သည်မှာလည်း ကြာခဲ့ပါပကော၊

နွေသစ်ပေါက်လာလျှင် ဥသြသည် လောကသို့ တစ်ကြိမ် အလည်ရောက်၍လာခဲ့ပေမယ့် ကို ရွှေအေးကတော့ မလေးခင်ထံ မလာတော့ပေ၊

ဥသြလို အတောင်သာရှိလျှင်လည်း ကိုအေးကို ရှာပါမည်၊ မုန်တိုင်းတွေဆင်၍ ပင်လယ်ပင် ခြားနေဦးတော့ တွေ့အောင်တော့ ရှာဦးမည်၊

မောင်မောင်အေးကတော့ သူ့ကို တောင်စုံဝိုင်း၍ ရှာချင်သူကို သတိမျှပင်မရ၊ ဒီလိုပန်းချီကား မျိုးပေါင်းကို နေ့နေ့ ညည သူက ဆွဲဖူးခဲ့ချေပြီ၊ ဆွဲပြီးသော ပန်းချီကားတိုင်းကိုလည်း ချောင်ထဲတွင် ထိုးထားခဲ့၍ ဖုန်အလိမ်းလိမ်းကပ်ကာ ဖွတ်ဖွတ်ကြေခဲ့ပြီ၊ မလေးခင်ကိုလည်း အစ်မတော်ပန်းချီကား တို့၏ သွားရာလမ်းကို ပို့ခဲ့ခြင်းဖြစ်၏၊ မလေးခင်ကတော့ မသိ၊

သူ့လို ဘုရားကြို့ဘုရားကြားက ကောင်မလေးကိုမဆိုထားနှင့်၊ သူတကာ့မျက်တောင်ပေါ် စကြံ လျှောက်ခဲ့သော တက္ကသိုလ်က မမလေးတို့ပင် ကိုမောင်မောင်အေးကို ဦးညွှတ်ရပါ၏၊ သူ့ခြေလှမ်း တွေက တစ်မျိုးဆန်း၏၊ ကျောင်းသူ သုံးယောက်လောက်ကို တစ်ပြိုင်နက် ပိုး၏၊ ခင်ခင်၊ ရင်ရင်နှင့် တင်တင်ကို ကြိုက်နေပေမယ့်လည်း နီနီကို သူက လိုက်ပေသေး၏၊ နီနီတွင် စေ့စပ်ပြီးသူ ရှိ မရှိကို ရင်ရင်တို့မှတစ်ဆင့် သူက စုံစမ်းပေသည်၊ မောင်မောင်အေးသည် လူက အေးသလောက် ဒိုးလို မွှေခဲ့ပေသည်၊

ယခုအချိန်တွင်မူ မလေးခင်ဆိုသည်မှာ ဖြူသလား မည်းသလား၊ လူလား အရာဝတ္ထုလား ဆို သည်ကိုပင် မသိတော့ပေ၊

မလေးခင်ကတော့ မြစ်တွင် နစ်ခဲ့သည်မှာ ကလေးကစားစရာမှ မဟုတ်ပေဘဲ၊ ဘယ်လိုမျှ မေ့

mgyoe.com

mgyoe.com

၍ ရမည်မဟုတ်။ နွေနှောင်းလာချိန်တွင် မောင်မောင်အေးဆွဲခဲ့သော ပန်းချီကားမှာ ရုပ်လုံးပေါ်ခဲ့လေပြီ၊ သူ့ရင်ထဲတွင် လှပသော ကလေးရုပ်ကို မောင်မောင်အေးက ရေးဆွဲခဲ့လေသည်။

အဖေသည် ရှက်၍ သူ့ကို စကားမပြော။ အဖေက ရိုးသည်၊ ရေးဆန်သည် မဟုတ်ပါလား။ ဒေါ်ဣန္ဒာကမှ စုတ်သပ်၏။

"ဒီလိုနေရာနဲ့ ဒီလိုအဖြစ်ဟာ မအပ်စပ်ဘူး" ဟူ၍လည်း ပြော၏။ မအပ်စပ်ပေမယ့် ဖြစ်လာပြီပဲ၊ မလေးခင်က မတတ်နိုင်။

မလေးခင်သည် သူ့ကိုအေးကို ရှာမတွေ့သည့်နောက်ပိုင်းတွင်မှ သူသည် ကလေးအဖေကို ဖွင့်၍ မပြောပေ။ ဒီဘုရားပရဝုဏ်ကတော့ တစ်နည်းနည်းနှင့် ခွာမှဖြစ်မည်၊ ဒေါ်ဣန္ဒာကလည်း သူ့ကို တစ်နေရာရာ သွား၍နေစေချင်သည်။

တခြားမှာ နေမည်၊ ကိုယ့်ကလေးကို ကိုယ်မွေးရပေမည်၊ ကိုယ့်ပယောဂကြောင့် လူ့လောကကို ရောက်လာရှာရသူကလေးကိုဖြင့် ဒုက္ခမပေးချင်၊ မွေးမလာခင်ကတည်းက သူ့ကို သနားရပါ၏။ ပရိသတ်က တစ်စက်စီ ထွေး၍သွားသော တံတွေးခွက်တွင် ဘယ်လိုပဲ မျောရ မျောရ အပြစ်မဲ့သူကလေးကိုဖြင့် သူ ဘယ်လိုမျှ မဖျောက်ဖျက်ရက်ပေ။

နောက်တစ်ပတ်တွင်မှ ဒေါ်ဣန္ဒာသည် သူ့မြေးဆိုသူထံ မလေးခင်ကို သွား၍ပို့၏။ မလေးခင် ကျန်းမာရေးနှင့် ကလေးမွေးဖို့အတွက် အဆင်ပြေသည်၊ ဒေါ်ဣန္ဒာ၏မြေးမှာ သူနာပြုဆရာမ ဖြစ်သည်၊

မလေးခင် မီးဖွားရန်အတွက် သူ အလုပ်လုပ်သော ဆေးခန်းတွင် စီစဉ်ပေးလေသည်၊ မလေးခင်သည် အဖေ့အတွက်ပဲ ဝမ်းနည်း၏၊ လူ့လောကသို့ ရောက်လာချိန်တွင် သူသည် အဖေ့အတွက် ဘာမျှ လုပ်မပေးနိုင်ဘဲ အရှက်သာ ခွဲခဲ့သည်၊ အဖေ့ဆီကို ပြန်၍သွားချင်သည်၊

ဆရာမလေးကမှ မျက်နှာမြင်ပြီးမှ ပြန်စေချင်၏၊ အမှန်တော့လည်း ယခုလို ပြန်သွားခြင်းမှာ အဖေ့ကို စိတ်အနှောင့်အယှက် ပိုပေးသလိုပင် ဖြစ်မည်ဖြစ်၏၊

သူသည် မီးဖွားချိန်ကိုသာ စောင့်၍နေပေသည်၊

မိုးတဖွားဖွား ကျစပြုလာသော နံနက်တွင် မလေးခင်သည် သမီးလေးကို စ၍မြင်ရသည်၊ ဆရာမလေးသည် ကလေးကိုပွေ့ရင်း ဝမ်းသာအားရ ကလေးအကြောင်းကို ပြောနေသည်၊

"ကလေးဟာ ကြီးရင် သိပ်ချောမှာပဲ"

"ချောရင် သာပြီး စိုးရိမ်ရတာပေါ့"

"အို.. ဒါတွေ ဘာတွေ ပြောမနေပါနဲ့ မလေးခင်၊ ကိုယ့်ဟာကိုယ် နေကောင်းဖို့ လုပ်ပေါ့၊ မွေးလာမှတော့ ကိုယ့်သားသမီးဟာ ချောရ လှရမယ်၊ ကျန်းမာရမှာပေါ့"

မလေးခင်သည် ပါးစပ်မှပြုံးရင်း မျက်ရည်တွေ ဝဲလာသည်၊

"လှတာဟာ ဆင်းရဲတဲ့ မိန်းကလေးတွေမှာ မရှိထိုက်ဘူး၊ ချမ်းသာသူတွေအတွက် အလှဟာ တန်ဖိုးမြှင့်ပေးပေမယ့် ဆင်းရဲသူတွေအတွက် ဒုက္ခပဲ"

mgyoe.com

mgyoe.com

"ဒီလိုလဲ မဟုတ်ပါဘူး၊ အမှန်တော့ မလေးခင်က ရိုးလွန်းလို့ပါ၊ ရန်ကုန်မှာနေပြီး ဒါလောက် ရိုးရင် မဖြစ်ဘူး"

"ခုနေ.. သူ့အဖေက မြင်ရင် ကလေးကို စိတ်လည်ပြီး ကျွန်မကိုများ ပြန်ချစ်မလား.."

မလေးခင်သည် မျှော်လင့်ချက်ကြီးစွာနှင့် ပြောရာ၏၊ အမှန်တော့ စိတ်ထဲမှာ မျှော်လင့်ရာသေး သည်၊

"ခက်သားပဲ.. သူတို့က မလေးခင်လို လူတွေ နံပါတ်မချိတ်နိုင်အောင် ရှိချင် ရှိနေတာပဲ၊ လူတွေ ဟာ သိပ်ပြီးဖောက်ပြန်တာပဲ၊ ကိုယ့်ချစ်သူတောင်မှ ကိုယ်မယုံရဘူး၊ ချစ်မေတ္တာဆိုတာလဲ အဓိပ္ပာယ် မရှိတော့ဘူး ထင်ပါရဲ့ ကျွန်မတောင် ကံကောင်းလွန်းလို့ လွတ်တာ"

"ဘယ်လို..."

ဆရာမသည် ကလေးကို ပုခက်ဖြူလေးထဲတွင် သိပ်လိုက်ပြီး သူ့ထံပြန်လာသည်၊

"ကျွန်မ ဆရာမသင်တန်း တက်နေတုန်းပေါ့၊ ကျွန်မရည်းစားက ကောလိပ်မှာ စာသင်နေတယ်၊ တစ်နေ့ ကျွန်မကို တွေ့ဖို့ ချိန်းတော့ ကျွန်မကလဲ ရိုးရိုးပဲ ကျောင်းကလပ်စ်အားချိန်မှာ ချိန်းလိုက်တာ ပေါ့၊ နေ့ခင်းတော့ နေ့ခင်းပါပဲ၊ သူ ကားနဲ့လာခေါ်လို့ လိုက်သွားတယ်၊ အင်းလျားကန်ရောက်တော့ အလယ်က ကျွန်းတစ်ခုကို ကူးဖို့ လှေအငှားမှာ ကျွန်မက လန့်သွားတာပေါ့၊ လှေပေါ်မှာ ယောက်ျား လေး သုံးလေးယောက်ပဲ၊ သူတို့ ကြည့်ရတာက မှုမမှန်ဘူး၊ အမှန်ဆိုရင်တော့ သမီးရည်းစား ချိန်း တယ်ဆိုတာ နှစ်ယောက်တည်း တွေ့ရမယ့်ကိစ္စမဟုတ်လား၊ ခု ကျွန်မတစ်ယောက်တည်း ယောက်ျား လေးယောက်နဲ့ အလယ်ကျွန်းကို ကူးရမယ်ဆိုတော့ စိတ်ထဲမှာ သံသယဖြစ်လာတယ်၊ သူတို့တွေက ဘယ်သူလဲဆိုတော့ သူက ပြုံးပြီး သူ့ငယ်ချင်းတွေပါတဲ့၊ ဘုရားမ, သလား မသိဘူး၊ ကျွန်မ ရင်ထဲမှာ ကြောက်လာပြီး သူ့ကို မသက်ာတာနဲ့ တစ်ခါတည်း လှည့်ပြီး ပြန်လာခဲ့တာပေါ့"

ဆရာမသည် နောက်ကြောင်းကို ပြောရင်းပင် ချွေးပြန်လာသည်၊

"အဲဒါ.. ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ၊ မိန်းကလေးတွေကို ဖျက်ဆီးတဲ့ နည်းသစ်ပေါ့၊ ကျွန်မ နောက်မှ လိုက်ပြီးစုံစမ်း တော့ တချို့ယောက်ျားလေးတွေဟာ မိန်းမကောင်းလေးတွေနဲ့ ရည်းစားထား၊ အဲဒီမိန်းကလေးကို ချိန်းတွေ့ရော၊ ခဏခဏတွေပြီး နောက်တော့ သူတင်မကဘူး သူ့အပေါင်းအဖော်တွေကိုပါ ခေါ်တွေ့ နိုင်းတာပဲ၊ ယောက်ျားက များများနဲ့ မိန်းကလေးတစ်ယောက်တည်းဆိုတော့ အရှုံးပေးရတာပေါ့၊ မိန်း ကလေး အကောင်းလေးတွေဟာ နောက်ဆုံးတော့ ပိုက်ဆံရှာစားတဲ့ဘဝ ရောက်တာပဲ"

"ဘုရား... ဘုရား..."

မလေးခင်သည် ရင်ကို ဖိမိ၏၊

"တကယ်ပဲ ကျွန်မဖြင့် မယုံနိုင်အောင် အံ့ဩတယ်၊ လူတစ်ယောက် ချစ်ရဖို့ကိုလဲ ဘယ်လို တွေးရမယ်မှန်း မသိဘူး၊ ကျွန်မချစ်သူကိုလဲ နောက်မတွေ့တော့ဘူး၊ အခု ဒီကလေးအဖေကော.."

ခေါင်းကို ဖြည်းဖြည်းခါ၏၊ မလေးခင်က မဖြေပေ၊ အကြောင်းမထူးသည့်နောက်ပိုင်းတွင်

mgyoe.com

mgyoe.com

ကလေးအဖေနာမည်ကို ထုတ်၍ မပြောချင်ပေ။ အမှန်တော့လည်း ဘဝကိုပင် စုံးစုံးမြုပ်စေဦးတော့ မောင့်ဝှက်ကို သူက ကာကွယ်ချင်သေးသည်၊ သူ့ဘဝသည် နွံမှာနစ်ပေမယ့် အသည်းနှလုံးသည် ပုလဲလိုပင် ဖြူစင်နေမြဲဖြစ်၏။

(၁၀)

ဆေးခန်းမှ ဆင်းချိန်တွင် အဖေနေမကောင်းနေကြောင်းကို ကြားရသည်၊ အဖေ့ကို သွားကြည့်ချိန်တွင် ကလေးကို ထားရစ်ခဲ့ရန် ဆရာမက ပြော၏။

မိုးဦးဆိုပေမယ့် နေ့လယ်တွင် နေပူနေသည်၊ သူသည် တစ်ယောက်တည်း အဖေ့ဆီကို ထွက်လာခဲ့၏။ ဘုရားခြေတော်ရင်းမှ လှေကားများကို တစ်ထစ်စီ လှမ်းခဲ့ရင်း ငယ်ငယ်တုန်းက ဘုရားပရဝုဏ်တွင် နေခဲ့သော အဖြစ်တွေမှာ အားလုံးပေါ်လာကြသည်၊ ဟိုတုန်းက အစဉ်ပဲ သာယာအေးချမ်းခဲ့သည်၊ အလယ်ပစ္စယံကို ချိုးသည့်လမ်းကို ရောက်လျှင်လည်း ကိုအေးကို သတိရနေပြန်၏၊ ယခင်တုန်းကဆိုလျှင် မောင်လာမယ့်လမ်းကို မျှော်လိုက်ရသည့်ဖြစ်ခြင်း၊ အုတ်လမ်းပေါ်တွင် မောင့်ခြေရာလေးတွေများ ကျန်ရစ်နိုးနှင့် သူသည် ကြည့်မိသေး၏၊ အမှန်တော့ မောင်သည် ဇရပ်မှ လှေကားသုံးထစ် ဆင်းပြီးကတည်းကပင် လူပျိုဖြစ်၍ သွားပါပကော။

ဇရပ်ကလေးသည် သူရှိတုန်းကလို မစိုပြည်၊ ကပြင်လေး၏အပေါ်တွင် ပင့်ကူမျှင်လေးတွေ ယှက်နေသည်၊ အထဲမှာလည်း ပစ္စည်းတွေမှာ ဟိုတစ်စု ဒီတစ်စုနှင့် ဖရိုဖရဲဖြစ်နေသည်၊ ခေါင်းရင်းတံခါး ပိတ်ထား၍ အထဲက မှောင်နေသည်၊

"ဆရာလေး.."

သူသည် အထဲကို စွတ်ဝင်၍ အသံပြုလိုက်သည်၊ ဒေါ်ကြူနှာသည် ခေါင်းရင်းဘက်တွင် ငုတ်တုတ် ထိုင်နေ၍ အဖေက အိပ်ရာပေါ်တွင် လဲနေသည်၊

"ဟင် အဖေ.. သက်သာရဲ့လား"

"တိုးတိုးပြောစမ်း မလေးခင်၊ မောင်ချို မောနေတယ်"

လေးခင်သည် အဖေ့အနားသို့ ကပ်ကြည့်၏၊ အဖေသည် မျက်လုံးလေးကိုပဲ လှုပ်နေသည်၊ ခေါင်းရင်းဘက်တွင် ဆရာနှင့်တူသူ အဘိုးကြီးသည် ငြိမ်၍ အဖေ့ကို စိုက်ကြည့်နေသည်၊ အဖေသည် သူ့ပန်းချီကားလေးကိုပဲ စိတ်ထဲက သတိရနေ၏၊ မလေးခင် ရောက်လာချိန်တွင် မျက်လုံးကသာ မြင်ပေမယ့် စိတ်အာရုံမှာ ဘာကိုမျှ တာရှည်စွဲလမ်းနေ၍ မရ၊ မလေးခင်ပြောသည့် ကြယ်လေးတွေကို သတိရပြန်၏၊ ကြယ်လေးတွေကို ဆေးခြယ်ရန် သူသည် ကြယ်တန်းကြီးသို့ ပျံတက်သွားတော့သည်၊

အဖေ ငြိမ်သက်သွားချိန်တွင် ဒေါ်ကြူနှာသည် တတွတ်တွတ်နှင့် ဘုရားစာ ရွတ်နေသည်၊ မလေးခင်သည် ကြောင်နေ၏၊ ရင်ထဲမှာလည်း ကြောက်လာ၏၊

"ကျွန်မမှာ အပြစ်မရှိပါဘူး.. အမြဲ ရိုးရိုးနေခဲ့ပါတယ်၊ အဖေသေတာ ကျွန်မမှာ အပြစ်မရှိပါဘူး နော်"

mgyoe.com

mgyoe.com

ပါးစပ်မှ ရွတ်ရင်း မျက်ရည်တွေ သွန်ကျလာ၏။ အဖေမရှိတော့လျှင် သူတစ်ယောက်တည်း နေရစ်ရမည်ပါကလား။ သမီးလေးတော့ အဖော်အနေနှင့် ကျန်ရစ်ခဲ့ပါသေး၏။

အဖေမြတ်နိုးသော ပန်းချီကားကို တန်ဖိုးဖြတ်၍ ဦးသင်က ဝယ်ခဲ့သလို မလေးခင်မြတ်နိုးသော ချစ်မေတ္တာကိုလည်း မောင်မောင်အေးက ဝယ်သွားပါပကော။

ဦးသင်သည် ဖက်ရှင်အနေနှင့် အနုပညာကို မြတ်နိုးယောင်ဆောင်ခဲ့၏။ မောင်မောင်အေးက လည်း လေးခင်ကို ချစ်ချင်ယောင်ဆောင်ခဲ့၏။ လေးခင်တို့ သားအဖနှစ်ယောက်လုံးကတော့ မသိရှာ ခဲ့ပေ။

"ကလေးကော..."

ဒေါ်ကြူနွှာက မေး၏။

"ဆရာမနဲ့ ထားခဲ့တယ်၊ နေကလဲ ပူတယ်၊ အဖေ နေမကောင်းနေတော့ ကလေးမြင်ရင် စိတ် မကောင်းဖြစ်မှာ စိုးလို့ပါ"

"မောင်ချိုမှာ ပန်းချီကားရောင်းတုန်းက ငွေငါးဆယ်ရယ်၊ နောက်ထပ် နိုပါတ်တော်တစ်ခု ဆွဲတဲ့ ငွေငါးဆယ်ရယ် ဆရာလေးဆီမှာ ရှိတယ်၊ အဲဒါတွေ မလေးခင် ယူသွားတော့၊ မောင်ချိုကို ငါသဂြိုဟ် လိုက်မယ်"

"ယူသွားတော့ဆိုတော့ လေးခင်က ဘယ်ကို ယူသွားရမှာလဲ"

လေးခင်သည် ဘယ်ကို တွယ်တာရမှန်း မသိပေ။

"ဒီဇရပ်မှာ ဆရာလေး မနေချင်ဘူး၊ မင်းတို့အတွက် တအုံနွေးနွေး စိတ်မကောင်းဘူး၊ ဆရာ လေး စစ်ကိုင်းချောင် သွားတော့မယ်၊ မင်းလဲ ဆရာမ အေးအေးနဲ့ အတူနေရစ်ပါ၊ သူ့ကိုလဲ ပြောခဲ့ပါ့ မယ်၊ ဒီမှာတော့ မနေပါနဲ့တော့ကွယ်"

အမှန်လည်း မလေးခင်သည် ဇရပ်ကို ပြန်၍မမြင်ချင်၊ နေလည်းမနေချင်ပေ။ နောက်တစ်ပတ် တွင်မူ ဇရပ်လေးသည် သော့ပိတ်၍ ဆိတ်ငြိမ်စွာ ကျန်ရစ်တော့သည်။

မလေးခင်သည် သမီးလေးကို ချစ်၏။ သို့သော် သမီးကလေး လူလားမြောက်သည်အထိ သူ ဘယ်လိုမွေးမြူသွားရပါ့မလဲ ဟူသောပြဿနာကို တွေးသည်။ သူ့လက်ထဲတွင် သူ့သမီး ကြီးပြင်းလာ ပါလျှင် သမီး၏အလှသည် ဘဝကို ဖျက်ဆီးလိုက်မှာကိုလည်း စိုးရိမ်မိသည်။ လာလတ္တံ့သော မောင် မောင်အေးတို့နှင့် သမီးလေးကို တွေ့မိမှာ စိုးသည်။ သူ့ဝမ်းရေးအတွက် သူသည် ယခုထိ ဘာကိုမျှ မစ ရသေးပေ။ တကယ်တော့လည်း ဘဝလမ်းကြောင်းသည် ကိုယ်ကိုယ်တိုင် စ,ရသောအခါ အလွန် ပင်ပန်းပါကလား။

"ကျွန်မတော့ ကလေးကို ချမ်းသာတဲ့ လူတစ်ယောက်ယောက်ကို ပေးချင်တယ်၊ ကျွန်မလက် ထဲမှာဆို ကျွန်မလို ဖြစ်မှာစိုးတယ်"

သူသည် ဆရာမကို တိုင်ပင်ရပြန်၏။

"ရှင့်ကလေးကို ပေးမယ်..."

mgyoe.com

mgyoe.com

"ဟုတ်တယ်.. ပေးချင်တယ်၊ သူက ရှိနေတော့ ကျွန်မဟာ တေချင်ပေချင်သလို တေလို့ပေလို့လဲ မရဘူးမဟုတ်လား၊ ပြီးတော့ သူ့အတွက် လုံခြုံမှုအားလုံးကို ကျွန်မဟာ ခုအခြေအနေနဲ့ ဘယ်လိုမှ မထိန်းသိမ်းနိုင်ဘူး"

"ရှင်က ဘာကို တေဦးမှာလဲ"

"တေတယ်ရယ်လို့တော့ မဟုတ်ဘူးလေ၊ ရှေ့လျှောက်ပြီး အသက်ရှင်နေဖို့တော့ တစ်ခုခုလုပ်ရမှာပဲ၊ ငွေကလဲ မရှိ၊ ပညာကလဲ မရှိတော့ စွန့်စားရဦးမှာပေါ့"

မလေးခင် ပြောသည်မှာ မှန်၏။ ဆရာမကလည်း သက်ဆုံးတိုင် တာဝန်မယူနိုင်ပေ။

"ကျွန်မတို့ဆီမှာတော့ ခဏခဏပဲ ကလေးမရတဲ့လူတွေ ကလေးလာတောင်းပါတယ်၊ နက်ဖြန်မှ စီစဉ်ကြတာပေါ့လေ"

မလေးခင်သည် သူ့ရဲဘောနည်းရသည့် သူ့အဖြစ်ကို ဝမ်းနည်းမိ၏။ ကလေးတစ်ယောက်၏ ဘဝတည်မှုအတွက် တာဝန်မယူနိုင်လောက်အောင် ညံ့လှပါကလား။ ညံ့ရပါ၏၊ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လိုအသက်ရှင်အောင် နေရမည်မှ မသိဘဲ ကလေးအတွက်တော့ အညံ့ခံရပေမည်။

နောက်နေ့တွင်မူ စက်ရှင်တရားသူကြီး ဦးအောင်လှနှင့် ဒေါ်ရင်ရင်သို့ သူ့သမီးလေးကို ပေးလိုက်တော့သည်။

"သွားပေဦးတော့ သမီးလေးရေ.. အမေ့ကို ခွင့်လွှတ်ပါနော်၊ အမေ သူ့ရဲဘောနည်းတာကို ခွင့်လွှတ်ပါကွယ်၊ အမှန်တော့ အမေဟာ ညံ့ပါတယ်၊ ညံ့လွန်းလို့လဲ သမီးကို သူများလက် အပ်လိုက်တာပါ၊ အမေ့ကို ခွင့်လွှတ်ပါ သမီးရယ်"

သူသည် ကလေး ပေးလိုက်ရသည့်နေ့က တစ်ညလုံး ငို၏၊ မိုးလင်းတော့လည်း လူမမာကြီး ဖြစ်နေသည်၊ ရင်ခွင်ထဲမှာ သမီးမရှိကော့လည်း ဟာလှပါကလား၊ အံကြိတ်ရပြန်သည်၊ စိတ်ကို ပြန်၍ တင်းလိုက်ရပြန်၏။

နောက်နေ့များတွင် ကလေးမရှိသည့်နောက် သူ့စိတ်သည် သစ်ရွက်ခြောက်လို လေတွင်လည်း ဝဲ၏၊ ရေပြင်တွင်လည်း မျော၏၊ မျောချင်တိုင်း မျောရသောအခါ စိတ်သည် သက်သောင့်သက်သာ ရှိလာပြန်သည်။

ပင်ကိုက အနုပညာအခံရှိသူမို့ သူသည် အကနှင့် အဆိုကို ကောင်းကောင်းသင်၏၊ သူ့စောင်းကလေးကို ပြန်၍သ,၏။

ကိုယ်ကျွမ်းကျင်သည်မှာ ဒါပဲ ကျွမ်းကျင်သည်၊ ဒါနှင့်ပဲ လုပ်၍စားရပေမည်၊ စိတ်ကို သက်သာအောင် နေသည်နှင့်အမျှ သူ့မျက်လုံးများသည် ပြန်လည်တောက်ပလာကြသည်၊ ပါးများသည် မို့ဖောင်း၍ နှင်းဆီရောင် ပြေးနေသည်၊ မလေးခင်ပြုံးပုံသည် ညှုလှ၏၊ ဆင်ပြင်ပုံတွေကလည်း ဇရပ်ထဲက လေးခင်လို မဟုတ်တော့ပေ။

သူ့ခန္ဓာကိုယ်၏ လှပပုံကို ထင်းခနဲနေအောင် ပြင်တတ်၏။

မလေးခင်သည် ဇရပ်ထဲမှာ သေရစ်ပေပြီ၊ ယခု သူသည် ခင်သန္တာအဖြစ်နှင့် မင်းပရိသတ်တို့

mgyoe.com

mgyoe.com
အထဲသို့ ထိုးဖောက်ဝင်ရောက်ခဲ့လေပြီ၊ ယခုတော့ သူသည် တိုက်ပွဲများကို နိုင်ခဲ့လေပြီ၊ ခင်သန္တာကို မောင်မောင်၊ ကိုကို၊ ဘဘတို့က ဦးညွှတ်ကြပြန်၏၊ သူသည် အစဉ်ပင် ခပ်သောသော ရယ်၏၊ သူ ရယ်လိုက်လျှင် ကိုကိုတို့သည် ကြောင်သွားပြန်၏၊

"ခင်ဟာ အမှန်တော့ အနုပညာရဲ့ အစုအဝေးမို့လို့ ကိုကိုတို့ဖြင့် ပိုပြီး လေးစားပါတယ်"

"ဟာ..ဟ.."

ခင်သန္တာသည် မရယ်ချင်ဘဲနှင့် ညှစ်၍ ရယ်၏၊ ကြားရသည်မှာ ရိုးလှပေ့၊

"အနုပညာ.. ဟား ဟား.. အနုပညာကို ချစ်ချင်ယောင်ဆောင်မနေကြစမ်းပါနဲ့၊ ကိုကိုတို့ လိုချင်တာ ခင့်ရဲ့.. ခင့်ရဲ့..."

သူသည် အနားတွင် ပါးကို ငေ့လိုက်ရင်း..

"ဒါပဲ မဟုတ်လား"

"မင်းပြောရင် ဒါမျိုးချည်းပဲ"

အနုပညာဆရာကြီးမှာ နည်းနည်းတော့ ကြောင်သွား၏၊ အမှန်တော့လည်း အနုပညာဆိုသည်ကို သူတို့ စိတ်ဝင်စားသည်မှ မဟုတ်ဘဲ၊ သူတို့ နားလည်သည်မှာ ခင်သန္တာ၏ ၃၂ ကောဠာသသော အသားတော်နုနုတို့ပင် ဖြစ်၏၊

ဘယ်အတွင်းဝန်မင်း၏ မွေးနေ့၊ ဘယ်မင်းကြီး၏ ဉယျာဉ်ပွဲ၊ အို.. ပွဲတွေ များလွန်း၍ ခင်သန္တာသည် မူး၍ပင် လာသည်၊

ခင်သန္တာသည် ဈေးကြီးလာ၏၊ တော်ရုံတန်ရုံ ကိုယ်တော်ချောတို့ကို သူသည် ထဘီဖျားမျှပင် မခတ်တော့ပေ၊

ဆရာမကလေးကမူ သူ့ကို သတိပေးတတ်၏၊

"မင်း ကိုယ်ကိုလဲ ဂရုစိုက်ဦးနော်၊ ရောဂါတော့ မရစေနဲ့ အမိ"

ခင်သန္တာသည် မဲ့၍ပြုံး၏၊ ရောဂါမရဖို့ကိုတော့ သူ ဂရုစိုက်ပေသည်၊ သူသည် ယခုထက် နယ်ကျယ်စွာ လွင့်ချင်သည်၊

"ဆရာမရဲ့ မိတ်ဆွေတွေထဲမှာ အင်္ဂလိပ်အက သင်ပေးမယ့်လူ ရှိလား"

"ဟင်.."

ဆရာမသည် သူ့ကို အံ့သြသွား၏၊

"အကောင်းပါ၊ အင်္ဂလိပ်စာ မတတ်ပေမယ့် အကသင်ရင် ရတယ်မဟုတ်လား"

"ရပါတယ်.. နစ်ယောက်လား၊ တစ်ယောက်တည်းလား"

"အကုန်လုံးပါ၊ ကနည်းစုံရင် ကောင်းတာပေ့၊ အားလုံးကို ကျွန်မစိတ်ထဲမှာ ရောပစ်လိုက်ချင်တယ်၊ အကုန်လုံးပဲ၊ စိတ်တွေဟာ မကောင်းပါဘူး၊ မွှေနောက်ပစ်ချင်တယ်၊ ရေကိုတောင် တွေ့ရင် နောက်ပစ်ချင်တယ်"

ဆရာမသည် သူ့ကိုကြည့်၍ ရယ်လျှင် သူက ကျယ်ကျယ်အော်၍ ရယ်ပစ်လိုက်၏၊
mgyoe.com

mgyoe.com

ကလေးသတင်းကိုတော့ ဆရာမထံမှတစ်ဆင့် နားထောင်နေ၏။

သူ အင်္ဂလိပ်အက တတ်သောအချိန်တွင်မှ စစ်ကြီးဖြစ်လာ၍ အသုံးမချလိုက်ရပေ။ စစ်ပြီးခေတ် ခင်သန္တာသည် ရေပန်းစားလာရပြန်သည်။ ဗမာလို စမ်းဦးမလား၊ အနောက်တိုင်းစတိုင်မျိုးကော ပြိုင်ဦးမလား။ ခင်သန္တာသည် အကမှာတော့ ပြောင်မြောက်ပေသည်။

သူ၏ အကဆန်းများကို ဟိုတယ်ကြီးများတွင် တစ်လတစ်ခါ က၍ပြ၏။ ဦးမောင်မောင်အေးကိုလည်း ကပွဲများတွင် တွေ့ရပေမယ့် သူက မခေါ်ပေ။ သူသည် မလေးခင်မှ မဟုတ်တော့ဘဲ၊ လှပုံပပုံတွေကလည်း ဟန်ပြောင်းနေသည်။ ကြော့ကြော့မော့မော့ လျှောက်ပုံ၊ စကားပြောလျှင် ပါးစပ်ဖျားမှ လေသံတိုးတိုးလေးနှင့် ခပ်နွဲ့နွဲ့ပြောပုံများမှာ ကြားရသူကို အသည်းယားစေ၏။

(၁၁)

ရန်ကုန် အရေးပိုင်မင်း၏ မွေးနေ့ပါတီ ညစာစားပွဲသို့ ယနေ့ည သူ တက်ရပေမည်။ အရေးပိုင်မင်းသည် သူကိုယ်တိုင် စန္ဒရားတီး၍ ညစာစားမည်ဖြစ်သည်။ သူ့စန္ဒရားအဖွဲ့တွင် ခင်သန္တာကိုလည်း စောင်းကောက် တီးစေလိုသည်။

ညစာစားပွဲတွင် ရွှေပွဲလာသူများမှာ မိန်းမထဲကဆိုလျှင် ခင်သန္တာကို သတိထားကြည့်၏။ ခင်သန္တာသည် စောင်းကြိုးကိုညှိရင်း သူတို့မျက်နှာတွေကို တစ်ချက်တစ်ချက် ကြည့်မိ၏။ အမှန်တော့ မမထားတို့၏ လင်တော်မောင်တွေမှာ သူ့ဆီကို လာဖူးသူတွေဖြစ်၏။ ဒီလိုဆိုတော့လည်း ခင်သန္တာက သနားမိ၏။ ဒါပေမဲ့ ဘယ်လိုမှ မတတ်နိုင်၊ မမထားတို့ကလည်း ခပ်ရှုပ်ရှုပ်ပေပဲ၊ သူသည် စုန်ချည်ဆန်ချည်နှင့် ဤလောကကို လည်ရသောအခါ ဇာတ်လမ်းမျိုးစုံတို့ကို အောင့်နလုံးနာအောင် တွေ့ရပေပြီ။

ညစာစားပွဲ စ ခါနီးအချိန်တွင် ညသည်တစ်စု ဝင်လာ၍ အရေးပိုင်မင်းကိုယ်တိုင် ထကာ ဆီးကြိုနေရာချနေသည်။ အရေးပိုင်မင်းသည် ခင်သန္တာ့အနားသို့ လာ၍ထိုင်၏။

"အခုလာတာ ဘယ်သူလဲဟင်"

"အငြိမ်းစား စက်ရှင်တရားသူကြီး ဦးအောင်လှနဲ့ ဒေါ်ရင်ရင်ပေါ့၊ အလယ်က သူတို့သမီးလေး မဥ္ဇူလေ"

"မဥ္ဇူ.."

ခင်သန္တာသည် မဥ္ဇူကို သေသေချာချာ စိုက်ကြည့်၏။ မဥ္ဇူသည် ငယ်ငယ်ကထက်ပင် လှ၍နေသည်။ သူ့ထက် ကိုယ်ဟန်နွဲ့၍ ယဉ်ပေသည်။

'မဥ္ဇူ'.. သမီးလေးနာမည်သည် ချစ်စရာကောင်း၏။ သမီးလေးရုပ်ပုံကလည်း နပျိုလှသည်။ အသားဝါပုံနှင့် မျက်လုံးတောက်ပုံမှာ သူနှင့်တူ၍ နှာတံမြင့်ပုံ၊ ကိုယ်ဟန်နွဲ့ပုံတွေက မောင်မောင်အေးနှင့် တူသည်။ သမီးကို မြင်တွေ့လိုက်ရသောအခါ၌မှ မေတ္တာလှိုင်းသည် ရင်ထဲတွင် ကြွ၍လာသည်။ စိတ်ထဲမှာ နှစ်သိမ့်သည်နှင့်အမျှ ဝမ်းလည်းနည်း၏။ ရောက်စကလို အလှနှင့်လည်း မကြွားချင်၊ ညှော်

mgyoe.com

mgyoe.com

သည်တွေကို မျက်လုံးနှင့်လည်း မညျချင်၊ သူ့ရင်ထဲတွင် သိမ်မွေ့သော မိခင့်မေတ္တာသည် ပြန်လည် နိုးအောင်း၍ လာပြန်သည်။

ခင်သန္တာကို ဧည့်ခံပွဲတွင် မြင်ရသည်မှာ ယခင်လိုမဟုတ်၊ မျက်နှာသည် ပို၍ချမ်းမြေ့ကြည်လင် လာသည်၊ အသည်းနှလုံးမှ မေတ္တာရောင်သည် သူ့မျက်နှာကို ပို၍ကျက်သရေရှိစေသည်။

"ကြွရောက်လာတဲ့ မင်းပရိသတ်များခင်ဗျား..."

အတွင်းဝန်တစ်ယောက်သည် ဤသို့ စကားချီ၍ မတ်တတ်ရပ်လိုက်သည်။

"ယနေ့ဟာ အရေးပိုင်မင်း ဦးသောင်းညွှန့်ရဲ့ မွေးနေ့ပါပဲ၊ ဦးသောင်းညွှန့်ဟာ မြန်မာ့ယဉ်ကျေး မှုကို အလွန်မြတ်နိုးပြီး သူကိုယ်တိုင်လဲ မြန်မာ့ဂီတပညာကို အတော်လိုက်စားတဲ့သူတစ်ယောက်ပါ၊ ကျွန်တော်တို့ဟာ ယဉ်ကျေးမှုအနုပညာရပ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ်"

ခင်သန္တာသည် နားကြားပြင်းကတ်လာ၏၊ အမှန်တော့ ယခုစကားပြောသူ အတွင်းဝန်မင်းနှင့် ဦးသောင်းညွှန့်မှာ ကပွဲခန်းရောက်လျှင် အနောက်ဆန်ဆန် အကဆုံး၊ ကတော်တွေနှင့် အရှုပ်ဆုံး၊ ကမြင်းဆုံး ဖြစ်၏၊ သူသည် အပိုတွေပြောနေသည်ကို နားမထောင်ချင်၊ ပရိသတ်များကတော့ ငြိမ် သက်စွာ နားထောင်နေ၏။

"ခင်သန္တာဆိုတာတော့ စောင်းကောက်ပညာမှာ မိန်းမထဲကဆိုရင် သူ့ကိုမီတဲ့လူ အလွန်ရှား တာပေါ့၊ ယခု ပထမဆုံး ဦးသောင်းညွှန့်ကိုယ်တိုင် စန္ဒရားတီးပြီး ခင်သန္တာက စောင်းကောက်နဲ့ ဖြေ ဖျော်ပါလိမ့်မယ်"

သူတို့သည် ပထမဆုံး ကောင်းချီးသခါကို တီးပြ၏၊ သီချင်းဆုံးလျှင် အရေးပိုင်မင်းကို ကြည့် ကာ..

"နောက်တစ်ပုဒ်ကို ခင်သန္တာကြိုက်ရာကို ဆိုပြီး တီးပါရစေ.. အရေးပိုင်မင်း"

"ဆိုလေ.. ခင်သန္တာကြိုက်တာကို ဆိုပါ"

ခင်သန္တာသည် သမီးလေးရှိရာသို့ တစ်ချက် မျှော်ကြည့်၍ ဘွဲ့ခံပြီးလျှင် သီချင်းကို စ ဆိုလိုက် သည်။

"ဂန္ဓမာတောင်... လိုက်ချောင်မှာ်နန်း ဝှငယ်မှာ... မွေးတကြုကြု... မဠုတည့်... နတ်ပန်းပင်"

ခင်သန္တာသည် သမီးလေးကို ရည်ညွှန်း၍ ဆိုရသဖြင့် စိတ်မှာ ငြိမ်ပေသည်၊ သူ့အသံသည် အေး၍ ပရိသတ်ကို လွှမ်းသွားပေသည်၊ စိတ်ထဲတွင် သီချင်းသည် သမီးလေး၏အလှနှင့် တန်ဖိုးကို ဖွဲ့ထားသလို သူ့စိတ်ထဲမှာ ထင်လာသည်။

သီချင်းဆုံးလျှင် ပရိသတ်သည် တဖြောင်းဖြောင်း လက်ခုပ်တီး၏၊ ချစ်သမီးကတော့ သူ့ကို ရည်ညွှန်းရာသည်ကို သိမည်မဟုတ်ပေ၊

ထိုနေ့ည အိမ်ပြန်ရောက်ချိန်တွင် အိပ်လို့မပျော်ပေ၊ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ညှိ၍ သောက်၏၊ ထင်းရှူးသား မီးခြစ်ဆံလေးတွေမှာ စားပွဲပေါ်တွင် ပြန့်ကျဲ၍ နေသည်၊ ပြာတွေလည်း ကုလားထိုင်အောက်တွင် ဖွေးနေသည်၊ အားလုံးကို မေ့နေ၏၊ သမီးလေးမျက်နှာတစ်ခုကိုပဲ မြင်နေ

mgyoe.com

mgyoe.com

သည်၊ မျက်တောင်ကလေးတွေ ကော့နေပုံ၊ နှုတ်ခမ်းနီ ပါးနီကလေးတွေက ပိပိရိရိနှင့် ပြုံးနေပုံ၊ လှုပ်ရှားလိုက်တိုင်း မျက်လုံးကြီးတွေ လက်သွားပုံမှာ သူ့ တွေးရင်း ရင်ထဲမှာ နံ့းလာ၏။

"သမီးဟာ တကယ့်ကို ပန်းကလေးလို လှတာပါ၊ အမေဖြင့် သိပ်ချစ်တာပဲ၊ သမီးကို တစ်ညလောက် ရင်ခွင်ထဲမှာထားပြီး အိပ်ချင်တယ်"

သူသည် စားပွဲပေါ် ခေါင်းတင်၍ ရင်ထဲမှ စကားပြောနေမိသည်၊ ပြီးတော့ မျက်ရည်တွေကျလာကာ ငိုရပြန်၏။

"ချစ်တယ်ဆိုတာ.. ဝေဒနာပါပဲ"

သူသည် စိတ်ထဲမှ ရေရွတ်မိပြန်၏။

၁၂ နာရီထိုး၍ ဆရာမသည် ညဥ့်ဂျူတီမှ ပြန်လာ၏။ သူ့ကို မျက်ရည်စက်လက်နှင့် မြင်လျှင် မျက်လုံးမျက်ဆန် ပြူးသွားပြန်သည်။

"ဟော့.. ခင်၊ ဘယ်သူ့ကို အရှုံးပေးလာခဲ့ရပြန်ပလဲဟင်... မျက်ရည်တွေနဲ့၊ မီးခြစ်ဆန်တွေလဲ ပွလို့ပါလား"

သူသည် ကုလားထိုင်မှထပြီး ခုတင်ပေါ်သို့သွား၍ လှဲချလိုက်သည်၊ ဆရာမကို စိုက်၍ကြည့်ကာ မျက်ရည်တွေ သုတ်လိုက်မိ၏။

"ကိုယ်လေ.. သမီးလေးကို တွေ့တယ်"

သူ့အသံမှာ တုန်နေသည်၊

"သမီးလေးဟာ သိပ်ချောတာပဲ၊ ငယ်ငယ်တုန်းက ချစ်စရာကောင်းတယ်၊ အခုတော့ သိပ်လှတာပဲ၊ သူ အပျိုဖြစ်နေပြီ.. ပြုံးလိုက်တာလေးကလေ ပန်းပွင့်လေး ပွင့်သလိုပဲ ညင်သာပြီး ချစ်စရာကောင်းတယ်"

အိပ်မက်ရင်း စကားပြောသူလို သူသည် လေမျှင်မပြတ်ဘဲ ပြောနေ၏။

"သူနဲ့ တွေ့ခဲ့ရလို့ မျက်ရည်က ကျရတာပါ"

ဆရာမသည် သူ့အနားတွင် ထိုင်လိုက်၏။

"တွေ့ရတယ်ဆို.. ပျော်ပေါ့ကွယ်၊ ငိုမနေပါနဲ့၊ ကိုယ်က တစ်ယောက်ယောက်ကိုများ လက်ပြောက်ခဲ့ရသလားလို့"

"ဝေးပါသေးတယ် အေးရယ်၊ ကိုယ်လေ နောက်တစ်သက်မှာ ယောကျ်ားတစ်ယောက်အတွက်တော့ မျက်ရည်မကျတော့ဘူး... မှတ်ထား၊ ကျရမယ့်ဘဝရောက်ရင် အသေခံမယ်၊ မျက်ရည်မကျတော့ဘူး၊ ခုတော့ သမီးလေးကို လွမ်းလွန်းလို့ပါ"

"သူ့ဘဝက အဆင်ပြေသွားပြီပဲ"

"ဟုတ်ပါရဲ့၊ ဒါပေမဲ့ ဒီပတ်ဝန်းကျင်နဲ့ သမီးလေးနဲ့ ကြည့်ရတာ လောက်တွေကြားထဲမှာ နှင်းဆီပွင့်နေသလိုပဲ၊ ကြာလို့ ဒီလူတွေနဲ့ ရောသွားရင် ကိုယ့်သမီးလေးဟာ သူတို့ရောဂါတွေ ကူးလာမှာပဲ"

mgyoe.com

mgyoe.com

"မစိုးရိမ်ပါနဲ့၊ လူတွေဟာ အဆင့်အတန်းလိုက်ပါသေးတယ်၊ စုလိုနေရာမျိုးမှာ တစ်ယောက် ယောက်နဲ့ မှားခဲ့ဦးတော့ နောက်တစ်ယောက်ကို ဒေါက်ဒေါက် ခေါက်ယူနိုင်တာပဲ"

"ဩော်.. ဒီလို ဘယ်ဟုတ်မလဲ၊ သမီးကိုလဲ အစွမ်းကုန် သန့်စေချင်တာပေါ့၊ သူနဲ့ ရမယ့်သူက လဲ ချစ်မေတ္တာကို တန်ဖိုးထားတဲ့လူ ဖြစ်စေချင်တာပေါ့"

"အိပ်ပါတော့ကွာ.. မင်းကြမ္မာတောင် မင်း မနည်းဖန်တီးနေရတာ၊ ကလေးမလေးကို လှမ်းပူ မနေပါနဲ့တော့၊ အမှန်တော့ ဘဝခြားနေပြီပဲ"

"သိပါတယ်လေ.. ခြားနေပါပြီ၊ သူ့အဖေသော သမီးကို မြင်ရင် သိပ်အံ့သြမှာပဲ၊ ကိုယ်ဟာ ဒါ လောက် လှတဲ့ သမီးလေးကို မွေးပေးနိုင်တယ်ဆိုတာ သူ သိမှာပဲနော်"

"အောင်မယ်လေး မသန္တာ၊ မင်းကလဲ ခုထိ မျှော်လင့်နေသေးတာပဲနော်၊ ယုံပါကွယ် သူတို့မှာ မေတ္တာဆိုတာ မရှိပါဘူး၊ ငါ မပြောလိုက်ချင်ဘူး"

ဆရာမသည် သူ့အိပ်ရာကို ထသွား၏။ သူသည် မျက်လုံးစုံမှိတ်ရင်း ပါးစပ်မှ တတွတ်တွတ် ရွတ်နေသည်။

"သမီးကို အမေ ချစ်တယ်... သမီးကို ချစ်တယ်"

စိတ်မောလွန်း၍ ခဏနားမိပြန်သည်။ သမီးလေးအကြောင်းကို ရပ်ထားပြန်လျှင် အဖေ့ကိုသွား ၍ သတိရ၏။ အဖေသော သူ့ကိုမြင်လျှင် အံ့သြပေမည်။ အဖေမွေးတုန်းက ဇရပ်ထဲတွင် လေးခင်ဖြစ် ၏။ အဖေ့သမီးသည် ရိုးရိုးနှင့် အေး၏။

ယခုတော့ အဖေ့သမီးသည် ခင်သန္တာဖြစ်နေသည်။ ရှစ်စပ်က လည်လွန်း၍ ရပ်နားသည်ပင် မရှိ၊ သို့သော် အဖေပေးခဲ့သော နှလုံးသားကမူ ဖြူစင်စွာ ရှိနေပေသည်။

ရင်ပြင်ပေါ်တွင် သားအဖနှစ်ယောက် ညဥ့်ဘက် ပန်းချီဆွဲခဲ့ပုံကို သတိရလာပြန်သည်။ ပန်းချီ ထဲမှာ ကြယ်လေးတွေသည် တလက်လက်တောက်လာကာ မိုးသို့ ပြန်၍တက်ကြသည်။ သူသည် ကြယ်လေးတွေကို ဖမ်းရင်း ဖမ်းရင်းနှင့် မြေမှ ဝေးလာသည်။ ကြယ်စုတွေမှာ ပြန့်ကျဲ၍ သူ့အနားတွင် တလက်လက်နှင့် ရွေ့လျားနေကြသည်။ ကြယ်များနောက်ကို အပြေးလိုက်ရ၍ မောလာသည်။ အိပ် မက်မှ လန့်နိုးတော့လည်း သူ မောနေတော့သည်။ သူသည် အိပ်မက်ထဲမှ ကြယ်တန်းစုဖွေးဖွေးကို မျက်စိထဲမှ မပျောက်တော့ပေ။

(၁၂)

ကပွဲများတွင် မဥ္စူကို မတွေ့ရ၍ ခင်သန္တာသည် ကျေနပ်နေ၏။ သူသည် အိပ်မက်ထဲမှာ မြင်ရ သော မြင်ကွင်းကို ရုပ်လုံးဖော်၏။ ပထမဆုံး စမ်း၍ သူ့အကကို ထွင်လိုက်၏။

သူ့အကနာမည်မှာ 'နဂါးငွေ့တန်း' ဖြစ်၏။ တစ်ရက် ကပြီးကတည်းက နဂါးငွေ့တန်းသည် ပရိသတ်ရင်ထဲမှာ စွဲလာသည်။ အနောက်နိုင်ငံမှ ကချေသည်တွေ လာကသွားသည့် ပွဲတွေလိုပင်

mgyoe.com

mingyobe.com

သူ့အကာကို ပရိသတ်က တောင့်တ၏။ သူသည် ဂရင်းဟိုတယ်တွင် ထိုအကာကို နှစ်ပတ်တိတိ ကပြ၏။

တစ်လလောက် နားပြီးမှ စထရင်းဟိုတယ်တွင် ပထမဆုံးကပြခြင်း ဖြစ်ပေသည်။ ထိုနေ့ည သည် ခင်သန္တာ၏ကံကြမ္မာကို ပြောင်းလဲပစ်လိုက်သည်။ က၍ပြီးမှ မဥ္ဇူကို သူမြင်လိုက်မိသည်။ မဥ္ဇူ ဘယ်သူနှင့် လာသလဲ၊ ဘယ်သူနှင့် တွဲနေသည်ကို သူ သိချင်သည်။ ဒါကြောင့် အဝတ်လဲပြီးလျှင်ပြီး ချင်း မဥ္ဇူထံသို့ ရောက်လာခြင်းဖြစ်သည်။

ခင်သန္တာသည် ဦးမင်းအောင် ညစ်ပတ်ပုံကို အစုံသိသူဖြစ်သည်။ ယခုလိုပင် တွဲထွက်ရာမှ သူ သည် အပျိုစင်တွေကိုရော၊ ကတော်တွေကိုရော ရအောင် ချူ၍ ညပန်းချီကားကို ဆွဲတတ်၏။ လင်ရှိ မယားတွေနှင့် စွံလွန်း၍ သူ၏ဟိုတယ်နာမည်မှာ (ဝင်ကစွတ်) ဖြစ်သည်။

ခင်သန္တာသည် မဥ္ဇူအတွက် စိုးရိမ်လာ၏။ သူ့စိတ်မှာ ဦးမင်းအောင်ကို မဥ္ဇူသတ်သည်အထိ ကြီးကျယ်လာလိမ့်မည်ဟု မထင်ခဲ့။ သူ့သမီးသည် စိတ်တူ သဘောတူ ထွက်လာသည်ဟုပဲ ထင် သည်။ အပြန်တွင် ဦးမင်းအောင်သည် ယင်းသွင်းနေကျနေရာ အင်းလျားသို့ မဥ္ဇူကို ခေါ်လိမ့်မည်။ သူသည် နောက်မှလိုက်သွား၍ ဦးမင်းအောင်ကို မဥ္ဇူစိတ်ပျက်အောင်ပဲ ရှုပ်မည်။ သူ့အစီအစဉ်မှာ ဒါပဲ ဖြစ်သည်။ ထို့ကြောင့်ပင် ဟိုညက ဦးစိုးမောင်ဆီ ကားခဏတောင်း၍ လိုက်သွားခြင်းဖြစ်၏။

ခင်သန္တာသည် အချုပ်ခန်းကို ပြန်၍သတိရ၏။ နက်ဖြန်မှာ သူ့အမှုကို စီရင်ချက်ချမည့်နေ့ ဖြစ် ၏။ မြန်မြန်ပင် စီရင်ချက်ချစေချင်သည်။ မဥ္ဇူ လွတ်လျှင် ပြီးရော၊ သူ့ဘဝတော့ ဖြစ်ချင်ရာဖြစ်တော့၊ သမီးကို ထိခိုက်လာမှာကိုတော့ တွေးပင် မတွေးရဲတော့ပေ။

အမှုစစ်နေသူ တရားသူကြီးမှာ သူ့လင်.. လူသတ်သူမှာ သူ့သမီး.. ပြစ်မှုခံရမည့်သူမှာ သူ..။

နက်ဖြန် တွေ့ရမည့် တရားသူကြီးကို စဉ်းစားမိပြန်၏။ ဦးမောင်မောင်အေးသည် သူ့တွင် သမီး တစ်ယောက် ရှိသေးသည်ကို သိချင်မှ သိပေလိမ့်မည်။

ယခုဘဝတွင်တော့ မဥ္ဇူနှင့် ဦးမောင်မောင်အေးသည် ယခုလို လမ်းပြတ်ကြသည်ပဲ ကောင်းပါ ၏။ ခင်သန္တာသည် တစ်ယောက်တည်း ရယ်မိပြန်သည်။

"သူက.. တရားသူကြီးတဲ့"

အိပ်ရာက ထချိန်တွင် ယမန်နေ့က ရထားသော နှင်းဆီပန်းလေးကို သူ သွား၍ကြည့်၏။ နှင်းဆီ ပန်းများသည် ခြောက်သွေ့၍ ဝတ်လွှာများပင် ကြွေ၍ကုန်ကြပြီ။ သူသည် ပန်းဖတ်များကို ဆုပ်၍နမ်း ၏။ ရင်ထဲမှာ နည်းနည်းတော့ အေး၍သွားသည်။ သူ့အား ကြင်နာသည့်သူသည် ဤကမ္ဘာတွင် ရှိပေ သေး၏။ ဘယ်သူဆိုသည်ကိုတော့ သူ မသိချင်တော့ပေ။ သိခဲ့လျှင် သံယောဇဉ်ငြိပေဦးမည်။

၁၁ နာရီဆိုလျှင် ရုံးသို့ သွားရတော့မည်။ တရားလိုပြသက်သေ ဦးစိုးမောင်ထွက်ချက်မှာမှ စစ် ဆေး၍ ပြီးခဲ့လေပြီ။

သူ့ထွက်ချက်အရမူ ခင်သန္တာသည် သူ က၍အပြီးတွင် ဦးစိုးမောင်ထံမှ ကား ခဏငှားသည်။ ငှားသည့်အခါတွင် သူသည် ဦးမင်းအောင်နှင့် အင်းလျားတွင် ချိန်းထား၍ သွားတွေ့ရမည်ဖြစ်ကြောင်း၊

mingyobe.com